

# THE TRIAL


## Franz Kafka

# တရားခွင်

ဘုန်းမြင့် (မန္တလေး)



SAMPLE BOOK



FRANZ KAFKA

THE TRIAL

ISBN 9789997136442 C
NW168
9 789997 136442
MMK 13,500.00


SAMPLE BOOK

တရားခွင်၊ ဘုန်းမြင့်(မန္တလေး)
စာမျက်နှာ ၃၂၉+ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)။ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)။ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၂၅၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com



mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ အဖမ်းအဆီး ၇

၂။ ပထမအကြိမ် စစ်ဆေးမေးမြန်းခြင်း ၅၃

၃။ လူရှင်းနေသော တရားခွင်... ကျောင်းသား... ရုံးများ ၇၉

၄။ ဖရော်လိုင်းဘတ်စ်နာ၏ သူငယ်ချင်း ၁၁၅

၅။ အာဏာပါးကွက်သား ၁၂၉

၆။ ကေ၏ဦးလေး လယ်နီ။ ၁၄၁

၇။ ရှေ့နေ၊ လုပ်ငန်းရှင်၊ ပန်းချီဆရာ။ ၁၇၃

၈။ နယ်လှည့်ဈေးသမား–ရှေ့နေကို ထုတ်ပယ်ပစ်ခြင်း ၂၄၅

၉။ ဝတ်ကျောင်းတော်ထဲဝယ် ၂၈၉

၁၀။ နိဂုံး ၃၂၃


❑ ❑ ❑

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com


mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

## အဖမ်းအဆီး

ဂျိုးဇက်ကေနှင့်ပတ်သက်၍ တစ်ယောက်ယောက်က လီဆယ် တိုင်တန်း၍ ဖြစ်မည်။ သူသည် မည်သည့်ပြစ်မှုကိုမျှ မကျူးလွန်ရပါဘဲနှင့် သာယာသော တစ်မနက်ခင်း၌ အဖမ်းခံရသည်။ မနက် ၈ နာရီထိုးသည်နှင့် မနက်စာကို သူ့အခန်းတွင်းသို့ လာပို့တတ်သော အိမ်ရှင်အဒေါ်ကြီး၏ ထမင်းချက်လည်း အခင်းဖြစ်ပွားချိန်တွင် ရှိမနေခဲ့။ ထိုသို့ ပျက်ကွက်ခြင်းမျိုး ယခင်က တစ်ကြိမ်တစ်ခါမျှ ဖြစ်ဖူးခြင်းမရှိ။ ကေ ခေါင်းအုံးနှင့် ခေါင်း မခွာသေးဘဲ မျက်နှာချင်းဆိုင်မှ အဘွားအိုကိုကြည့်ရင်း တစ်အောင့်လောက် စောင့်နေလိုက်သည်။ အဘွားအိုက ထူးခြားမှုကို သိလိုစိတ်နှင့် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည်ဟု ထင်ရသည်။ သို့သော် ဆာဆာနှင့် စိတ်မရှည်နိုင်တော့ဘဲ လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။ ချက်ချင်းဆိုသလို တံခါးခေါက်သံ ထွက်ပေါ်လာပြီး သူတစ်ခါမှ မမြင်ဖူးသေးသော လူစိမ်းတစ်ယောက် အခန်းထဲဝင်ချလာသည်။ ဝတ်စားထားပုံက သပ်ရပ်သားနားသည်။ ခန္ဓာကိုယ်အချိုးအစားကျသည်။ အနက်ရောင်ဝတ်စုံဖြစ်ပြီး ကြေးဝါကြယ်သီးများ၊ ခါးပတ်ခေါင်းများ၊ အိတ်ထောင်များနှင့် ကမ္ဘာလှည့်ခရီးသည် ဝတ်စုံလိုလို။ ဤအဝတ်အစားမျိုးအကြောင်းမဲ့ ဝတ်ထားဟန်တော့မတူ။ သို့သော် ဘယ်နေရာမျိုးမှာ ဘယ်လိုသုံးမည်ဆိုသည်ကိုတော့ဖြင့် တစ်ဦးတစ်ယောက်က ရေရေရာရာ မပြောနိုင်။

"ခင်ဗျား ဘယ်သူလဲ" အိပ်ရာမှ လူးလဲထရင်း ကေက မေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် ထိုလူစိမ်းက သူ ရောက်လာရခြင်း အကြောင်းရင်းကို ရှင်းလင်းပြရန် မလိုအပ်သော အမူအရာမျိုးနှင့် ကေ၏အမေးကို လျစ်လျူရှုလိုက်ပြီး မေးလိုက်သည်။

"ခေါင်းလောင်းတီးလိုက်တာ ခင်ဗျားလား"

"ကျွန်တော့်အတွက် အင်နာ မနက်စာယူလာဖို့ပဲ" ကေက ပြန်ပြောလိုက်ပြီးနောက် နှုတ်ဆိတ်သွားသည်။ ဝင်လာသူ လူစိမ်းကို ဘယ်သူ ဘယ်ဝါဖြစ်လိမ့်မလဲ ဟု အကဲခတ်နေလိုက်သည်။ ထိုလူကလည်း ကြာကြာ အကဲခတ်မခံ။ တံခါးပေါက် အပြင်ဘက်တွင် ကပ်၍ ရပ်နေဟန်ရှိသော လူထံ အစီရင်ခံရန်ရှိသကဲ့သို့ တံခါးကို အနည်းငယ်ဟ၍...

"သူက သူ့အတွက် အင်နာက မနက်စာ ယူလာခဲ့ရမယ်လို့ ပြောနေတယ်"

တစ်ဖက်ခန်းမှ ဝါးခနဲ ပွဲကျသွားသံ ထွက်ပေါ်လာခဲ့သည်။ တစ်ဦးတစ်ယောက်၏ ရယ်သံလား။ အများ၏ သံပြိုင်ရယ်လိုက်သံလား။ ခွဲခြား၍ မသိနိုင်၊ တစ်ဖက်ခန်းမှ အဖြေမရ၍ ဘာလုပ်ရကိုင်ရမှန်းမသိ ဖြစ်သွားခဲ့ရသည့်တိုင် လူစိမ်းက ကေ့အပေါ် တားမြစ်ချက် ထုတ်လိုက်သလိုလို ပြောလိုက်သည်။

"အဲဒါကို ခွင့်မပြုနိုင်ဘူး"

"အတော်ထူးတာပဲ" အိပ်ရာမှ ဆတ်ခနဲထ၍ ဘောင်းဘီကို ကတိုက်ကရိုက် ဝတ်ရင်း ကေက အော်ပြောလိုက်သည်။

"တစ်ဖက်ခန်းထဲ ရောက်နေတာ ဘာတွေမို့လို့လဲ။ တွေ့ကြရသေးတာပေါ့။ ပြီးတော့ ဒီအမယ်ကြီး ဖရောဂရူးဘက်ရှ်လည်း ကျွန်တော့်အကြောင်း သိရစေ့မယ်"

သူ့နှုတ်မှ ဒီစကားမျိုး ပြောလိုက်မိသည်မှာ မှားကြောင်း စကားဆုံးသည်နှင့် တော့ သတိပြုမိလိုက်သည်။ ထိုသို့ပြောလိုက်ခြင်းက သူ့အခန်းထဲ ကျူးကျူးကျော် ကျော် ရှိနေသော လူစိမ်းအား သူ့အပေါ်တွင် အာရုံစူးစိုက်နိုင်သည့် အခွင့်အရေးရှိကြောင်း တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ဝန်ခံရာ ရောက်ရှိသွားစေသောကြောင့် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ထိုသဘောမျိုး အဓိပ္ပာယ်ပေါက်သွားသော လူစိမ်းက ကေ့အား တင်စီးသံနှင့် ပြောလိုက်သည်။

"ခင်ဗျား အခန်းထဲက မထွက်ဘဲနေတာ ကောင်းမယ်"

"ဒီအခန်းထဲမှာတင် ကျွန်တော် အောင်းနေမှာ မဟုတ်သလို ခင်ဗျား ဘယ်သူ ဘယ်ဝါပါဆိုတာကို ခင်ဗျားကိုယ်ခင်ဗျား မိတ်မဆက်မချင်းလည်း ခင်ဗျားအနေနဲ့ တင်တင်စီးစီး ပြောနေတာမျိုးကို ခွင့်ပြုမှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော်လည်း ကောင်းကောင်းသဘောပေါက်ပါတယ်" ဟု လူစိမ်းက ပြန်ပြောလိုက်ပြီးနောက် သူ့သဘောနှင့်သူ တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ ရည်ရွယ်ရင်းထက် ပိုနေးကွေးသော ခြေလှမ်းများဖြင့် ကေသည် တစ်ဖက်ခန်းထဲသို့ ဝင်ရောက်သွားခဲ့သည်။ အခန်းထဲ မျက်စိဝေ့ကြည့်လိုက်သည်နှင့် အရာရာတိုင်းသည် ယမန်နေ့ညဦးပိုင်းက ရှိနေသကဲ့သို့ ခြေရာလက်ရာမပျက်။ ဖရောဂရူးဘက်ရှ် နေထိုင်ရာ အခန်းဖြစ်သည်။ ကော်ဇောတွေ၊ ပရိဘောဂတွေ၊ ဓာတ်ပုံတွေ စသဖြင့် သူ့နေရာနှင့်သူ ပြွတ်သိပ်ညပ်နေသည့်ကြားမှ တစ်မူထူး၍ အခန်းထဲ ဝင်လာသူ ချက်ချင်းမမြင်နိုင်သော နေရာတွင် ရှင်းလင်းထားသည့် ကွက်လပ်ကလေးတစ်ခု ရှိနေသည်။ အဓိက အပြောင်းအလဲကြီးမှာ ဖွင့်ထားသော ပြတင်းပေါက်အနီးတွင် လူတစ်ယောက်ထိုင်စာဖတ်နေပြီး ယခုအခါတွင် သူက မော့ကြည့်လိုက်သည်။

"ခင်ဗျား အခန်းထဲမှာနေဖို့ကောင်းတာပေါ့။ ဖရန့်ဇ်က ခင်ဗျားကို အဲဒီကိစ္စ မပြောဘူးလား"

"ဟုတ်ကဲ့။ ပြောပါရဲ့။ ဒါနဲ့ ခင်ဗျား ဒီနေရာမှာလာပြီး ဘာလုပ်နေတာလဲ"

တံခါးဝတွင် ရပ်ကျန်ရစ်သော ဖရန့်ဇ် ဆိုသူ လူစိမ်းကို ပြန်လှည့်ကြည့်ပြီးနောက် ထိုင်နေသူကို မေးလိုက်သည်။ ဖွင့်ထားသော ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်မှ ဖြစ်ပျက်နေသည်များကို ကောင်းကောင်းမြင်နိုင်ရန် ပြတင်းပေါက်အလယ်သို့ လာရပ်ကြည့်နေသော ဂရူးဘက်ရှ်ကို ကေ လှမ်းမြင်လိုက်ရပါသည်။

"ကျွန်တော် ဂရူးဘက်ရှ်ကို လှမ်းခေါ်လိုက်ရဦးမယ်" ထိုလူနှစ်ယောက်မှာ ကေနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသည့်တိုင် သူက ထိုလူနှစ်ယောက်လက်မှ အလွတ်ရုန်းထွက်သကဲ့သို့ အပြင်သို့ ကမန်းကတန်းကြီးလှမ်းရင်းက ကေက ပြောလိုက်သည်။

"မသွားနဲ့"ပြတင်းပေါက်အနီးမှ လူက လက်ထဲမှ စာအုပ်ကို ပစ်ချ၍ ထရပ်လိုက်ရင်း ပြောလိုက်သည်။

"ခင်ဗျား အပြင်ထွက်လို့ မရတော့ဘူး။ ခုချိန်ကစပြီး ခင်ဗျားကို ကျွန်တော်တို့ ဖမ်းလိုက်ပြီ"

"အဖမ်းခံရတာလို့တော့ အထင်မိသား" ကေက ပြောလိုက်သည်။ ဆက်၍–

"ဒါနဲ့ ဖမ်းတာတော့ ဟုတ်ပါပြီ၊ ဘာအမှုနဲ့လဲ"

"ဘာကြောင့်ဖမ်းတယ်ဆိုတာ ကျွန်တော်တို့မှာ ပြောပိုင်ခွင့် မရှိဘူး။ ခင်ဗျားအခန်း ခင်ဗျားပြန်သွားပြီး အဲဒီကပဲ စောင့်နေပါ။ တရားဝင် စွဲချက်တင်နိုင်ဖို့ စတင်

mgyoe.com

mgyoe.com SAMPLE BOOK
ဆောင်ရွက်မှုတွေ လုပ်နေပါပြီ။ မကြာခင်အတောအတွင်းမှာပဲ ခင်ဗျား ကြားနာရပါလိမ့်မယ်။ အခုလောက်အထိ ပြောပြနေတာကိုကပဲ ကျွန်တော့်အဖို့ လွန်လှပါပြီ။ ဒါပေမဲ့ ကျွန်တော် အခုလို ပြောနေတာကို ဖရန့်ဇ်ကလွဲလို့ ဘယ်သူမှ မကြားနိုင်ပါဘူး။ ပြီးတော့ ဖရန့်ဇ်ကိုယ်တိုင်ကလည်း ညွှန်ကြားချက်ထက်ပိုပြီး ခင်ဗျားအပေါ် လိုက်လျောလွန်းပါတယ်။ တကယ်လို့ ခင်ဗျား အခု ကျွန်တော်တို့လို ဝါဒါမျိုးတွေနဲ့မှ ရွေးပြီး ကျလောက်အောင် ဆက်ကံကောင်းနေဦးမယ်ဆိုရင်တော့ ဇာတ်သိမ်းကောင်းပြီလို့ ခင်ဗျား ယုံကြည်စိတ်ချနိုင်မယ်ပေါ့လေ"

ကေက သူထိုင်နေလိုက်လျှင် ကောင်းမည်ဟု သဘောပေါက်မိသော်လည်း တစ်ခန်းလုံးတွင် ပြတင်းနားရှိ ကုလားထိုင်တစ်လုံးမှလွဲ၍ တခြား ထိုင်စရာ နေရာ မရှိပေ။

"ကျွန်တော်တို့ အခု ပြောပြနေတဲ့စကားတွေဟာ မှန်လှချည်ရဲ့ဆိုတာ ခင်ဗျား မကြာခင်မှာပဲ တွေ့ရပါလိမ့်မယ်" သူ့အဖော်နှင့်အတူ တစ်ပြိုင်နက် ရှေ့တိုးလာသော ဖရန့်ဇ်က ပြောလိုက်သည်။ ကျန်တစ်ယောက်မှာ ဒေါင်ကောင်းလွန်းသဖြင့် ကေ့ကို အပေါ်စီးမှမိုးလျက် ရပ်ရင်း ကေ့ပခုံးကို တဆဆ ပုတ်နေလိုက်သည်။ သူတို့နှစ်ယောက်စလုံးက ကေ၏ ညဝတ်အင်္ကျီကို ကြည့်ရင်း ယခုလိုအခါမျိုးတွင် ယခုထက်ညံ့သော အဝတ်ကိုသာ ဝတ်သင့်တော့ကြောင်း ပြောပြလိုက်သည်။ သို့သော် ယခုဝတ်ထားသော အင်္ကျီအပါအဝင် တခြား ရှပ်အင်္ကျီများကိုပါ သူတို့အနေနှင့် သိမ်းဆည်းထားပေးမည်ဖြစ်ကြောင်းနှင့် အကယ်၍ အခြေအနေကောင်းပြီး အမှုမှ လွတ်လာခဲ့လျှင် ပြန်ပေးမည်ဟု ပြောလိုက်သည်။

"ခင်ဗျားရဲ့ အဝတ်အစားတွေကို ပစ္စည်းထိန်းဆီရောက်မှ အပ်ထားခဲ့တာထက် ကျွန်တော်တို့လက်ကို အပ်ခဲ့တာကမှ တော်ဦးမယ်" သူတို့က ပြောလိုက်သည်။

"ပစ္စည်းထိန်းဆီမှာဆိုရင် အပျောက်အရှ သိပ်များတာ။ ဒါထက် ပိုဆိုးတာက အချိန်ကလေးများ အတော်ကြာသွားပြီဆိုရင်၊ အမှုက တရားသေလွတ်တာ မလွတ်တာ၊ အမှုပြီးပြတ်တာ၊ မပြီးပြတ်တာကို သူတို့က ခေါင်းထဲထည့်စဉ်းစားနေကြတော့တာ မဟုတ်ဘူး။ အကုန်ရောင်းစားပစ်လိုက်ကြတာ။ ပြီးတော့ ခင်ဗျားအမှုက ဘယ်တော့မှ ပြီးပြတ်မယ်ဆိုတာလည်း ခင်ဗျား သိနိုင်တာမှ မဟုတ်တာ။ အထူးသဖြင့် အခုလို အချိန်ခါမျိုးကြီးထဲမှာပေါ့။ ရေရှည်မှာဆိုရင်တော့ ခင်ဗျား ပစ္စည်းထိန်းဆီက ငွေပြန်ရချင် ရပါလိမ့်မယ်။ ဒါပေမဲ့ အမြဲတမ်း ရကြတာတော့ မဖြစ်စလောက်ပဲ။ ဘာပြုလို့

mgyoe.com SAMPLE BOOK
လဲဆိုတော့ သူတို့ရောင်းကြတာက ဈေးအများဆုံးပေးနိုင်တဲ့သူကို ရောင်းတာမှ မဟုတ်တာ။ လာဘ်အများဆုံး ထိုးနိုင်တဲ့သူဆီ ရောင်းပစ်ကြတာ။ ပြီးတော့ ငွေဆိုတာမျိုးကလည်း တစ်နှစ်ကနေ နောက်တစ်နှစ် ကူးသွားပြီး တစ်လက်ကနေ နောက်တစ်လက် ပြောင်းသွားပြီဆိုရင် လျော့လျော့သွားတာမျိုးပဲ မဟုတ်လား"

ကေသည် သူတို့နှစ်ယောက်၏ အကြံပေးချက်ကို ယောင်၍မျှ ခေါင်းထဲမထည့်မိ။ သူသိပ်တန်ဖိုးထားသော သူ့ပစ္စည်းများ အပ်ရေး၊ မအပ်ရေးကလည်း သိပ်အရေးမကြီး။ အရေးကြီးသည်က သူ၏ လက်ရှိအနေအထားကို ပီပီပြင်ပြင် နားလည်သဘောပေါက်ရန်သာ လိုအပ်သည်။ သည်လူနှစ်ယောက် သူ့ဘေးရှိနေမှတော့ စဉ်းစားခန်းထုတ်ဖို့ မလွယ်လှပေ။ သူတို့နှစ်ယောက်သည် ထောင်ဝါဒါများသာ ဖြစ်ကြမည်။ ဖြစ်လည်း ဖြစ်နိုင်သည်။ အရပ်မြင့်မြင့်နှင့် ဝါဒါကြီး၏ စူထွက်နေသော ဗိုက်ကြီးက ခင်မင်သူတွေ အချင်းချင်း နီးနီးကပ်ကပ် ရပ်နေကြလို့ တအိအိလာတိုက်နေတာလိုလို ကေ့ကို လာလာထိနေပြန်သည်။ အကယ်၍သာ ကေ မော့ကြည့်လိုက်မည်ဆိုလျှင် ရွှဲနေသော ဗိုက်ကြီးနှင့် မလိုက်သည့် အရိုးနှင့်ငေါငေါ ပါးချောင်နားချောင်ကျနေသော မျက်နှာကြီးကို တွေ့လိုက်ရမည်။ နှာရောင်ကလည်း ကောက်နေပြီး ကေ့ ခေါင်းပေါ်မှ ကျော်၍ ကျန်ဝါဒါနှင့် သူတို့ အချင်းချင်း ဆွေးနွေးနေကြသယောင်ယောင် ထင်မြင်ရသည်။ ဒီလူတွေ ဘယ်သူတွေဖြစ်ကြမလဲ။ သူတို့အချင်းချင်း ဘာတွေများ ပြောဆိုနေကြပါလိမ့်။ သူတို့တွင် အဘယ်ကဲ့သို့သော အခွင့်အာဏာတွေ ရှိနေကြပေသနည်း။ ကေ နေထိုင်ရာ တိုင်းပြည်သည် ဖွဲ့စည်းအုပ်ချုပ်ပုံရှိသော တိုင်းပြည်တစ်ပြည်ဖြစ်ပြီး အေးအေးချမ်းချမ်း သာသာယာယာနှင့် တရားဥပဒေများကလည်း ခိုင်မာတိကျသည်။ သူ့အိမ်တံစက်မြိတ်ကို ကျော်လွန်ပြီး မည်သူကများ သူ့ကို ကျူးကျူးကျော်ကျော် အိမ်ထဲအထိ ဝင်ရောက်ဖမ်းဆီး ချုပ်နှောင်ခြင်း ပြုဝံ့ပေသနည်း။ အခြေအနေ အလားအလာ မကောင်းသော်မှ နောက်တစ်နေ့တွင် ဖြစ်လာမည့်အရေးကို တွေးတောပူပန်မိခြင်း မဖြစ်စေရန်လည်းကောင်း၊ ဆိုးရွားသည့် အဖြစ်အပျက်မျိုးနှင့် ဒက်ထိကြုံနေရမှ အခြေအနေ ဆိုးရွားလွန်းပါတကားဟု ယုံကြည်မိစေရန်လည်းကောင်း ကေသည် ကြုံတွေ့လာရမည့်အဖြစ်ကို အေးအေးဆေးဆေးနှင့် ရင်ဆိုင်လိုစိတ် အမြဲမွေးထားသူတစ်ယောက် ဖြစ်သည်။ သို့သော် ဤကိစ္စ၌မူ ထိုကဲ့သို့ သဘောထားမျိုး မွေးခြင်းသည် သိပ်ပြီး မှန်ကန်သင့်တော်သော လမ်းစဉ် မဖြစ်နိုင်ပေ။ ဤအဖြစ်ကို နောက်ပြောင်မှုကြီးတစ်ခုဟု သေချာပေါက် မှတ်ယူနိုင်ပေသည်။ အဘယ်ကဲ့သို့သော အကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK
ကြောင့်ဟု မမှန်းဆနိုင်သော်လည်း ဘဏ်မှ သူ၏လုပ်ဖော်ကိုင်ဖက်များက ပေါက်ပေါက်ရှာရှာ ရှာကြံ၍ နောက်ပြောင်လိုက်သော၊ ရိုင်းပျလှသည့် နောက်ပြောင်မှုတစ်မျိုး ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့သည် သူ အသက်သုံးဆယ်တင်းတင်း ပြည့်သောနေ့ ဖြစ်သောကြောင့်ပင် ဖြစ်နိုင်ကောင်းသည်။ သူတို့ ပိပိရိရိ လုပ်ကိုင်ကြံစည်ထားပုံကိုသာ ဖော်ထုတ်၍ ထိုလူနှစ်ယောက်ရှေ့တွင် ရယ်ရယ်မောမော ပြန်လှန်လှောင်ပြောင် ရယ်မောလိုက်လျှင် သူတို့နှစ်ယောက်လည်း ချော်လဲရောထိုင်လုပ်ပြီး လိုက်ရယ်မောကြပေလိမ့်မည်။ ဒီလူနှစ်ယောက်သည် လမ်းပေါ်မှ အလုပ်ကြမ်းသမားများ၊ အထမ်းသမားများ ဖြစ်နိုင်ကောင်းပေသည်။ ရုပ်ရည်ကိုက အလုပ်ကြမ်းသမားရုပ် ပေါက်နေသည်။ မည်သို့ပင်ဖြစ်စေ ကေ့အနေနှင့် လက်ရှိအခိုက်အတန့်တွင် ဒီလူနှစ်ယောက်အပေါ်တွင် အပေါ်စီးရနေသော သူ့အခွင့်အရေးကို လက်လွှတ်ခံ၍ မဖြစ်ပေ။ တစ်ခုတော့ရှိသည်။ နောင်တစ်ချိန်တွင် သူ၏ မိတ်ဆွေအပေါင်းအသင်းများက လှောင်ပြောင်ပြက်ရယ်မှုလေးကိုပင် သူ့အနေနှင့် သည်းခံနိုင်စွမ်းမရှိဟု ဝိုင်းဝန်းပြောဆိုခြင်းကို ခံရစရာအကြောင်းရှိသည်။ သို့သော် သူ့အနေနှင့် အတွေ့အကြုံမှ သင်ခန်းစာယူလေ့ မရှိသည့်တိုင် သိပ်ရေးကြီးခွင့်ကျယ် မဟုတ်သော်လည်း မကြာခဏ အချို့သော ကိစ္စရပ်များတွင် အပေါင်းအသင်းများ၏ အကြံပေးချက်ကို တမင်ရွဲ့၍ မည်သည့်အကျိုးဆက်မျိုး ဖြစ်ပေါ်လာလာ ကေသည် ဆန့်ကျင်ဘက်ပြုလုပ်တတ်သဖြင့် တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ရဖူးသည်။ ထိုအဖြစ်မျိုး နောက်ထပ်မဖြစ်စေရ။ အနည်းဆုံး ယခုတစ်ကြိမ်မှာတော့ အဖြစ်မခံနိုင်။ အကယ်၍ ယခုအဖြစ်သည် ရယ်ရွှင်ဖွယ်ဇာတ်ကွက်ကလေးမျှသာ ဖြစ်ခဲ့လျှင် သူ့အနေနှင့် ပတ်စာခွာ ဖျာသိမ်းထိပါဖို့ စိတ်တင်းထားလိုက်ပြီးဖြစ်သည်။

သို့သော် သူသည် လွတ်လွတ်လပ်လပ်ရှိနေဆဲ ဖြစ်သည်။

"တစ်ဆိတ် ကျွန်တော့်ကို ခွင့်ပြုကြပါဦး" ဝါဒါနှစ်ယောက်ကြားမှ သူ့အခန်းရှိရာသို့ ဖြတ်သွားရင်း ကေက ပြောလိုက်သည်။

"သူ့ကြည့်ရတာ စဉ်းစားချင့်ချိန်တတ်ပုံ ရပါတယ်" သူ့နောက်ကွယ်တွင် ပြောရစ်ကြသော စကားကို ကေ ကြားလိုက်ရသည်။ အခန်းထဲရောက်ရောက်ချင်း သူ့စားပွဲရှိရာသို့ တန်းသွားပြီး အံဆွဲကိုဆွဲဖွင့်လိုက်ရာ ခြေရာလက်ရာမပျက်ဘဲ ရှိနေသေးကြောင်း တွေ့လိုက်ရသည်။ သို့သော် သူ့ကို ထောက်ခံစာပေးနိုင်မည့် စာရွက်စာတမ်းများကို ရှာဖွေရာတွင် စိတ်လောကြီးနေသဖြင့် ရှာမတွေ့နိုင်ဘဲ ဖြစ်နေသည်။ နောက်ဆုံး

mgyoe.com

mgyoe.com

၌ သူ၏ စက်ဘီးလိုင်စင်စာအုပ်ကို တွေ့ရ၍ ယူပြီး ဝါဒါနှစ်ယောက်ရှိရာသို့ ပြန်သွားတော့မည့်ဟန် ပြင်လိုက်သည်။ သို့သော် သူ့လက်တွင် ပါလာသော စက်ဘီးလိုင်စင်မှာ သိပ်အရာဝင်နိုင်မည်မဟုတ်ဟု ထင်ရသဖြင့် သူ၏ မွေးစာရင်း လက်မှတ်ကို တွေ့အောင် ပြန်ရှာလိုက်သည်။ တစ်ဖက်ခန်းထဲ သူပြန်ရောက်သွားသည်နှင့် မျက်နှာချင်းဆိုင်မှ တံခါးမ ပွင့်သွားပြီး ဂရူးဘက်ရှ် အခန်းထဲသို့ ဝင်ချလာခဲ့သည်။ ဂရူးဘက်ရှ်ကို မျက်စိအောက်၌ ခဏသာ ကေ မြင်လိုက်ရသည်။ သူ့ကို မြင်လိုက်သည်နှင့် အဘွားကြီးမှာ မျက်နှာပျက်သွားပြီး မမေးမစမ်းဘဲ ဝင်လာမှုအတွက် ကပျာကယာ တောင်းပန်ပြီး ချက်ချင်း ပြန်ထွက်သွားခဲ့သည်။

"လာလေ ဝင်ခဲ့ပါ" ဟု ကေ့အနေနှင့် ပြောချိန်ရလိုက်ပါသေးသည်။ သို့သော် ကေသည် အခန်းအလယ်၌ စာရွက်စာတမ်းကို ကိုင်၍ ထပ်ပြီး ပွင့်မလာတော့မည့် တံခါးကို ရပ်လျက် ငေးကြည့်နေမိသည်။ ဝါဒါနှစ်ယောက်က လှမ်းအော်လိုက်သဖြင့် သတိဝင်လာပြီး ပြတင်းပေါက်နားမှ ကုလားထိုင်ဆီသို့ လှမ်းကြည့်လိုက်သောအခါ သူ့အတွက် မနက်စာကို အငမ်းမရ မျိုဆို့နေကြကြောင်း တွေ့မြင်လိုက်ရသည်။

"သူ ဘာဖြစ်လို့ အခန်းထဲထိ ဝင်မလာရတာလဲ" ကေက မေးလိုက်သည်။

"ဝင်ခွင့် မပေးလို့ပေါ့" အရပ် ကလန်ကလားနှင့် ဝါဒါက ပြန်ပြောလိုက်သည်။

"ခင်ဗျားကို ဖမ်းထားပြီးပြီပဲဥစ္စာ"

"ဒါနဲ့ ကျွန်တော်က ဘာကြောင့် အဖမ်းခံရမှာလဲ။ အထူးသဖြင့် အခုလို ရယ်စရာကောင်းတဲ့ ပုံစံမျိုးနဲ့ပေါ့။ အဖမ်းခံရမယ် ဟုတ်လား"

"ဩော်၊ အခု ခင်ဗျားက အစက ပြန်ကောက်ပြန်ပြီပေါ့ ဟုတ်လား" ထောပတ်သုတ်ထားသော ပေါင်မုန့်ပါးတစ်ချပ်ကို ပျားရည်အိုးတွင် စိမ်လိုက်ရင်း ဝါဒါတစ်ယောက်က ပြန်ပြောလိုက်သည်။

"အဲသလို အမေးမျိုးကို ကျွန်တော် ပြန်ဖြေလေ့မရှိဘူး။ ဖြေရမှာက ခင်ဗျားတို့" ဟု ကေက ပြောလိုက်ပြီး "ရော့...ဟောဒီမှာ ကျွန်တော်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ၊ ခင်ဗျားတို့နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကော ဘယ်မလဲ။ ဒါထက် ဖမ်းမိန့်ဝရမ်း အရင်ထုတ်ပြကြစမ်းပါဦး"

"ဩော်...လာလာချည်သေး" ဝါဒါက ပြောလိုက်သည်။ "တကယ်လို့ ခင်ဗျား ဘယ်အခြေမျိုး ဆိုက်နေရတယ်ဆိုတာကို နားလည်မယ်ဆိုရင်၊ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကို စိတ်ကသိကအောက်ဖြစ်အောင်လုပ်ဖို့ မကြိုးစားတော့ဘူးဆိုရင်၊ ဒီမယ်

ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူတွေထဲမှာ ခင်ဗျားနဲ့ အနီးဆုံးရှိနေတဲ့ ကျွန်တော်တို့ဟာ..."

"ဟုတ်တယ်...ခင်ဗျား သူပြောသွားတဲ့ စကားကို ယုံကြည်စိတ်ချနိုင်ပါတယ်" လက်ထဲကိုင်ထားသော ကော်ဖီပန်းကန်ကို နှုတ်ခမ်းဖြင့် မတေ့လိုက်သေးဘဲ ထူးခြားပြီး နားလည်ရန် ခက်သော အကြည့်မျိုးဖြင့် ကေ့အား အတော်ကြာကြာ စိုက်ကြည့်ရင်း ဖရန့်ဇ်က ပြောလိုက်သည်။ ကေ့စိတ်ထဲက လိုလိုလားလား မရှိပါဘဲနှင့် အခြေအနေက ပို့ပေးမှုကြောင့် ဖရန့်ဇ်နှင့် အကြည့်ချင်း စကားပြောလိုက်မိသော်လည်း ယူဆောင်လာခဲ့သော စာရွက်စာတမ်းများကို လက်နှင့်ပုတ်၍ ကေက ထပ်လောင်းပြောလိုက်သည်။

"ဒီမယ် ကျွန်တော်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ"

"ခင်ဗျား စာရွက်စာတမ်းတွေက ကျွန်တော်တို့အဖို့ ဘာအရေးလဲ" အရပ်ရှည်ရှည်နှင့် ဝါဒါက ကျယ်ကျယ်လောင်လောင်ကြီး ပြောလိုက်သည်။

"ခင်ဗျားဟာ နားမလည်တတ်သေးတဲ့ ကလေးထက်တောင် ပိုဆိုးနေပါသေးလား။ ခင်ဗျားက ဘာပြုလို့ ဒါလောက်ထိ မေးနေရတာလဲ။ ကျွန်တော်တို့ကို အစ်အောက်နေတာနဲ့ ခင်ဗျားအမှုကို မြန်မြန်ပြီးပြတ်အောင် လုပ်နိုင်လိမ့်မယ်လို့ ခင်ဗျားစိတ်ထဲမှာ ထင်နေသလား။ ခင်ဗျားကို စောင့်နေတဲ့ ဝါဒါတွေ၊ စာရွက်စာတမ်းတွေ၊ ဝရမ်းအမိန့် စသဖြင့်ပေါ့လေ။ ကျွန်တော်တို့ဟာ ရိုသေကျိုးနွံမှုရှိတဲ့ လက်အောက်ငယ်သားတွေပါ။ ဘာဘာညာညာ သိပ်နားလည်တာမဟုတ်ဘူး။ ခင်ဗျားအမှုနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့က အနေသာကြီးပါ။ ခင်ဗျားကို တစ်နေ့ ဆယ်နာရီ စောင့်ကြည့်နေပြီး အချိန်တန်ရင် လခထုတ်ဖို့ပဲ။ ကျွန်တော်တို့အလုပ်က ဒါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ကို အုပ်ချုပ်နေတဲ့ အာဏာပိုင်တွေနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ လူတစ်ယောက်ကို ဖမ်းဖို့ အမိန့်မထုတ်ခင် အဲဒီလူနဲ့ ပတ်သက်ပြီး ဖမ်းနိုင်လောက်တဲ့ သတင်းအချက်အလက် အကုန်ရရှိထားပြီးသားပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ အမှားအယွင်း အချွတ်အချော် မရှိပါဘူး။ ကျွန်တော်တို့ရဲ့ အထက်အရာရှိကြီးတွေဟာ ကျွန်တော်တို့ သိရသလောက်ပေါ့လေ...သိတယ်ဆိုတာကလည်း အနိမ့်ဆုံးအတန်း အရာရှိငယ်လေးတွေလောက်ကိုသာ ပြောတာပါ။ သူတို့တစ်တွေဟာ လူထဲသူထဲဆင်းပြီး ရာဇဝတ်မှုတွေ နောက်လိုက်နေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ တရားဥပဒေက ထုတ်ပြန်ထားတဲ့ ပုဒ်ထီး ပုဒ်မဆိုတဲ့ လက်တံရှည်ကြီးတွေဟာ အပြစ်ရှိသူနောက်ကိုလိုက်ပြီ။ အဲဒီအခါမှာ ကျွန်တော်တို့လို ဝါဒါတွေကို

mgyoe.com

mgyoe.com
လွှတ်ပြီး အလိုက်ခိုင်းလိုက်တာပဲ။ အဲဒါဟာ တရားဥပဒေပဲပေါ့။ ဘယ်မှာလာပြီး အမှားအယွင်း ရှိနိုင်ပါဦးမလဲ"

"ဒီတရားဥပဒေကြီးဆိုတာကိုတော့ ကျွန်တော် မသိဘူး" ကေက ပြောလိုက်သည်။

"အဲဒါ ခင်ဗျားအဖို့ ကိုယ်ကျိုးနည်းတာပဲ" ဝါဒါက ပြောလိုက်သည်။

"ဒါကလည်းဗျာ ဘယ်မှာမှမရှိဘဲ ခင်ဗျားရဲ့ ခေါင်းထဲမှာပဲ ရှိနေမယ့် ဥပဒေမျိုး ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်" ကေက ပြောလိုက်သည်။

ကေသည် ဝါဒါနှစ်ယောက်၏ စိတ်ရင်းကို တစ်နည်းမဟုတ် တစ်နည်းဖြင့် အစ်အောက်ပြီး သူ့အတွက် အကျိုးရှိလာအောင် လှည့်ပတ်၍ ခေါင်းရှုပ်သွားအောင် လုပ်လိုစိတ် သို့မဟုတ် သူတို့နှစ်ယောက်နှင့် လက်ပွန်းတတီး ဖြစ်သွားအောင် လုပ်လိုစိတ်ရှိသည်။ သို့သော် စိတ်ပျက်အားလျော့ဖွယ် လေသံနှင့် ဝါဒါက ပြောလိုက်သည်။

"ဒါ ခင်ဗျားဟာ ဆန့်ကျင်ဘက်ပြုတာပေါ့လေ"

ဖရန့်ဇ်က ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

"တွေ့လား ဝီလျံ၊ တရားဥပဒေကို သူ မသိပါဘူးလို့ ဝန်ခံပြီးတာတောင် သူ့မှာ အပြစ်မရှိပါဘူး စောဒက တက်နေသေးတယ်"

"မင်းပြောတာ မှန်တယ်။ ဒါပေမဲ့ ဒီလိုလူစားမျိုးကို နားလည်သဘောပေါက်လာအောင် မင်း ဘယ်တော့မှ ပြောလို့ဆိုလို့ရမှာ မဟုတ်ဘူး" အဖော်ဖြစ်သူက ပြန်ပြောလိုက်သည်။

ကေက ရှေ့ဆက်ပြီး ဘာဘာညာညာ ပြောမနေတော့။ "ဒီအခစားတွေနဲ့ တောင်စဉ်ရေမရ စကားတွေလျှောက်ပြောပြီး အခြေအနေကို ပိုပြီး ဆိုးရွားရှုပ်ထွေးအောင် ငါ လုပ်နေရဦးမှာလား" ဟု ကေက တွေးမိလိုက်သည်။ သူတို့နှစ်ယောက်ဟာ အစောင့်ဝါဒါဖြစ်တာကလွဲလို့ ဘာမှမဟုတ်ပါဘူးလို့ သူတို့ ဝန်ခံခဲ့ပြီပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ဟာသူတို့ နားမလည်နိုင်တဲ့ အကြောင်းအရာကို ပြောဆိုနေကြတာပဲ။ သူတို့ကို ပိုင်ပိုင်နိုင်နိုင် စိတ်ချလက်ချ ပြောနိုင်အောင် အထောက်အကူပေးတဲ့ အကြောင်းတရားက ရိုးစင်းတဲ့အမှုပဲဖြစ်တယ်။ ငါနဲ့ တန်းတူရည်တူ တစ်ယောက်လောက်နဲ့သာ ပြောရဆိုရရင် ဒီနှစ်ယောက်နဲ့ နာရီပေါင်းများစွာ ကြာတဲ့အထိ စကားကို လက်ဝင်အောင် ပြောဆိုနေရတာထက် ပိုပြီး ခရီးရောက်နိုင်တယ်"

ကေက အခန်းထဲတွင် လွတ်နေသော နေရာ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ
mgyoe.com

mgyoe.com SAMPLE BOOK

မိပြန်သည်။ လမ်းတစ်ဖက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ အမယ်အိုက သူ့ထက် ပိုအိုစာသော အဘိုးအိုကို ခါးမှ ဖေးကူ၍ ပြတင်းပေါက်ရှိရာသို့ တွဲခေါ်လာနေကြောင်း တွေ့မြင်လိုက်ရသည်။ တောင်မရောက် မြောက်မရောက်နှင့် ရယ်စရာအဖြစ် အဆုံး သတ်ချိန်တန်ပြီဖြစ်ကြောင်း ကေ တွေးမိလိုက်သည်။

"ကဲ...ခင်ဗျားတို့ အထက်အရာရှိဆီကို ကျွန်တော့်ကို ခေါ်သွားပါဗျာ" ကေက ပြောလိုက်သည်။

"သူ အမိန့်မပေးခင် အရင်ခေါ်မသွားနိုင်ဘူး" ဝီလျံဆိုသော ဝါဒါက ပြန်ပြော လိုက်သည်။ သူကပင် ဆက်၍–

"ကျွန်တော် ခင်ဗျားကို အခု အကြံပြုချင်တာက ခင်ဗျား အခန်းထဲပြန်သွားပြီး ငြိမ်ငြိမ်လေး ထိုင်နေချေပါ။ ခင်ဗျားနဲ့ ပတ်သက်လို့ ဘယ်လိုဆုံးဖြတ်ချက် ချမယ်ဆို တာကို စောင့်ရင်းနဲ့ပေါ့။ ကျွန်တော်တို့ မှာချင်တာက ခေါင်းအရှုပ်ခံပြီး တောင်တောင် အီအီ လျှောက်စဉ်းစားမနေပါနဲ့။ ဒါပေမဲ့ ခင်ဗျား ကိုယ့်အင်အားကိုယ် တွက်ချက် ထားပါ။ ဘာပြုလို့လဲဆိုတော့ ခင်ဗျားအပေါ် အကြီးအကျယ် တောင်းဆိုကြလိမ့်မယ်။ ခင်ဗျားအပေါ်မှာ ညှာညှာတာတာနဲ့ ကျွန်တော်တို့ ဆက်ဆံနေကြတာကိုလည်း ခင်ဗျား အခုအချိန်အထိ ကောင်းကောင်းမွန်မွန် မတုံ့ပြန်သေးဘူး။ ကျွန်တော်တို့ဟာ ဘာတွေပဲဖြစ်နေနေ ခင်ဗျားနဲ့စာလိုက်ရင် အနည်းဆုံးတော့ ကျွန်တော်တို့ဟာ လွတ် လပ်တဲ့လူတွေပဲဆိုတဲ့ အချက်ကို ခင်ဗျား မေ့နေတယ်။ ဒီအချက်ဟာ သေးဖွဲတဲ့ ကိစ္စရပ်မျိုး မဟုတ်ဘူးနော်။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ပြင်ဆင်ထားပြီးသားပါ။ တကယ်လို့ ခင်ဗျားမှာ ပိုက်ဆံရှိတယ်ဆိုရင်တော့ မျက်နှာချင်းဆိုင်က လက်ဖက်ရည် ဆိုင်က မနက်စာလေး ဘာလေး မှာစားထားပေါ့"

ကမ်းလှမ်းချက်ကို တုံ့ပြန်ခြင်းမပြုသေးဘဲ ကေသည် အချိန်အတော်ကြာသည် အထိ ရပ်မြဲ ရပ်နေမိခဲ့သည်။ အကယ်၍သာ သူက တစ်ဖက်ခန်း၏ တံခါးမကို ဖွင့်ခဲ့လျှင် သို့မဟုတ် ခန်းမရှိရာ တံခါးပေါက်ကို ဖွင့်ခဲ့လျှင် ဝါဒါနှစ်ယောက်က သူ့ကို မတားဆီးဝံ့ဘဲ ရှိချင်ရှိနေပေလိမ့်မည်။ သို့မဟုတ် အရိုးစင်းဆုံး ဖြေရှင်းမှုတစ်ရပ် ဖြစ်ကောင်းဖြစ်သွားပေလိမ့်မည်။ သို့မဟုတ် ပြဿနာ ခေါင်ခိုက်သွားစေနိုင်သည်။ သို့သော် သူ ထွက်သွားလျှင် သူတို့နှစ်ယောက်က တားမြစ်ပိတ်ပင်ချင် ပိတ်ပင်မည်။ အကယ်၍ တားဆီးပိတ်ပင်မှုသာ ခံလိုက်ရပါက အပေါ်စီးမှ ရရှိနေသော လက်ရှိအခြေ အနေကို လက်လွှတ်လိုက်ရတော့မည် ဖြစ်သည်။ မြန်မြန်ဆန်ဆန်ကြီး အဖြေပေါ်လာ

mgyoe.com

mgyoe.com SAMPLE BOOK

မည့်အစား သူသည် လက်ရှိ ဖြစ်ပေါ်နေသော အကြောင်းတရားများအရ သေချာပေါက် ဖြစ်ပေါ်လာမည့် အကျိုးတရားကြောင့် ကေသည် စကားတစ်ခွန်းမှ ဆက်မပြောတော့ဘဲ သူ့အခန်းရှိရာသို့ ပြန်လာခဲ့သည်။ ဝါဒါများကလည်း စကားတစ်ခွန်းမှ မဟကြ။

ကေသည် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်ပြီး ယမန်နေ့ညက မနက်စာအဖြစ် ချန်ထားခဲ့သော ပန်းသီးနီနီလေးတစ်လုံးကို ကြွေခွက်ပေါ်မှ လှမ်းယူလိုက်သည်။ မနက်စာအဖြစ် ပန်းသီးတစ်လုံးဖြင့်သာ ကိစ္စပြီးရပေတော့မည်။ သို့သော် မည်သို့ပင်ဖြစ်စေ ဝါဒါများက ခွင့်ပြုသော ညစ်ညစ်ပတ်ပတ် ကဖေးဆိုင်မှ အစားအသောက်ထက် သာလွန်ကောင်းမွန်ကြောင်း ပန်းသီးကို တစ်ကိုက်နှစ်ကိုက် ကိုက်လိုက်ကတည်းက သိလိုက်သည်။ သူသည် အားအင်ပြည့်တင်းပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု ရှိလာသည်။ ယနေ့မနက် ဘဏ်မှာ လုပ်စရာရှိသည့် သူ့အလုပ်များကို လုပ်ခွင့်မရတော့မည်မှာ သေချာသည်။ သို့သော် ဘဏ်၌ သူ့လို အရေးပါသော နေရာဌာနမျိုး ရရှိထားသော လူတစ်ယောက်အဖို့ ထိုကိစ္စကလေးများသည် အသေးအဖွဲ ကိစ္စလေးမျှသာဖြစ်သည်။ အလုပ်ပျက်ရခြင်း အကြောင်းရင်းမှန်ကို သူ တင်ပြဝံ့ပါ့မလား။ ကေက တွေးမိလိုက်သည်။ အကယ်၍ လက်ရှိ အခြေအနေမှာ နားမလည်နိုင်စရာ ဖြစ်နေသဖြင့် သူ၏ ထုချေလွှာကို အထက်အရာရှိကြီးများက မယုံကြည်နိုင်ဘဲ ဖြစ်နေခဲ့လျှင် ဂရူးဘက်ရှ်ကို ခေါ်ပြီး သက်သေအဖြစ် သူပြနိုင်သည်။ သို့မဟုတ် သူ့အခန်းနှင့် တည့်တည့်ရှိ ပြတင်းပေါက်နားတွင် လမ်းသလားနေကြသော သတ္တဝါအိုကြီး နှစ်ယောက်ကို သက်သေပြနိုင်သေးသည်။ သူ့ကို အခန်းထဲ ပြန်ပို့ထားသဖြင့် သူ့ကိုယ်သူ အဆုံးစီရင်ခွင့်ပေးထားသလို ဖြစ်နေသောကြောင့် ဝါဒါနှစ်ယောက်၏ သဘောထားကို ကေအံ့အားသင့်နေမိသည်။ ထို့နောက် ယခုလို ထွက်ပြေး၍ရော ဖြစ်နိုင်ခြင်း ရှိ၊ မရှိ သူ့ကိုယ်သူ ပြန်သုံးသပ်နေမိပြန်သည်။ အဘယ်ကြောင့်ဆိုသော် ဝါဒါနှစ်ယောက်မှာ တစ်ဖက်ခန်းထဲတွင် ရှိနေကြပြီး သူ၏ မနက်စာကို ကြားဖြတ်ယူငင် စားသောက်ပစ်လိုက်ကြသည် မဟုတ်သလော။ အကယ်၍ သူ့စိတ်ထဲ၌ မိမိကိုယ်မိမိ အဆုံးစီရင်ချင်စိတ် ရှိနေခဲ့လျှင်သော်မှ ထိုသို့ အဆုံးစီရင်ခြင်းသည် အဓိပ္ပာယ်မဲ့သော လုပ်ရပ်တစ်ခုမျှသာ ဖြစ်သည်။ သူ့အနေနှင့် မိမိကိုယ်မိမိ အဆုံးမစီရင်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အဓိပ္ပာယ်မဲ့လွန်းသောကြောင့် ဖြစ်သည်။ အကယ်၍ ဝါဒါနှစ်ယောက်၏ အသိတရား ခေါင်းပါးမှုသည် သိပ်မလွန်ကဲခဲ့လျှင် သူ့ကို အခန်းထဲ၌ တစ်ယောက်တည်း လွှတ်ပေး

mgyoe.com

ထားခြင်းသည် သိပ်အန္တရာယ် မရှိလှကြောင်း သူ့လိုပင် တွေးမိကြပေလိမ့်မည်ဟု ထင်မြင်ရသည်။ သူတို့သည် ယခုအခါတွင် ကေ့ လုပ်ရပ်များကို စောင့်ကြည့်နိုင်ကြပြီ ဖြစ်သည်။ ကေသည် အခန်းထဲရှိ ဗီရိုငယ်အတွင်းမှ အကောင်းစား ဘရန်ဒီပုလင်းကို ထုတ်ယူ၍ မနက်စာအတွက် မော့လိုက်ပြီး လျှာသွက်အာသွက် ဖြစ်လာစေရန် နောက်တစ်ခွက် ထပ်မော့ချလိုက်ပြန်သည်။ လိုအပ်ချင် လိုအပ်လာမည်ဖြစ်သဖြင့် နောက်ဆုံး တစ်ခွက်စာကို လိုရမည်ရ ချန်ထားလိုက်သည်။

ဖန်ခွက်နှင့် သွားများ ဂတ်ဂတ်ခတ်မိသွားအောင် တုန်လှုပ်ချောက်ချားသွားစေသော အော်သံကြီးတစ်သံ တစ်ဖက်ခန်းထဲမှ ထွက်ပေါ်လာသည်။

"အင်စပက်တော်မင်းက တွေ့ချင်လို့တဲ့ဟေ့" အော်သံ၏ အဓိပ္ပာယ်မှာ ထို အတိုင်းဖြစ်သည်။ သူ့ကို လန့်ဖျပ်သွားစေသည့် စစ်တပ်မှ အမိန့်ပေးသံလို အသံသြ အသံပြတ် ဖြစ်သည်။ ဘယ်တော့မှ မနှစ်မြို့နိုင်မည့် ဝါဒါဖရန့်ဇ်၏ အသံဖြစ်သည်။ အမှန်တကယ်တွင်မူ အမိန့်ပေးသံမှာ သူ့ကို ဖိတ်ခေါ်လိုက်ခြင်းမျှသာ ဖြစ်သည်။

"လာပြီဗျို့" သူက ဗီရိုလေးကိုပိတ်ရင်း ပြန်ထူးလိုက်ပြီး တစ်ဖက်ခန်းဘက်သို့ ကတိုက်ကရိုက် ကူးလိုက်သည်။ အခန်းထဲတွင် ဝါဒါနှစ်ယောက်က အသင့်အနေအထားနှင့် ရပ်လျက်ရှိနေကြပြီး ကေ့ကို သူ့အခန်းထဲ ပြန်တွန်းထည့်၍–

"ခင်ဗျား ခေါင်းထဲမှာ ဘာတွေများ တွေးနေရတာလဲ" သူတို့က အော်လိုက်ကြသည်။

"ခင်ဗျားက မဖွယ်မရာ ရှပ်အင်္ကျီလေးနဲ့ အင်စပက်တော်မင်းကို ထွက်တွေ့မယ် ပေါ့။ ဝတ်စုံလေး ဘာလေးနဲ့ သပ်သပ်ရပ်ရပ် ရှိမှပေါ့"

"ဒီပုံစံနဲ့ဆိုရင် ခင်ဗျားရော ကျွန်တော်တို့ရော ရေရေလည်လည် နားအုံအကျင်း ခံရပြီသာမှတ်"

"ဖယ်ကြစမ်းပါ" အဝတ်အစား ဗီရိုရှိရာသို့ တွန်းခေါ်လာခြင်း ခံရသော ကေက ပြန်အော်လိုက်သည်။

"ခင်ဗျားတို့ပဲ ကျွန်တော့်ကို အိပ်ရာထဲက ဆွဲထုတ်လာကြတာ မဟုတ်လား။ ဒါနဲ့များ ကျွန်တော့်ကို ဝတ်စုံအပြည့်နဲ့ တွေ့ရလိမ့်ဦးမယ်လို့ ခင်ဗျားတို့က မျှော်လင့်ထားကြသေးတယ်။ အံ့ရောဗျာ"

"ဒီမယ် အပိုတွေ ပြောမနေနဲ့၊ အလကားပဲ" အမှန်တကယ်တွင်တော့ စိတ်ပျက်သွားသည့် ဤနည်းမျိုးဖြင့် ကေ့စိတ်ကို တွေဝေရှုပ်ထွေးသွားစေရန် သို့မဟုတ် စိတ်

mgyoe.com

 mgyoe.com SAMPLE BOOK 

များ ပြန်လည်အနည်ထိုင်သွားစေရန်ဖြစ်မည်။ ကေက အသံမြှင့်လိုက်သည်နှင့် အမြဲတည်ငြိမ်သွားတတ်သော ဝါဒါက ပြောလိုက်သည်။

"အတော်ပေါကြောင်ကြောင်နိုင်တဲ့ သတ်မှတ်ချက်တွေပဲ" ကေ အလိုမကျသံကြီးဖြင့် ညည်းလိုက်သည်။ သို့သော် ချက်ချင်းဆိုသလို ကုလားထိုင် နောက်မှီတွင် ချိတ်ထားသော အပေါ်ဝတ် ကုတ်အင်္ကျီကို ဆွဲယူလိုက်သည်။ ကေ ချက်ချင်း မဝတ်သေးဘဲ ဝါဒါနှစ်ယောက်ထံမှ ထောက်ခံချက် တောင်းသကဲ့သို့ ကုတ်အင်္ကျီကို လက်နှစ်ဖက်ဖြင့် အတော်ကြာသည်အထိ မြှောက်ပြထားလိုက်သည်။ သူတို့က ခေါင်းကို ခါယမ်းပြလိုက်သည်။

"အနက်ရောင် ကုတ်အင်္ကျီမှ" သူတို့က ပြောလိုက်သည်။

ဤတွင် ကေက လက်ထဲမှ ကုတ်အင်္ကျီကို ကြမ်းပြင်ပေါ် လွှင့်ပစ်လိုက်ပြီး ဘာအဓိပ္ပာယ်မှန်း မသိဘဲနှင့် သူ့နှုတ်မှ–

"ဒါပေမဲ့ ဒါဟာ အဓိက စွဲချက်ကြီး မဟုတ်သေးဘူး မဟုတ်လား"

ဝါဒါနှစ်ယောက်က ပြုံးနေလိုက်ကြသည်။ သို့သော် အလျှော့မပေး။

"ကုတ်အင်္ကျီအနက်ဝတ်မှ ဖြစ်မယ်"

"တကယ်လို့ ကျွန်တော်တို့ကိစ္စ မြန်မြန်ပြီးပြတ်မယ်ဆိုရင် ဒါဟာ အရေးမကြီးပါဘူး" ကေက ပြန်ပြောရင်း အဝတ်အစားဗီရိုကို ဖွင့်လိုက်သည်။ သူ၏ မြားမြောင်လှသော ဝတ်စုံများအနက်မှ အနက်ရောင်ကို အချိန်အတော်ကြာအောင် ရှာဖွေယူရသည်။ အကောင်းဆုံး အနက်ရောင်ဝတ်စုံကို ထုတ်ယူလိုက်သည်။ နေ့လယ်နေ့ခင်း လူထဲသူထဲသွားသောအခါ ဝတ်သော ဝတ်စုံမျိုးဖြစ်ပြီး လှပလွန်းသဖြင့် ဝါဒါနှစ်ယောက်မှာ မျက်စိကျလျက်ရှိနေကြသည်။ ထို့နောက် ကေက ရှပ်အင်္ကျီတစ်ထည်ကို ယူလိုက်ပြီး ကျကျနနဖြစ်အောင် သေသေချာချာ ဂရုစိုက် ဝတ်လိုက်သည်။

ဝတ်စုံပြည့် ဝတ်ဆင်ပြီးသွားသောအခါ ကေသည် ယခုအခါတွင် လူရှင်းနေပြီဖြစ်သော တစ်ဖက်ခန်းထဲသို့ ခြေသံပြင်းပြင်း လျှောက်တတ်သော ဝီလျံနှင့်အတူဖြတ်၍ တံခါးရွက်နှစ်ချပ်ကို ဟင်းလင်းဖွင့်ထားသည့် ကပ်လျက် အခန်းထဲသို့ သွားကြရမည်ဖြစ်သည်။ ဤအခန်းကို ကေ ကောင်းကောင်းသိသည်။ မကြာသေးမီက လက်နှိပ်စက် စာရေးမ ဘတ်စ်နာ နေထိုင်သော အခန်းဖြစ်သည်။ မနက်အစောကြီး အခန်းမှ ထွက်၍ ညကြီးမိုးချုပ်မှ အလုပ်က ပြန်လာလေ့ရှိသူ ဖြစ်သည်။ ဖြတ်သွားဖြတ်လာဆုံမိကြရာတွင် ကေနှင့် ဘတ်စ်နာတို့ စကားစမြည် ပြောဖူးသည်။ အိပ်ရာနံဘေးမှ

mgyoe.com

ညစာကြည့်စားပွဲကို အခန်းအလယ်သို့ ရွှေ့ချထားပြီး အင်စပက်တာက ထိုင်လျက်ရှိသည်။ ကုလားထိုင် နောက်မှီပေါ် လက်တစ်ဖက်တင်ထားပြီး ခြေနှစ်ချောင်း ချိတ်၍ ထိုင်နေသည်။

အခန်းထောင့်တွင် ချိတ်ထားသော ဘတ်စ်နာ၏ ဓာတ်ပုံများကို လူငယ်သုံးယောက်က ရပ်ရင်း ငေးကြည့်နေကြသည်။ ဘလောက်စ်အင်္ကျီလေးမှာ ပြတင်းပေါက်တွင် တိုးလိုးတန်းလန်း။ ပြတင်းပေါက်သို့ သွားရာလမ်းကို သတ္တဝါနှစ်ကောင်က ပိတ်ဆို့ကာဆီးထားသည်။ သို့သော် သူတို့မှာ အဖွဲ့တောင့်နေခဲ့ပြီ။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်၏ နောက်ဘက်တွင် သူတို့ကို အုပ်မိုးလျက်ရှိသော ပခုံးကြီးများပေါ်မှ ခေါင်းကြီးတစ်လုံးကို တွေ့လိုက်ရသည်။ ထိုရပ်လျက်ရှိသော လူကြီးမှာ အင်္ကျီလည်ပင်းကြယ်သီး ဖွင့်ထားပြီး နီကြင့်ကြင့် မုတ်ဆိတ်မွေးများကို သပ်လိုက်၊ လိမ်လိုက် လုပ်နေသည်။

"ဂျိုးဇက်ကေဆိုတာ ထင်ပါရဲ့" ဟိုဟိုသည်သည် ကြည့်မိနေသော ကေ၏ စိတ်အာရုံကို သူ့အပေါ် စူးစိုက်လာစေရန် အင်စပက်တာကြီးက မေးလိုက်သည်။ ကေက ခေါင်းညိတ်ပြလိုက်သည်။

"မင်းအနေနဲ့ ဒီနေ့ မနက်ခင်းမှာ ဖြစ်ပွားရတဲ့အမှုအတွက် သိပ်ကို အံ့သြမိနေမှာပဲလို့ ထင်ရတာပဲ၊ ဟုတ်တယ် မဟုတ်လား"

စားပွဲပေါ်တွင်ရှိနေသော ဖယောင်းတိုင်၊ မီးခြစ်ဘူး၊ စာအုပ်၊ ပင်းအပ်စိုက်ဖုံ့စသည်တို့ကို စစ်ဆေးမေးမြန်းရာတွင် လိုအပ်သော အရာများဖြစ်လေဟန်နှင့် နေသားတကျဖြစ်အောင် လက်ကြီးနှစ်ဖက်ဖြင့် ဟိုရွှေ့ဒီရွှေ့လုပ်ရင်းက အင်စပက်တာကြီးက မေးလိုက်သည်။

"သိပ်ဟုတ်တာပေါ့ ခင်ဗျာ" ပြဿနာကို ဖြေရှင်းပေးနိုင်မည့် အသိဉာဏ်ရှိသူတစ်ယောက်နှင့် ဆွေးနွေးခွင့်ရတော့မည်အထင်နှင့် စိတ်သက်သာရာရသွားပြီး ပြန်ပြောလိုက်သည်။

"တကယ်ပါ၊ ကျွန်တော် သိပ်ကို အံ့အားသင့်သွားခဲ့ပါတယ်။ ဒါပေမဲ့ သိပ်ပြီး အံ့အားသင့်စရာအကြောင်းတော့ မရှိပါဘူး"

"ဒါဖြင့် မင်းက အကြီးအကျယ် မအံ့သြဘူးပေါ့" ဖယောင်းတိုင်ကို စားပွဲအလယ်တွင် စိုက်ထောင်လိုက်ပြီး တခြားပစ္စည်းများကို ဖယောင်းတိုင် ပတ်ပတ်လည်သို့ ရွှေ့ရင်း အင်စပက်တာကြီးက မေးခွန်းထုတ်လိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဒါဟာ အင်စပက်တော်မင်းအနေနဲ့ ကျွန်တော့်အပေါ်မှာ အမြင်မှားသွားတာ ဖြစ်ပါလိမ့်မယ်" ကေက အလျင်အမြန် ဆက်ပြောလိုက်သည်။ "ကျွန်တော် ဆိုလိုတာ က..." ဤတွင် ကေက စကားရပ်ထားလိုက်ပြီး စားပွဲတွင် ဝင်ထိုင်ရန် ကုလားထိုင် ကို ရှာလိုက်မိသည်။

"ကျွန်တော် စားပွဲမှာ ဝင်ထိုင်ခွင့်ရမလားလို့ မေးပါရစေ" ကေက ပြောလိုက် သည်။

"ထုံးစံမရှိဘူးဟေ့" အင်စပက်တာကြီးက ပြန်အော်လိုက်သည်။

"ကျွန်တော် ဆိုလိုတာက" ကေက ခုံကိစ္စကို ဆက်ပြောမနေတော့ဘဲ

"ကျွန်တော် သိပ်ကို အံ့အားသင့်သွားခဲ့ပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ ဘဝရှင်သန်ရပ်တည်ရေးအတွက် အနှစ်သုံးဆယ်လုံးလုံး လှုပ်ရှားရုန်းကန်ခဲ့ရတဲ့ အခါ မျိုးမှာ၊ အခု ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ ဘဝမျိုးပေါ့။ အဲဒီအခါမှာ လူဟာ ပြဿနာ မျိုးစုံနဲ့ အဖန်တစ်ရာ တေခဲ့ရပြီမို့ ထုသားပေသားကျပြီး အံ့သြစရာတွေလည်း သိပ် တုန်လှုပ်မိတော့မှာ မဟုတ်ဘဲ သိပ်လည်း အရေးတကြီးရှိတော့မှာ မဟုတ်ဘူး။ အထူးသဖြင့် အခုမနက်မှာ ကြုံလိုက်ရတဲ့ အဖြစ်မျိုးကိုပေါ့"

"ဘာကြောင့် ဒီကနေ့မနက် ကြုံရတဲ့ အဖြစ်ကိုလဲ"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင် လုပ်ဆောင်ထားမှုတွေဟာ ပိုလွန်း တယ်လို့ ထင်ရပေမဲ့ ကျွန်တော့်အနေနဲ့ အခု ဖြစ်ရပ်အားလုံးကို ပျော်စေပြက်စေ အမှုမျိုးလို့ ကျွန်တော် မပြောလိုပါဘူး။ ဒီဘော်ဒါဆောင်ကြီး တစ်ခုလုံးမှာရှိနေကြတဲ့ သူတွေရော၊ ခင်ဗျားတို့ အားလုံးနဲ့ရော အကျုံးဝင် ပတ်သက်လာခဲ့ရပြီပေါ့။ အခုလိုဆိုတော့ ပျော်စေပြက်စေ အမှုထက် လွန်ကဲလာခဲ့ရပြီ။ ဒါကြောင့်မို့လည်း အခုကိစ္စကို အနောက်အပြောင် ကိစ္စတစ်ခုလို့ ကျွန်တော် မပြောတာဘဲ"

"သိပ်မှန်တာပေါ့" မီးခြစ်ဘူးထဲတွင် မီးခြစ်ဆံကလေးများ ဘယ်လောက်ကျန်ရှိ နေသလဲဟု ရေတွက်ရင်း အင်စပက်တာကြီးက ပြောလိုက်သည်။

"ဒါပေမဲ့ တခြားတစ်ဖက်က ကြည့်မယ်ဆိုပြန်ရင်လည်း" ကေက အားလုံးကို လိုက်ကြည့်ရင်း စကားဆက်လိုက်ပြန်သည်။ ဓာတ်ပုံနားတွင် ယောင်ပေယောင်ပေ လုပ်နေကြသော လူငယ်သုံးယောက်စလုံး စကားဝိုင်းတွင် ပါလာစေချင်သောဆန္ဒ ကေ့တွင်ရှိသည်။

"တခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဒီကိစ္စဟာ သိပ်ပြီး ရေးကြီးခွင့်

mgyoe.com
ကျယ်ကိစ္စမျိုးလည်း ဖြစ်နိုင်စရာအကြောင်း မရှိပါဘူး။ ကျွန်တော့်ကို အကြောင်းတစ်ခု ခုနဲ့ စွဲချက်တင်ထားပေမဲ့ ကျွန်တော့်ကို စွဲချက်တင်နိုင်လောက်အောင် အသေးအဖွဲ့ အကြောင်းတရားလေးတွေတောင် ရှိမနေခဲ့ဘူးလို့ ကျွန်တော် ပြန်လည်သုံးသပ်လို့ရတဲ့ အချက်ကို ထောက်ရှုပြီး အရေးကြီးစရာ အကြောင်းမရှိဘူးလို့ ကျွန်တော် ငြင်းဆိုတယ်။ ဒါပေမဲ့ အခုကိစ္စဟာ အသေးအဖွဲ့ပဲ ဖြစ်တယ်ထားဦး၊ မေးရမယ့် မေးခွန်းက ဘယ်သူက ကျွန်တော့်ကို စွဲချက်တင်တာလဲ။ ဘယ်အာဏာပိုင် အဖွဲ့အစည်းက အခုအမှုကို ဖွင့်တာလဲ။ ခင်ဗျားတို့ဟာ 'ဥပဒေ' ရဲ့ ဘက်တော်သား အရာရှိတွေလား။ ခင်ဗျား တစ်ယောက်ကလွဲလို့ ဝတ်လာကြတာကလည်း ယူနီဖောင်းဝတ်စုံတွေ မဟုတ်ဘူး"

ဤတွင် ကေက စကားဖြတ်၍ ဖရန့်ဇ်ဘက်သို့ လှည့်လိုက်ပြီး

"ခင်ဗျား ဝတ်ထားတာ ဝတ်စုံလို့ ပြောရင်တော့ ရနိုင်ပါတယ်။ ဒါပေမဲ့ ကမ္ဘာလှည့်ခရီးသည်တွေ ဝတ်လေ့ရှိတဲ့ ဝတ်စုံမျိုးနဲ့ ပိုတူနေတယ်။ ကျွန်တော့်မေးခွန်းတွေ အတွက် တိကျတဲ့အဖြေကို ကျွန်တော် တောင်းဆိုတယ်။ ပြီးတော့ ခင်ဗျားတို့ ရှင်းလင်းချက်ပေးပြီးတဲ့အခါမှာလည်း ကျွန်တော့်ကို မိတ်မပျက်ဘဲ လမ်းခွဲနိုင်ကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"

အင်စပက်တာကြီးက မီးခြစ်ဘူးကို စားပွဲပေါ် ပစ်တင်လိုက်သည်။

"သြော်...မင်းက မရောင်ရာဆီလူးပြီး သိပ်အတွေးနက်နေတာကိုး"

"ဒီမှာရှိနေတဲ့ လူကြီးမင်းတွေရော ကျုပ်ရောပါ မင်းရဲ့အမှုဟာ ဘယ်လိုအမှုမျိုး ဖြစ်နေနေ ဘာမှပတ်သက်တဲ့လူတွေ မဟုတ်ဘူး။ မညာတမ်းပြောရရင် မင်းအမှုနဲ့ ပတ်သက်လို့ ကျုပ်တို့ အစအနလေးတောင် သိကြတာမဟုတ်ဘူး။ ကျုပ်တို့ဟာ သက်ဆိုင်ရာ တာဝန်အလိုက် ယူနီဖောင်းကြီးတွေကို ဟိတ်ကြီးဟန်ကြီး တစ်ခွဲသားနဲ့ ဝတ်လာလည်း မင်းရဲ့အမှု အခြေအနေဟာ တစ်ရွေးသားမှ လျော့သွားမှာ မဟုတ်ဘူး။ မင်းဟာ စွဲချက်တစ်ခုနဲ့ စွဲချက်တင်ခြင်း ခံနေရတယ်ဆိုတာတောင် ကျုပ်အနေနဲ့ အတည်ပြုပြီး ပိုင်ပိုင်နိုင်နိုင် မပြောနိုင်ပါဘူး။ ဒါမှမဟုတ်ရင်လည်း မင်းဟာ စွဲချက် အတင်ခံရတဲ့လူလား ဘာလား ဆိုတာ ကျုပ်မသိဘူး။ မင်း အဖမ်းခံရတာကတော့ သေချာတယ်။ ဒါ့ထက် ပိုပြီး ကျုပ်ဘာမှ မသိဘူး။ ဒီဝါဒါနှစ်ယောက်က သူတို့အထင်နဲ့ ပြောထားတာတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ အဲဒီဟာတွေဟာ တရားမဝင်တဲ့ အတင်း အဖျင်းသဘောလောက်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ တကယ်လို့ မင်းရဲ့အမေးတွေကို ကျုပ် မဖြေနိုင်ဘူးဆိုရင်တောင်မှ အနည်းဆုံး မင်းကို အကြံဉာဏ်လေး တစ်ပိုင်း
mgyoe.com

mgyoe.com
တစ်စတော့ ပေးနိုင်ပါတယ်။ ကျုပ်နဲ့ပတ်သက်ပြီး ဘာတွေညာတွေ ဦးနှောက်အခြောက် ခံပြီး စဉ်းစားမနေပါနဲ့။ အဲ...မင်း ဘာဖြစ်လာနိုင်တယ် ဆိုတာကိုပဲ၊ ကျုပ်တို့အကြောင်း တွေးကြည့်နေမယ့်အစားပါ။ ဒါပါပဲ။ ပြီးတော့ မင်းမှာ အပြစ်မဲ့ပါတယ်ဆိုတဲ့အကြောင်း လည်း လေရှည်မနေပါနဲ့တော့။ မင်း ဆောင်ရွက်ခဲ့တဲ့ လက်မခံနိုင်စရာ အမှုမျိုးမဟုတ် တဲ့ တခြားကိစ္စရပ်တွေကိုပါ ထိခိုက်ပျက်ပြားသွားစေနိုင်လို့ပါ။ ပြီးတော့ မင်းအနေနဲ့ အခုထက်ထိ ပိုပြီး နှုတ်နည်းသင့်တယ်။ မင်း အခုပြောသွားတဲ့ စကားတွေထဲက တစ်လုံးစ နှစ်လုံးစကို ထောက်ရင် စကားထဲက ဇာတိပြ ဆိုသလို မင်းစရိုက် ပေါ်လွင် နိုင်တာကလွဲလို့ မင်း ဂုဏ်သိက္ခာကို တက်မလာစေနိုင်ပါဘူး"

အင်စပက်တာကြီးကို ကေ ငေးကြည့်နေမိသည်။ မိမိထက် အသက်အားဖြင့် ငယ်ရွယ်ချင် ငယ်ရွယ်နေမည့်သူတစ်ယောက်က မိမိအား မည်သို့ ပြောဆိုနေထိုင်ပါ လို့ ဆရာလုပ်လာသည်ကို ငုံ့ခံနေရတော့မည်လော။ သူ၏ ပွင့်လင်းမှုအတွက် အပြစ် တင်ခြင်းဖြင့် ဒဏ်ခတ်ခြင်းလော။ သူ အဖမ်းခံရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သူ့အား ဖမ်းဆီးသူများဖြင့် ပတ်သက်၍လည်းကောင်း သူ့အနေနှင့် နားလည်အောင် ကြိုးစားခြင်း မပြုရတော့ပြီလော။

ကေသည် စိတ်လှုပ်ရှားလာပြီး အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ ရာ သူ့ကို မည်သူကမျှ တားဆီးခြင်းမပြုကြ။ ကေက အင်္ကျီလက်ကြယ်သီးများကို ဖြုတ်ပစ်လိုက်၊ ရင်ဘတ်ကြယ်သီးများ ဖွင့်ပစ်လိုက်၊ ဆံပင်များ ဖွလိုက်နှင့် ခေါက်တုံ့ ခေါက်ပြန် လျှောက်လျက်ရှိရာမှ လူငယ်သုံးယောက်အနီးသို့ ဖြတ်လျှောက်သွားသော အခါ သူတို့က -

"အဓိပ္ပာယ်မရှိတာတွေ လျှောက်လုပ်နေတာပါကွာ"

ဤတွင် သူတို့က ကေ့ကို သက်ညှာသော၊ လေးနက်သော အကြည့်မျိုးဖြင့် ဝိုင်းကြည့်လိုက်ကြသည်။ နောက်ဆုံး၌ ကေသည် အင်စပက်တာကြီး စားပွဲရှေ့၌ သွားရပ်လိုက်သည်။

"ရှေ့နေကြီး ဟက်စ်တာရာဟာ ကျွန်တော်နဲ့ အင်မတန်မှ ရင်းနှီးတဲ့ မိတ်ဆွေ ကြီးပဲ" ကေက ပြောလိုက်သည်။ "ကျွန်တော် သူ့ဆီကို ဖုန်းဆက်လို့ရမလား"

"ရပါတယ်" အင်စပက်တာကြီးက ပြန်ပြောလိုက်သည်။ "ဒါပေမဲ့ ဒီကိစ္စမှာ သူ့ဆီ ဖုန်းဆက်လည်း ထူးလာမှာ မဟုတ်ပါဘူး။ အင်း...တစ်ခုတော့ရှိတာပေါ့လေ၊ မင်း ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့ကိစ္စလေးတွေ ရှိနေရင်တော့ ဟုတ်တာပေါ့"
mgyoe.com

gyoe.com SAMPLE BOOK 

"ဖုန်းဆက်လည်း အကြောင်းထူးမှာ မဟုတ်ဘူး... ဟုတ်လား" အံ့အားသင့်ခြင်းထက် စိတ်မရှည်နိုင်တော့သဖြင့် ဒေါ်ကြီးမောကြီးနှင့် မေးလိုက်သည်။

"ဟာ၊ ခင်ဗျား ဘယ်လိုလူစားလဲ။ ခင်ဗျားပဲ ကျွန်တော့်ကို စဉ်းစားဉာဏ်ရှိစမ်းပါလို့ပြောပြီး ခင်ဗျားကျမှ အရမ်းမဲ့ လုပ်တတ်တယ်။ ကိုယ့်ဟာကိုယ်လည်း ပြန်စဉ်းစားကြည့်ကြစမ်းပါဦး။ ကျွန်တော့်ကို ဒေါသဖြစ်အောင် လုပ်တာသက်သက်ဆိုရင် ဒါလောက်နဲ့ပဲ ရပါပြီ။ လူတွေ ကျွန်တော့်အခန်းထဲ ဝင်လာတယ်။ ကျွန်တော့်အခန်းကို မောင်ပိုင်စီးတယ်။ ဘာအကြောင်းမှ မရှိဘဲနဲ့ ကျွန်တော် ဦးနှောက်ခြောက်အောင်လည်း ဖျစ်ညှစ်စဉ်းစားခိုင်းကြတယ်။ ကျွန်တော် အဖမ်းခံနေရပြီပဲ ဆိုပါစို့။ အဲသလိုအခါမျိုးမှာ ကျွန်တော့်ရှေ့နေဆီကို ဖုန်းဆက်တာကိုပဲ အဓိပ္ပာယ်ရှိတဲ့ အလုပ်မျိုး လုပ်ပါလေး ဘာလေးနဲ့။ ကောင်းပြီဗျာ ကျွန်တော် ရှေ့နေဆီကို ဖုန်းမဆက်တော့ဘူး"

"မဟုတ်ပါဘူး၊ မင်း စိတ်ထဲမှာ ဆက်ချင်သပဆိုရင် ဆက်ပါ" တယ်လီဖုန်းရှိရာသို့ လက်ညှိုးဖြင့် ဖော့ယမ်းညွှန်ပြရင်း အင်စပက်တာကြီးက ပြန်ပြောလိုက်သည်။

"လုပ်ပါ၊ သွားဆက်ချေပါ"

"တော်ပြီဗျာ၊ ကျွန်တော် ဖုန်းဆက်ချင်စိတ် မရှိတော့ဘူး" ပြတင်းပေါက်ဆီသို့ လျှောက်သွားရင်း ကေက ပြန်ပြောလိုက်သည်။ လမ်းတစ်ဖက်မှ လူသုံးယောက် အုပ်စုက စောင့်ကြည့်နေကြဆဲဖြစ်သည်။ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိကြသော သူတို့သုံးယောက်အဖို့ ကေက ပြတင်းပေါက်တွင် လာရပ်လိုက်သောအခါ ပထမဆုံးအနေနှင့် သူတို့စိတ်ထဲတွင် စနိုးစနောင့် ဖြစ်သွားကြသည်။ သက်ကျားအိုနှစ်ယောက်က နေရာရွှေ့ရန် ဟန်ပြင်လိုက်သည်။ သို့သော် သက်ကျားအိုနှစ်ယောက်နောက်မှ လူက နောက်မတွန့်ကြစေရန် အားပေးအားမြှောက်ပြုလိုက်သည်။

"သြော်...ရပ်ကြည့်နေကြတဲ့ ပရိသတ်တွေ ဘာတွေတောင် ရှိနေပါပကောလားဗျာ" ကေက လက်ညှိုးထိုးညွှန်ပြရင်း အင်စပက်တာကြီးအား ခပ်ကျယ်ကျယ် အော်ပြောပစ်လိုက်သည်။

"ဗျို့၊ ဘာရပ်ကြည့်နေကြတာလဲ၊ ကိုယ့်လမ်းကိုယ် သွားကြပါတော့လား" ကေက လှမ်းအော်ပြောလိုက်သည်။ ချက်ချင်းဆိုသလို သုံးယောက်စလုံး နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်မိကြသည်။ လူငယ်နောက်သို့ အကာအကွယ်ယူရပ်လိုက်ကြသော သက်ကျားအိုနှစ်ယောက်ကို လူငယ်က ထွားကျိုင်းသော သူ့ခန္ဓာ

mgyoe.com

mgyoe.com SAMPLE BOOK
ကိုယ်ကြီးဖြင့် အကာအကွယ်ပေးလိုက်ရင်း တစ်စုံတစ်ရာကို လှည့်ပြောလိုက်သော်လည်း လှမ်းနေသဖြင့် ဘာပြောလိုက်မှန်း ကွဲကွဲပြားပြား မကြားလိုက်ရပေ။ သူတို့သည် ထွက်ခွာသွားကြမည့်ပုံမပေါ်။ သို့သော် သူတို့ကြည့်နေသည့် ပြတင်းပေါက်မှ မမြင်နိုင်သော တစ်နေရာမှ ပြန်လာ၍ ကြည့်မည့်ပုံ ပေါ်နေသည်။

"ပေါက်ပေါက်ရှာရှာ စပ်စုတတ်တဲ့သူတွေ။ နလပိန်းတုံးတွေ" ကေက အခန်းအလယ်သို့ ပြန်လျှောက်လာရင်း ပြောလိုက်သည်။ ဖျတ်ခနဲ တစ်ချက် မျက်စိဝေ့အကဲခတ်လိုက်သည်။ အင်စပက်တာကြီးလည်း ထိုလူစားမျိုးထဲက ဖြစ်မည်ဟု ကေက တွေးကြည့်မိလိုက်သည်။ အင်စပက်တာကြီးအနေနှင့် သူပြောသမျှကို လုံးဝ နားမထောင်ဘဲရှိနေခဲ့သည်လည်း ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အင်စပက်တာကြီးသည် သူ့လက်ဝါးတစ်ဖက်ကို စားပွဲပေါ်တွင် တအားဖိထားလိုက်သည်မှာ လက်ချောင်းလေးတွေ၏ အရွယ်အစား တိုင်းကြည့်နေသည်နှင့် တူလှသည်။ ဇာပန်းထိုးအစွပ်နှင့် ဗီရိုခပ်သေးသေးပေါ်တွင် တက်ထိုင်နေကြသော ဝါဒါနှစ်ယောက်တို့ကလည်း တင်ပါးပေါ် လက်ထောက်၍ ရည်ရွယ်ချက်မဲ့မဲ့နှင့် ဟိုသည် လျှောက်ကြည့်နေကြသည်။ ဖြစ်ပေါ်နေပုံမှာ လူသူကင်းမဲ့၍ တိတ်ဆိတ်နေသော ရုံးခန်းကြီးနှင့် တူလှသည်။

"ကဲ...လူကြီးမင်းတို့ တစ်ဆိတ်..." လက်ရှိအခိုက်တွင် ထိုလူများနှင့် ပတ်သက်၍ သူ့တွင် တာဝန်ရှိနေသကဲ့သို့ ကေက ပြောချပစ်လိုက်သည်။

"ခင်ဗျားတို့ ပြုမူနေပုံထောက်တော့ ကျွန်တော့်အမှုဟာ ပြီးပြီးပြတ်ပြတ် ဖြစ်သွားတဲ့ သဘောပဲ။ ကျွန်တော့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောရရင် အစအချိန်ကစပြီး ခင်ဗျားတို့ရဲ့ အပြုအမူတွေဟာ တရားတယ်၊ မတရားဘူး ပြောနေစရာ မလိုတော့ဘူးလို့ ထင်ပါတယ်။ ပြီးတော့ ကျေကျေလည်လည်ပဲ လက်ဆွဲနှုတ်ဆက်လိုက်ကြပြီး ပြေအေးလိုက်တာပဲ ကောင်းပါတယ်။ တကယ်လို့ ခင်ဗျားစိတ်ထဲမှာလည်း အဲသလိုပဲ သဘောထားတယ်ဆိုရင် ဘာကြောင့် အချိန်ဖြုန်းနေဦးမလဲ..." ဟု ပြောလိုက်ပြီး အင်စပက်တာကြီး ထိုင်နေသော စားပွဲဆီသို့ လျှောက်သွားကာ ကေက လက်ကမ်းလိုက်သည်။ အင်စပက်တာကြီးက မော့ကြည့်လိုက်သည်။ သူ့ နှုတ်ခမ်းများကို ကိုက်ရင်း ကေကမ်းလာသောလက်ကို စိုက်ကြည့်နေသည်။ ကေ့စိတ်ထဲတွင် ဤကိစ္စ ဤ၌တွင် ပြီးပြီးပြတ်ပြတ် ဖြစ်သွားလိမ့်မည်ဟု ယုံကြည်နေမိဆဲဖြစ်သည်။ သို့သော် အင်စပက်တာကြီးက ထရပ်လိုက်ပြီး လက်ဆွဲနှုတ်ဆက်ရမည့်အစား ဖရော်လိုင်းဘတ်စ်နာ၏ အိပ်ရာပေါ်
mgyoe.com

mgyoe.com SAMPLE BOOK
တွင် ရှိနေသော သူ၏ မာတောင့်တောင့် သက္ကလတ်ဦးထုပ်ကြီးကို ကောက်ယူ၍ ပထမဆုံးအကြိမ် ဤဦးထုပ်ကို ဆောင်းကြည့်သကဲ့သို့ လက်နှစ်ဖက်ဖြင့် သေသေချာချာ ဆောင်းလိုက်သည်။

"မင်းအတွက်တော့ ဒီအမှုဟာ သိပ်ကိုရိုးစင်းလွန်းတယ်လို့ ထင်ရမှာပဲ" ဦးထုပ်ဆောင်းနေရင်းက ကေ့ကို လှမ်းပြောလိုက်သည်။

"ဒီအမှုကို ရှင်းရှင်းနှိုးနှိုးနဲ့ ပြီးပြီးပျောက်ပျောက်ဖြစ်သွားအောင် ဖြေရှင်းလို့ရနိုင်မယ်လို့ မင်းစိတ်ထဲမှာ ထင်နေမိတယ်ထင်တယ်။ မရဘူးကွ။ မရနိုင်ဘူး။ တကယ်ပြောတာ။ အဲဒီနည်းမျိုးနဲ့ ဖြေရှင်းလို့ မရပါဘူး။ ဘာကြောင့် မင်း လက်လျှော့ရမလဲ။ မင်းဟာ အထိန်းသိမ်းခံနေရတာကလွဲလို့ တခြားဘာမှ ပိုမလာသေးပါဘူး။ ဒီအကြောင်းကို မင်းကို အသိပေးဖို့ ကျုပ်ကို မေတ္တာရပ်ခံကြတယ်။ ကျုပ်ကလည်း ပြောတဲ့အတိုင်းအသိပေးပြီးပြီ။ ပြီးတော့ မင်း ဘယ်လိုတုံ့ပြန်တယ် ဆိုတာကိုလည်း ကျုပ် တွေ့ရပြီးပြီ။ ဒီကနေ့အဖို့ ဒါလောက်ဆို လုံလောက်ပါပြီ။ လက်ရှိအခိုက်အတန့်မှာတော့ ကျုပ်တို့ လမ်းခွဲဖို့ အချိန်ကျပါပြီ။ မင်း အခု ဘဏ်ကိုသွားမလို့ မဟုတ်လား"

"ဘဏ်ကိုသွားရမယ်၊ ဟုတ်လား" ကေက မေးလိုက်သည်။

"ကျွန်တော်က အခု ကျွန်တော် အဖမ်းခံနေရပြီလို့" သူက လက်ဆွဲနှုတ်ဆက်ကြဖို့ လက်ကမ်းသည်ကို အသိအမှတ်မပြုသဖြင့် ကေက မခံချင်စိတ်နှင့် မေးလိုက်သည်။ ဤလူများထက် သူသည် ပို၍ လွတ်လပ်မှုရှိကြောင်း အင်စပက်တာကြီးထရပ်လိုက်ချိန်တွင် ကေ့စိတ်ထဲ၌ ခံစားနေမိသည်။ ကေသည် သူတို့နှင့် ကစားနေခြင်းမျှသာဖြစ်သည်။ ထွက်ခွာသွားကြသော သူတို့ရှေ့အရောက် ပြေးသွားပြီး တံခါးဝမှနေ၍ သူ့ကို အချုပ်သားအဖြစ် ဖမ်းဆီးချုပ်နှောင်ဖို့ စိန်ခေါ်ချင်စိတ်ပင် ပေါက်လာခဲ့သေးသည်။ ထို့ကြောင့် ကေက ထပ်၍ ပြောလိုက်ပြန်သည်။

"ကျွန်တော် အဖမ်းခံနေရပြီဆိုရင် ဘယ်လိုလုပ်ပြီး ဘဏ်ကို အလုပ်ဆင်းလို့ဖြစ်ပါ့မလဲ"

တံခါးပေါက်သို့ ရောက်နေပြီဖြစ်သော အင်စပက်တာက –

"ကျွန်တော် နားလည်ပါတယ်။ ခင်ဗျားက ကျွန်တော့်အပေါ် နားလည်မှု လွဲမှားသွားတာပဲ။ ခင်ဗျားဟာ အရေးယူထိန်းသိမ်းခြင်း ခံရတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အကျယ်ချုပ်ပါ။ ခင်ဗျား အလုပ်ဆက်မလုပ်နိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး။ ခင်ဗျား လုပ်ရိုးလုပ်စဉ်အတိုင်းသာ နေထိုင်သွားပါ။ ဘာမှ အဟန့်အတား
mgyoe.com

mgyoe.com SAMPLE BOOK

အနှောင့်အယှက် မရှိပါဘူး"

"ဒါဖြင့် အဖမ်းခံရတယ်ဆိုတာ အတော်ဆိုးတဲ့အဖြစ်ပေါ့နော်" အင်စပက်တာ ရှိရာသို့ လျှောက်သွားရင်း ကေက ပြောလိုက်သည်။

"ဘာဘာညာညာ ဖြစ်ရမယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မပြောခဲ့ပါဘူး" အင်စပက်တာက ပြန်ပြောလိုက်သည်။

"ဒါပေမဲ့ အဲဒီကိစ္စမှာ ကျုပ်ကို အသေးစိတ် ပြောပြဖို့ ခင်ဗျားမှာ လိုမယ် မထင်ပါဘူးလေ" ကေက ပိုမိုတိုးကပ်သွားရင်း ပြောလိုက်သည်။ ကျန်လူများလည်း ဝိုင်းအုံလာခဲ့ကြသည်။ ယခုအခါတွင် သူတို့အားလုံးသည် တံခါးဝ နံဘေး ကွက်လပ် လေးထဲတွင် စုပြုံရပ်နေခဲ့ကြသည်။

"ဒါဟာ ကျွန်တော့်ရဲ့ တာဝန်ပဲ" အင်စပက်တာက ပြောလိုက်သည်။

"အတော်အသုံးမကျတဲ့ တာဝန်ပဲ" ကေက လေသံမှန်မှန်ဖြင့် ပြောလိုက်သည်။

"ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်" အင်စပက်တာက ပြန်ပြောလိုက်သည်။

"ဒါပေမဲ့ ဘာမှ အသုံးမဝင်တဲ့ အငြင်းပွားမှုမျိုးမှာ ကျွန်တော်တို့ အချိန်ကုန်မခံ နိုင်ပါဘူး။ ခင်ဗျား ဘဏ်ကို အလုပ်ဆင်းချင်နေပြီလို့ ကျွန်တော် ထင်ပါတယ်။ ခင်ဗျားဟာ စကားလက်ပေါက်ကတ်တတ်တဲ့သူဆိုတော့ ကျွန်တော့်စကားကို ဖြည့်စွက် ပြောပါရစေ။ ဘဏ်ကို အလုပ်ဆင်းဖို့ ခင်ဗျားကို ကျွန်တော်က အတင်းတိုက်တွန်းနေ တာ မဟုတ်ပါဘူး။ ကျွန်တော့် စိတ်ထဲမှာ ခင်ဗျား အလုပ်ဆင်းလိုလှပြီလို့ ထင်မိရုံ သက်သက်ပါ။ ခင်ဗျား အဆင်ပြေပြေ ချောချောမွေ့မွေ့ သွားနိုင်ဖို့ ကျွန်တော် ဟောဒီ လူကြီးမင်းသုံးယောက်ကိုတော့ ဒီမှာပဲ ထားခဲ့ရလိမ့်မယ်။ သူတို့တစ်တွေဟာ ခင်ဗျား ရဲ့ အဖော်တွေပဲ မဟုတ်လား။ ခင်ဗျားရဲ့ အကြံပေးချက်အရပေါ့လေ"

"ဘာဗျ၊ ဘယ်လို ဘယ်လို" ကေက အော်ကြီးဟစ်ကျယ်နှင့် မေးလိုက်ပြီး ပါးစပ်အဟောင်းသားနှင့် လူငယ်သုံးယောက်ကို ငေးကြည့်နေမိသည်။ ဓာတ်ပုံများ အနီးတွင် ရပ်နေကြသော ဖြူဖပ်ဖြူရော်နှင့် ထူးခြားမှု လုံးဝမရှိသည့် လူငယ်သုံးယောက် သည် ဘဏ်မှ စာရေးလေးများဖြစ်ကြပြီး သူ့အပေါင်းအဖော်များ မဟုတ်ကြပေ။ သူ့အပေါင်းအဖော်များဟု ပြောလိုက်သည်မှာ တစ်ဆိတ် လွန်ရာကျပြီး အားလုံးကို သိပုံရသော အင်စပက်တာကြီး၏ ဟာကွက်ကို ဖော်ညွှန်းရာကျသည်။ သို့သော် သူတို့သည် ဘဏ်အမှုထမ်းများသာလျှင် ဖြစ်ကြသည်။ ဤအချက်ကို သူ အဘယ် ကြောင့်များ သတိမပြုမိဘဲ ရှိနေခဲ့ရသနည်း။ သူ့အနေနှင့် အင်စပက်တာနှင့် ဝါဒါများ

mgyoe.com

mgyoe.com
SAMPLE BOOK


အပေါ် လုံးဝ အာရုံစိုက်နေမိခဲ့သဖြင့် သူတို့သုံးယောက်ကို သတိမမူမိခဲ့ခြင်း ဖြစ်မည်။ တောင့်တောင့်ယောင့်ယောင့် ရပ်နေသော ရာဘင်စတိုင်နာက လက်နှစ်ဖက်ကို ဝှေ့ယမ်းလျက် အသားဖြူပြီး မျက်လုံးအိမ်ချိုင့်သော ကူလစ်ရှ်နှင့် အမြဲပြုံးနေတတ်သော ကာမီနာတို့မှာ စိတ်ဂနာမငြိမ်နိုင်ဘဲ ဖြစ်နေကြသည်။

"ကောင်းသော နံနက်ခင်းပါ" ကေက နှုတ်ဆက်လိုက်သည်။ ခေတ္တအကြာတွင် သူ့ကို ဦးညွှတ်အရိုအသေပေးနေကြသော လူသုံးယောက်ကို လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းလိုက်သည်။

"ငါ မင်းတို့ကို မမှတ်မိဘူးကွာ၊ ကဲ...ကဲ...တို့ အလုပ်သွားကြစို့"

လူငယ်သုံးယောက်က ခေါင်းညိတ်ပြလိုက်သည်။ တစ်ချိန်လုံး ဤအပြောကို စောင့်နေသကဲ့သို့ နှစ်နှစ်ကာကာ ပြုံးလိုက်ကြသည်။ သို့သော် အခန်းထဲတွင် မေ့ကျန်ရစ်ခဲ့သော သူ့ဦးထုပ်ကိုယူရန် လှည့်လိုက်ချိန်တွင် သူတို့သုံးယောက်စလုံးက ဦးထုပ်ယူပေးရန် တစ်ယောက်ပြီးတစ်ယောက် ပြေးထွက်ခွာသွားကြသည်။ သူတို့လုပ်ပုံကြည့်ရသည်မှာ အနေရအထိုင်ရ ခက်နေသည့်သဘောကို ဆောင်နေသည်။ ကေက ငြိမ်ရပ်နေရင်း ဖွင့်ထားသော အပေါက်နှစ်ပေါက်ကို ငေးကြည့်နေမိသည်။ ရာဘင်စတိုင်နာက နောက်ဆုံးကနေ ဟန်ရပန်ရနှင့် လိုက်ပါသွားသည်။ ကာမီနာက ဦးထုပ်ယူလာပြီး ပေးသည်။ ဘဏ်မှာ သူလုပ်လေ့လုပ်ထရှိသည့်အတိုင်း ကေက ကာမီနာ၏ အပြုံးသည် တမင်ဟန်ဆောင်ပြုံးသော အပြုံးမျိုး မဟုတ်ဟု သူ့စိတ်ထဲ၌ မှတ်ယူမိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်သည် ကြိုးစားဟန်လုပ်၍ ပြုံးယူရသော်လည်း ဟန်ဆောင်မှုကို ဖုံးကွယ်ခြင်းငှာ မစွမ်းနိုင်ပေ။ အပြစ်ရှိချင်ရှိမည်ဟု စိတ်တွင် စနိုးစနောင့်ဖြစ်မိသော ဖရောဂရူးဘက်ရှ်သည် အားလုံး ထွက်နိုင်ရန်အတွက် ရှေ့တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။ ထုံးစံအတိုင်း ကေက ခန္ဓာကိုယ်ကြီးထဲ မြုပ်ဝင်နေအောင် လိုသည်ထက်ပို၍ တင်းကျပ်စွာ စည်းနှောင်ထားသော ဂရူးဘက်ရှ်၏ ခါးစည်းကြိုးကို လှမ်းကြည့်လိုက်သည်။ လမ်းထဲသို့ရောက်လာကြသော အခါ လက်ပတ်နာရီကိုကြည့်၍ နာရီဝက်ခန့် အလုပ်နောက်ကျနေပြီဖြစ်ကြောင်း တွေ့ရသဖြင့် ကေက တက္ကစီငှားရန် ဆုံးဖြတ်လိုက်သည်။ ကာမီနာက လမ်းထောင့်ပြေးသွားပြီး တက္ကစီ ရှာလိုက်သည်။ ကျန်နှစ်ယောက်က ကေ စိတ်သက်သာရာရအောင် အတတ်နိုင်ဆုံး ဆောင်ရွက်နေကြကြောင်း ထင်ရှားသည်။ ကူလစ်ရှ်က မျက်နှာချင်းဆိုင် အိမ်ဝကို လက်ညှိုးထိုးပြလိုက်သည်။ မုတ်ဆိတ်မွေး နီကြင်ကြင် စုတ်ချွန်းချွန်း

mgyoe.com

mgyoe.com
နှင့် လူကြီးတစ်ယောက် ဘွားခနဲ ထွက်ပေါ်လာခဲ့သည်။ ဝိုင်းအကြည့်ခံရ၍ အနေအထိုင် ခက်သွားသယောင်ရှိသဖြင့် နောက်သို့ အနည်းငယ် ပြန်ဆုတ်ပြီး အိမ်နံရံတွင် မှီရပ်နေလိုက်သည်။ သက်ကျားအိုစုံတွဲမှာ လှေကားမှ ဆင်းလာနေကြဆဲဖြစ်သည်။ ကူလက်ရှ်က မုတ်ဆိတ်မွေးနှင့် လူအပေါ် စိတ်ရောက်သွားအောင် လုပ်လိုက်သည်ကို ကေ စိတ်ပျက်သွားမိသည်။ ထိုလူကို သူသိပြီးသားဖြစ်ပြီး တွေ့ရလိမ့်မည်ဟုလည်း မျှော်လင့်ထားခဲ့သော လူတစ်ယောက် ဖြစ်နေသောကြောင့်ပင်

"မျက်နှာကြီး ဆူအောင့်မနေပါနဲ့" အရွယ်ရောက် လူတစ်ယောက်ကို ဤစကားမျိုး ပြောသည်မှာ မည်မျှ ကသိကအောက် ရှိလှသည်ကို သတိမပြုမိသော သူက လွှတ်ခနဲ ပြောလိုက်သည်။ သို့သော် ဘာမျှ ရှင်းလင်းချက် ထုတ်နေစရာ အချိန်မရ။ တက္ကစီ ရောက်လာသဖြင့် တက်ထိုင်လိုက်ကြပြီး ထွက်လာခဲ့ကြတော့သည်။ ထို့နောက် ကေက အင်စပက်တာနှင့် ဝါဒါနှစ်ယောက် ထွက်ခွာသွားသည်ကို သတိမပြုမိလိုက်ကြောင်း သတိရလာမိသည်။ အင်စပက်တာကြီးက သူ့စိတ်ကို လွှမ်းမိုးထားခဲ့သဖြင့် စာရေး သုံးယောက်ကို သူ သတိမပြုမိဘဲ ရှိနေခဲ့ရပြီး စာရေးသုံးယောက်က တစ်ဖန် အင်စပက်တာကို သတိမေ့သွားအောင် လုပ်လိုက်ကြသည်။ သတိလက်မလွတ်ဘဲ ရှိနေသည်ဆိုသည့် အဖြစ်ကို ထိုဖြစ်ရပ်က ဖော်မပြနိုင်ပေ။ ကေက ဤကိစ္စတွင် သတိကြီးကြီးထားရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြစ်လင့်ကစား သူ့စိတ်နှင့် ဆန့်ကျင်ပြီး အင်စပက်တာကြီးနှင့် ဝါဒါနှစ်ယောက်တို့ကို မြင်ရလို မြင်ရငြား နောက်သို့လှည့်ပြီး တံခါးပေါက်မှ ခေါင်းပြူ၍ ထွက်ရှာကြည့်လိုက်မိသေးသည်။ သို့သော် ခွဲခွဲခြားခြား မည်သူမည်ဝါဆိုသည်ကို ကြည့်မနေတော့ဘဲ ချက်ချင်းဆိုသလို ပြန်လှည့်ပြီး ထောင့်ကို မှီ၍ ဖိမ်ကျကျ ထိုင်လိုက်သည်။ သူ့အဖော်များထံမှ အာလာပ သလ္လာပ စကားမျိုး ပြောဖို့ဆိုဖို့ အချိန်မျိုးဖြစ်သော်လည်း အဖော်များက ပြောချင်ဆိုချင်ကြပုံ မရဟု ထင်ရသည်။ အဖော်သုံးယောက်မှာ ပင်ပန်းနွမ်းနယ်နေကြပုံရသည်။ ရာဘင်စတိုင်နာက ညာဘက်သို့ ငေးကြည့်နေပြီး ကူလစ်ရှ်က ဘယ်ဘက်သို့ ငေးနေကာ ကာမိနာ တစ်ယောက်သာ သူနှင့် မျက်နှာချင်းဆိုင်လျက် ရှိနေခဲ့သည်။ ကာမိနာသည် မလုံမလဲနှင့် ပြုံးနေသည်ကို အကြောင်းရှာပြီး အားနာစိတ်နှင့် စကားစရှာပြီး ပြောမည်ဆိုလျှင် ရနိုင်ပေသည်။

❖

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုနှစ်နွေဦးက ကေသည် ညဥ့်ဦးယံကာလများကို ဤသို့ ဤပုံ အချိန်ကုန်လွန်စေခဲ့သည်။ သူသည် ည ၉ နာရီအထိ ရုံးခန်းတွင် ရှိနေတတ်ပြီး လုပ်ကိုင်ပြီးစီး၍ ရတတ်သမျှသော အချိန်တို့ကို တစ်ယောက်တည်း သို့မဟုတ်၊ သူ၏ အပေါင်းအဖော်များဖြင့် ခေတ္တလမ်းလျှောက်ထွက်လေ့ရှိသည်။ ထို့နောက် ဘီယာဆိုင်သို့ သွားကြသည်။ လူကြီးသူမများ ဝိုင်းဖွဲ့ထိုင်လေ့ရှိသော စားပွဲတွင် ည ၁၁ နာရီခန့်အထိ သူထိုင်တတ်သည်။ သို့သော် ခြွင်းချက်တစ်ခုတော့ ရှိနေခဲ့သည်။ ဥပမာ–သူ၏ လုံ့လဝီရိယရှိမှုနှင့် အားထားရသော သူ့အရည်အချင်းကို အထင်ကြီးလေးစားသော ဘဏ်မန်နေဂျာကြီးက သူ့အိမ်ကိုလိုက်ပြီး ညစာစားရန် ဖိတ်ခေါ်သွားတတ်သောအခါမျိုးတွင်ဖြစ်သည်။ အယ်လ်ဆာမှာ စားပွဲထိုးမလေးတစ်ယောက်ဖြစ်ပြီး ညကလပ်တွင် မိုးလင်းလုအချိန်အထိ အလုပ်ဆင်းရသည်။ သူ့ဧည့်သည်များကို နေ့ခင်းများ၌သာ အိပ်ရာထဲ၌ တွေ့ဆုံလက်ခံသည်။

သို့သော် တစ်နေ့လုံး မရပ်မနား အလုပ်များခဲ့ရခြင်း၊ အပေါင်းအသင်း မိတ်ဆွေများက သူ့မွေးနေ့အတွက် လာရောက်နှုတ်ဆက် စကားပြောခြင်းဖြင့် အချိန်ကုန်မြန်သွားခဲ့ရသော ယနေ့တွင်မူ ညဥ့်ဦးယံ အပြင်ထွက် လမ်းလျှောက်ခြင်းအမှု မပြုတော့ဘဲ အိမ်သို့ တန်းတန်းမတ်မတ် ပြန်ဖို့ စိတ်ဆုံးဖြတ်လိုက်သည်။ တစ်နေ့ခင်းလုံး အလုပ်ခေတ္တ အနားယူရသော အချိန်တိုင်း ထိုသို့ စိတ်ကူးထားခဲ့သည်။ ဘာကြောင့် ဤသို့ စိတ်ကူးပေါက်မိမှန်းတော့ သူမသိပေ။ သူ့စိတ်ထဲ၌ မနက်ခင်းက ဖြစ်ပွားခဲ့ရသော အမှုကြောင့် ဖရောဂရူးဘက်ရှ်၏ တစ်အိမ်လုံး ကသောင်းကနင်း ဖြစ်သွားခဲ့သယောင်ယောင် ထင်နေမိခဲ့ပြီး ပြန်၍ ပုံမှန်အတိုင်း ဖြစ်စေရအောင် ဆောင်ရွက်ရမည်မှာ သူ၏ တာဝန်လုံးလုံးဖြစ်သည်ဟုလည်း ထင်မိသည်။ ဖြစ်ပွားခဲ့ရသော ကိစ္စနှင့်ပတ်သက်၍ တစ်စွန်းတစ်စတောင် မကျန်ရစ်စေရအောင် ရှင်းလင်းနိုင်ခဲ့ပြီဆိုလျှင် အရာရာတိုင်းသည် ယခင်ကဲ့သို့ ပုံမှန် ပြန်လည်၍ လည်ပတ်သွားရမည်ဖြစ်သည်။ စာရေးသုံးယောက်ထံမှ စိုးရိမ်စရာဖြစ်လောက်အောင် မည်သည့်အနှောင့်အယှက်မျိုးမှ ပေါ်လာမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သုံးယောက်စလုံးသည် ကြီးလေးများပြားလှသည့် ဘဏ်အလုပ်နှင့် ပိနေခဲ့မည်ဖြစ်သောကြောင့်ပင်။ ကေသည် သူတို့ကို တစ်ယောက်ချင်းသော်လည်းကောင်း၊ သုံးယောက်စလုံးကိုလည်းကောင်း တခြား ဘာရည်ရွယ်ချက်မှ မရှိဘဲနှင့် ခေါ်ကြည့်ရုံသက်သက် အခါခါ ခေါ်တွေ့ခဲ့ပြီးဖြစ်သည်။ ခေါ်တွေ့ပြီးတိုင်းလည်း စိတ်အေးသက်သာနှင့် ပြန်လွှတ်လိုက်သည့်သာ

mgyoe.com

mgyoe.com

ဖြစ်သည်။

သူနေထိုင်ရာ အိမ်သို့ ည ၉ နာရီခွဲအချိန်တွင် ကေ ပြန်ရောက်လာသောအခါ အိမ်ရှေ့ဝင်းဝ တံခါးအနီး၌ ခြေနှစ်ချောင်းကို ခပ်ကားကားရပ်ထားပြီး ဆေးတံခဲထားသော လူငယ်တစ်ဦးကို သူ တွေ့လိုက်ရသည်။

"မင်း ဘယ်သူလဲ" မှောင်နေသဖြင့် တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်း မမြင်ရသောကြောင့် ကေက သူ့မျက်နှာကို လူငယ့်မျက်နှာနား ကပ်ကြည့်ရင်း ရောက်မဆိုက်ကြီး မေးချပစ်လိုက်သည်။

"ကျွန်တော်က ဒီအိမ်ကြီးက အထမ်းသမားရဲ့သား ဖြစ်ပါတယ်ခင်ဗျာ" လူငယ်က ဆေးတံကို ပါးစပ်မှဖြုတ်၍ နောက်အနည်းငယ် ခွာလိုက်ပြီး ပြန်ဖြေလိုက်သည်။

"သြော်...ဒီအိမ်ကြီးက အလုပ်သမားရဲ့သား၊ ဟုတ်လား" လက်ထဲမှ လက်ကိုင်တုတ်ကို စိတ်မရှည်နိုင်ဘဲ မြေပေါ်တဆတ်ဆတ်ထောက်ရင်း ကေက ပြန်မေးလိုက်သည်။

"ဦး ဘာကိုအလိုရှိပါသလဲ ခင်ဗျာ၊ ကျွန်တော့်အဖေကို ခေါ်ပေးရမလား"

"ဟော့...ဟော့၊ မခေါ်နဲ့ မလိုပါဘူးကွာ" လူငယ်က အပြစ်တစ်စုံတစ်ခု ပြုလုပ်သည်ကို ခွင့်လွှတ်သော လေသံမျိုးဖြင့် ကေက ပြောလိုက်သည်။

"အေးကွာ...သွားမယ်" ဟု ပြောခဲ့ပြီး ဆက်လျှောက်လာခဲ့သည်။ လှေကားပေါ် မတက်မီ ကေက လူငယ်လေးကို တစ်ချက် ပြန်လှည့်ကြည့်လိုက်သေးသည်။

သူ့အခန်းရှိရာသို့ တန်းသွားတော့မည်ဟု စိတ်ကူးလိုက်သည်။ သို့သော် ဖရောဂရူးဘက်ရှ်နှင့် စကားအနည်းငယ် ပြောလိုသေးသဖြင့် မိန်းမကြီး၏ အခန်းတံခါးကို ခေါက်လိုက်သည်။ ဂရူးဘက်ရှ်သည် ခြေအိတ်အပေါက်ကို ဖာလျက်ရှိပြီး နံဘေး၌လည်း ခြေအိတ်အပေါက်အပြဲများကို ပုံထားလိုက်သည်။ မိုးချုပ်မှ တံခါးခေါက်မိသည်ကို ခွင့်လွှတ်ဖို့ ကေက တောင်းပန်လိုက်သည်။ သို့သော် ဂရူးဘက်ရှ်နှင့် သူတို့မှာ အလွန် ရင်းနှီးသူများဖြစ်၍ ခွင့်ပန်နေစရာတော့ မလိုပေ။ ဂရူးဘက်ရှ်က သူလာလည်သည်ကို အမြဲလိုလိုလားလား ရှိသည်။ ဤအိမ်ကြီးတွင် လပေးနေထိုင်ကြသူများအနက် ဂရူးဘက်ရှ်က သူ့ကို အခင်မင်ဆုံးဖြစ်ကြောင်းလည်း ကေ သိသည်။ ကေက အခန်းထဲကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်သည်။ နေရာဟောင်းအတိုင်း သူ့နေရာနှင့် သူ ပစ္စည်းများကို ပြန်ချထားပြီးဖြစ်သည်။ ထိုနေ့မနက်က ပြတင်းပေါက်နားရှိ စားပွဲပေါ်မှ မနက်စာ စားသောက်ဖွယ်ရာများကိုလည်း ရှင်းလင်းထားပြီးဖြစ်သည်။ မိန်းမ

များ၏ လက်သည် အသံမထွက်ဘဲ ထိရောက်မှုရှိလှသည်ဟု သူ တွေးမိလိုက်သည်။ သူ့အနေနှင့် ပန်းကန်ခွက်ယောက်များ နေရာ၌ပင် ကျကွဲချင်ကွဲမည်ဖြစ်သော်လည်း ဂိုးဂိုးဝွမ်းဝွမ်း မမြည်စေရဘဲ သူ ဘယ်တော့မှ မသယ်ဆောင်သွားတတ်ပေ။ သူက ကျေးဇူးတင်မိသောစိတ်ဖြင့် ဂရူးဘက်ရှ်ကို အတော်ကြာ စိုက်ကြည့်နေမိသည်။

"ဘာ့ကြောင့် ဒါလောက် ညကြီးမိုးချုပ်ထိ အလုပ်လုပ်နေရသေးတာလဲ" သူက မေးလိုက်သည်။ ယခုအခါတွင် သူတို့သည် တစ်စားပွဲတည်းအတူ ထိုင်နေခဲ့ကြပြီဖြစ်ပြီး မကြာခဏဆိုသလို ကေက အပုံလိုက်ဖြစ်နေသော ခြေအိတ်များကို လက်ဖြင့် ဖိလိုက် တို့လိုက် လုပ်နေမိသည်။

"အလုပ်တွေ သိပ်များတာကိုး" ဂရူးဘက်ရှ် ပြောလိုက်သည်။ "နေ့ခင်းပိုင်းကျတော့ ကျွန်မ အဆောင်မှာ နေကြတဲ့သူတွေအတွက် လုပ်ကိုင်ပေးနေရတယ် မဟုတ်လား။ ကျွန်မအတွက် လုပ်စရာရှိတာ ညပိုင်းကျမှပဲ အေးအေးဆေးဆေး လုပ်နိုင်တော့တယ်"

"ကျွန်တော့်အတွက်နဲ့ ဒီနေ့ ခင်ဗျားမှာ အလုပ်တွေ ပိုကုန်ရတာ စိတ်မကောင်းပါဘူး"

"ဒါနဲ့ အဲဒီကိစ္စကကော ဘယ်လိုလဲ" သူက ပိုစိတ်ဝင်စားလာပြီး ချုပ်လက်စကို ပေါင်ခြံပေါ် ချထားလိုက်သည်။

"ကျွန်မ ဆိုလိုတာက မနက်က ဒီကိုလာကြတဲ့လူတွေကို ပြောတာပါ"

"ဩော်...ဒါနဲ့" သူက ဆက်၍ ပြောလိုက်သည်။ ကိုယ်ဟန်အနေအထားကိုလည်း ပြင်ထိုင်လိုက်သည်။ "သူတို့အတွက်နဲ့တော့ ကျွန်မ ပိုအလုပ်ရှုပ်မသွားပါဘူး"

ကေက ဂရူးဘက်ရှ် ဆက်လက်၍ ချုပ်လုပ်နေသည်ကို ငြိမ်ကြည့်နေလိုက်သည်။ ("သူ့ကြည့်ရတာ ငါဖွင့်ပြောလိုက်လို့ အံ့အားသင့်သွားပုံရတယ်လို့ ထင်ရတာပဲ" ဟု ကေက တွေးမိလိုက်သည်။ "ငါ အခုလို ဖွင့်ပြောလိုက်ဖို့ မသင့်ဘူးလို့ စိတ်ထဲမှာ ထင်နေပုံရတယ်။ ငါ့အဖို့ကတော့ ပြောဖို့ သိပ်လိုတာပေါ့။ ငါ့အနေနဲ့ ဒီအဘွားကြီးက လွဲလို့ ဘယ်သူ့ကိုမှ ဖွင့်ပြောပြလို့ မဖြစ်တဲ့ဥစ္စာပဲ")

"မနက်က ကျွန်တော့်အတွက်နဲ့ အလုပ်ပိုသွားခဲ့ရမှာတော့ သေချာပါတယ်" နောက်ဆုံး၌ သူက ပြောလိုက်သည်။ "ဒါပေမဲ့ နောက်ထပ် ဒီလိုဖြစ်တော့မှာ မဟုတ်ပါဘူး"

"ဟုတ်တယ်၊ နောက် ဒီလိုထပ်ကြုံရတော့မှာ မဟုတ်ပါဘူး" အားလျော့လျော့

mgyoe.com

mgyoe.com SAMPLE BOOK

အပြုံးနှင့် နှစ်သိမ့်အားပေးစကား ပြောလိုက်သည်။

"ခင်ဗျားစိတ်ထဲမှာ တကယ့်ကို အဲသလို ယူဆထားလို့ ပြောတာလား" ကေက မေးလိုက်သည်။

"တကယ်ပါ" အဘွားအိုက လေသံပျော့ပျော့ဖြင့် ပြန်ဖြေလိုက်သည်။

"ပြီးတော့ စိတ်ထဲမှာလည်း စွဲစွဲလမ်းလမ်းကြီး ဖြစ်မနေပါနဲ့။ အသက်တစ်ရာ မနေရလည်း အမှုတစ်ရာတော့ တွေ့ကြုံကြရတာချည်းပါပဲ။ ရှင့်အနေနဲ့ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောလာမှတော့ ကျွန်မအနေနဲ့ ရှင့်ကို ဝန်ခံရတော့မှာပေါ့လေ။ ရှင့်ကို ပြောဆိုနေကြတာတွေကို ကျွန်မ တံခါးနားကပ်ပြီးလည်း ခဏ နားထောင်ကြည့်ခဲ့သေးတယ်။ ပြီးတော့ ဝါဒါနှစ်ယောက်ကလည်း ကျွန်မကို အနည်းအကျဉ်း အသိပေးသွားကြသေးတယ်။ ဒါဟာလည်း ရှင့်ရဲ့ စိတ်ချမ်းသာ ပျော်ရွှင်ရေးအတွက် ကိစ္စမျိုးပါ။ ကျွန်မ စိတ်အရင်းခံတိုင်း ပြောတာပဲ။ ဒါပေမဲ့ ရှင့်ရဲ့ အိမ်ရှင်တစ်ယောက်အဖြစ်ထက်တော့ ပိုကောင်းပိုပါလိမ့်မယ်။ အင်းလေ...ပြောကြဆိုကြတာတွေ ကျွန်မ အနည်းအကျဉ်းလောက်တော့ ကြားမိပါတယ်။ ဒါပေမဲ့ ရှင့်ကိစ္စဟာ အဆိုးရွားကြီးထဲကလို့ ကျွန်မအနေနဲ့ ပြောနိုင်စရာအကြောင်း မမြင်ပါဘူး။ ရှင်ဟာ အဖမ်းခံရတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူခိုးတစ်ယောက်ကို ဖမ်းတဲ့ အဖမ်းခံရခြင်းမျိုးမှ မဟုတ်တာဘဲ။ ဒါပေမဲ့ ဒီ ဖမ်းတယ်ဆိုတဲ့ကိစ္စမှာတော့...လေးနက်တဲ့ တစ်စုံတစ်ရာ ခံစားမှုမျိုး ကျွန်မ ရင်ထဲမှာ ခံစားရတယ်။ စိတ်မရှိနဲ့နော်၊ တကယ်လို့များ ကျွန်မ ပြောတဲ့စကားတွေဟာ တလွဲတချော်ဖြစ်နေရင်။ ကျွန်မ နားမလည်နိုင်တဲ့ စိတ္တဇဆန်ဆန် ခံစားမှုမျိုး ကျွန်မ ခံစားရတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ နားလည်ဖို့လည်း မလိုအပ်ပါဘူးလေ"

"အခု ခင်ဗျားပြောသွားတဲ့ စကားတွေဟာ တောင်စဉ်ရေမရ စကားမျိုးတွေ မဟုတ်ပါဘူး။ ဖရောဂရူးဘက်ရှ်၊ အနည်းဆုံးတော့ ကျွန်တော်လည်း အဲသလိုမျိုး တွေးမိတာပါပဲ။ အဲ...တစ်ခုတော့ ရှိတာပေါ့လေ။ ကျွန်တော်က ပြဿနာကြီး တစ်ခုလုံးကို သေသေချာချာ သုံးသပ်တာ။ အပြစ်ရှိလို့ အခုလို လာရောက်တွေ့ဆုံသွားတာကို စိတ္တဇဆန်တယ်လို့ ထင်ရုံတင်မကဘူး။ ထွင်လုံးလို့ စိတ်ထဲမှာ စဉ်းစားမိတယ်။ အမှတ်မထင် ကျွန်တော် ခံလိုက်ရတာပဲ။ ဒီထက်တော့ မပိုပါဘူး။ တကယ်လို့သာ ကျွန်တော် နိုးလာတဲ့အချိန်တုန်းက အင်နာ ရှိမနေလို့ ခေါင်းရှုပ်ရတာမျိုးနဲ့ မကြုံခဲ့ရဘူးဆိုရင်၊ ပြီးတော့လည်း ခင်ဗျားကို လာတွေ့ဖို့အရေးမှာ ဘယ်သူဘယ်ဝါရဲ့ ဟန့်တားခြင်းကိုလည်း မခံခဲ့ရဘူးဆိုရင်ပေါ့လေ။ ကျွန်တော့်အနေနဲ့ နေရာအပြောင်းအလဲလုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ပြီး မီးဖိုချောင်မှာပဲဖြစ်ဖြစ် မနက်စာကို စားလိုက်ရုံပဲ။ ပြီးတော့ ခင်ဗျားက ကျွန်တော့် အဝတ်အစားတွေ ကျွန်တော့်အခန်းထဲ သွားယူပေးလိုက်ရုံပဲ ရှိတာပေါ့။ ချုပ်ပြောရ မယ်ဆိုရင် တကယ်လို့ ကျွန်တော်သာ ဉာဏ်ရှိရှိနဲ့ နေထိုင်ပြုမူသွားမယ်ဆိုရင် ဘာမှ ရှေ့လျှောက် ဆက်ပြီးဖြစ်လာစရာအကြောင်း မရှိပါဘူး။ စပြီးတာနဲ့ ဆုံးသွားတဲ့ ကိစ္စမျိုးဖြစ်သွားမှာပါ။ ဒါပေမဲ့ လူဆိုတာ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတာ မဟုတ် လား။ ဥပမာ ဘဏ်မှာ ဆိုပါတော့ဗျာ။ အဲဒီမှာတော့ ကျွန်တော်ဟာ အမြဲတမ်း အသင့်ဖြစ်အောင် သတိနဲ့နေတယ်။ အဲသလိုကိစ္စမျိုးတွေ ကျွန်တော့်အဖို့ ဘယ်လိုမှ ကြုံလာနိုင်စရာ အကြောင်းမရှိဘူး။ ကျွန်တော့်လက်ထောက်ရှိတယ်။ အပြင်ပြောတဲ့ တယ်လီဖုန်းနဲ့ ရုံးတွင်းပြောတဲ့ တယ်လီဖုန်းကိုလည်း ကျွန်တော့်ရှေ့မှာပဲ ထားတယ်။ လူမျိုးစုံ ကျွန်တော့်ကို လာတွေ့ကြရတာပဲ။ လုပ်ငန်းနဲ့ ပတ်သက်တဲ့ လူတွေရော ရုံးက စာရေးစာချီတွေရော။ ဆိုလိုတာက ကျွန်တော်ဟာ ကျွန်တော့်ရဲ့စိတ်ကို အလုပ် ထဲမှာ လုံးလုံးနှစ်မြှုပ်ထားတယ်။ သတိလက်လွတ်ဆိုတာမျိုးလည်း မဖြစ်စေရဘူး။ အဲသလို ကိစ္စမျိုးသာ ရုံးမှာ ပေါ်လာတယ်ဆိုရင်တော့ ကျွန်တော့်အဖို့ အတော် စိတ်ဝင် စားစရာကောင်းတဲ့ကိစ္စ ဖြစ်လာမှာပဲ။ ကဲပါလေ ပြီးခဲ့တာတွေ ပြီးပါပြီ။ တကယ်ပါ။ ချေးခြောက်ရေနှုး မနေချင်တော့ပါဘူး။ ခင်ဗျား စိတ်ထဲက ဆုံးဖြတ်ချက်ကိုပဲ ကျွန်တော်က သိချင်နေတာပါ။ စဉ်းစားဉာဏ်နဲ့ ပြည့်စုံတဲ့ သက်ကြီးရွယ်အို စကားမျိုး ကို ကျွန်တော်တို့ တစ်သဘောတည်းထားနိုင်ကြတာကိုတော့ ကျွန်တော် ဝမ်းသာမိပါ ရဲ့။ ဒါပေမဲ့ ကျွန်တော်တို့ တကယ် သဘောတူတဲ့ အထိမ်းအမှတ်နဲ့တော့ လက်ဆွဲ နှုတ်ဆက်ကြရလိမ့်မယ်။ ကဲ…ခင်ဗျားရဲ့လက်ကိုသာ ကမ်းပါတော့"

"သူ ငါနဲ့ လက်ဆွဲနှုတ်ဆက်ပါ့မလား။ အင်စပက်တာကြီးဆိုရင်တော့ နှုတ် ဆက်မှာ မဟုတ်ဘူး" ဟု အဘွားကြီးအား အားကိုးတကြီးကြည့်ရင်းက သူ့စိတ်ထဲ၌ တွေးလိုက်မိသည်။ သူ ထရပ်လိုက်သဖြင့် အဘွားကြီးကလည်း ထရပ်လိုက်မိပြီး အနေရ အထိုင်ရ ခက်သွားသည်။ အဘယ်ကြောင့်ဆိုသော် အဘွားကြီးသည် ကေ ပြောသမျှ ဆိုသမျှကို သဘောပေါက် နားလည်နိုင်စွမ်း မရှိသောကြောင့် ဖြစ်သည်။ ဘာပြန်ပြောရမည်ကို မသိသောကြောင့် သူ့စိတ်ထဲ၌ ရည်ရွယ်ထားခြင်း မရှိသော စကားများကို ပြောချမိလျက်သား ဖြစ်သွားခဲ့သည်။

"သိပ်လည်း စိတ်ထဲမှာ အရေးတကြီး လုပ်မနေပါနဲ့ မစ္စတာကေရယ်" ဟု ပြောပြီး အဘွားကြီးအနေနှင့် သူ့စကားအပေါ် သဘောတူသည်၊ မတူသည်ကို အရေး

mgyoe.com

mgyoe.com SAMPLE BOOK

မထားလှဘဲ ရုတ်ခြည်း ပင်ပန်းနွမ်းနယ်လာခဲ့သဖြင့် လွှတ်ခနဲ ပြောချပစ်လိုက်သည်။

တံခါးဝသို့ ရောက်သောအခါ သူက လှည့်၍ မေးလိုက်သည်။

"ဖရော်လိုင်းဘတ်စ်နာကော ပြန်ရောက်နေပြီလား"

"မရောက်သေးဘူး" အားတက်ဖွယ်မရှိသော အဖြေကို ဂရူးဘက်ရှ်က သနားစိတ်ကဲစွာ ပြန်အဖြေပေးလိုက်သည်။

"သူ ပြဇာတ်သွားတယ်။ သူနဲ့ စကားပြောစရာကိစ္စ ရှိနေလို့လား။ ရှင်မေးတဲ့အကြောင်း သူပြန်လာရင် ပြောပေးရမလား"

"အိုး...နည်းနည်းပါးပါး ပြောစရာရှိလို့ပါ"

"သူ ဘယ်အချိန် ပြန်ရောက်လာမယ်ဆိုတာတော့ မပြောနိုင်ဘူး။ ပြဇာတ်သွားရင်တော့ အမြဲတမ်းလိုလို မိုးကြီးချုပ်မှ ပြန်လာတတ်တာပဲ"

"သိပ်အရေးတကြီးတော့ မဟုတ်ပါဘူးလေ" ကေက ခေါင်းငိုက်စိုက်ကျသွားရင်း ပြန်ဖြေလိုက်သည်။ "မနက်က သူ့အခန်းကို ကျွန်တော် သုံးလိုက်ရတဲ့အတွက် တောင်းပန်ချင်လို့ပါ"

"ဒီကိစ္စကတော့ မလိုပါဘူးကွယ်။ ရှင်က သိပ်ကို စေ့စပ်လွန်းတာကိုး။ ဘတ်စ်နာကဖြင့် သိတောင် မသိလိုက်ဘူး။ သူလေ ဒီနေ့ မနက်စောစောပိုင်း အချိန်ထိကို ပြန်ရောက်မလာခဲ့သေးဘူး။ သူ့အခန်းထဲမှာ ထားနေကျအတိုင်း ပြန်ထားပြီး နေသားတကျဖြစ်အောင် လုပ်ပေးပြီးသားပါ။ ရှင် ဝင်ကြည့်ချင် ကြည့်သွားပါလား" ဟု ပြောလိုက်ပြီးနောက် ဂရူးဘက်ရှ်က ဘတ်စ်နာ အခန်းတံခါးကို ဖွင့်ပြလိုက်သည်။

"ကျေးဇူးပါပဲဗျာ။ ကျွန်တော် ခင်ဗျားကို ယုံကြည်စိတ်ချပါတယ်" ကေက ပြောလိုက်သည်။ သို့သော် ဖွင့်ထားသော တံခါးမှ အခန်းထဲသို့ ဝင်သွားခဲ့သည်။ မှောင်နေသော အခန်းထဲသို့ လရောင်ကျလျက်ရှိသည်။ မျက်စိထဲတွင် မြင်ရသမျှ ပစ္စည်းများမှာ သူ့နေရာနှင့်သူ ရှိနေခဲ့ပြီး ဘလောက်စ်အင်္ကျီမှာလည်း ပြတင်းပေါက်၌ တိုးလိုးတန်းလန်း ရှိမနေတော့။ မွေ့ရာပေါ်မှ ခေါင်းအုံးများမှာ ထူးထူးခြားခြား မြင့်နေပြီး ခေါင်းအုံးတစ်လုံးနှင့် တစ်လုံး ကွာလှမ်းနေသည်ကို လရောင်ထဲတွင် မြင်တွေ့နေရသည်။

"များသောအားဖြင့် ဒီအမျိုးသမီးက အိမ်ပြန် သိပ်မိုးချုပ်တတ်သလား" ကေက အဘွားကြီးကို အပြစ်တင်လိုက်သည့်သဖွယ် ကြည့်ရင်းက ပြောလိုက်သည်။

"ငယ်ရွယ်သူတွေဟာ ဒီလိုချည်းပါပဲ" ဂရူးဘက်ရှ်က တောင်းပန်သည့် လေသံ

mgyoe.com

mgyoe.com SAMPLE BOOK
ဖြင့် ပြောလိုက်သည်။

"ဟုတ်တာပေါ့ ခင်ဗျာ၊ သိပ်ဟုတ်တာပေါ့" ကေက ပြောလိုက်သည်။ "ဒါပေမဲ့ အခုလို အပြင်ထွက်တာမျိုးဟာ အတောမသတ်အောင် ဖြစ်သွားနိုင်တယ်"

"သိပ်ဖြစ်နိုင်တာပေါ့" ဂရူးဘက်ရှ်က ပြောလိုက်သည်။ "ရှင်ပြောတဲ့စကားဟာ သွေးထွက်အောင်မှန်တယ်။ ကျွန်မအနေနဲ့ ဘတ်စ်နာအပေါ်မှာ မကောင်း မပြောချင်ပါဘူး။ သူဟာ ခင်မင်စရာကောင်းတယ်။ အကျင့်ကောင်းတယ်။ ကြင်နာတတ်တယ်။ ယဉ်ကျေးတယ်။ အချိန်မှန်မှန် လုပ်တတ်ကိုင်တတ်တယ်။ ကျွန်မ သူ့ရဲ့ ဒီအရည်အချင်းကောင်းတွေကို အင်မတန်မှ နှစ်သက်မိတာပေါ့။ ဒါပေမဲ့ သူနဲ့ ပတ်သက်လို့ ငြင်းမရနိုင်တဲ့ အချက်တစ်ချက်တော့ ရှိတယ်။ သူ့ကိုယ်သူ ဒီ့ထက်ပို ထိန်းထိန်းသိမ်းသိမ်းနေပြီး မာနလေးတော့ထားသင့်တာပေါ့။ ဒီတစ်လတည်းမှာပဲ ကျွန်မ သူနဲ့ လမ်းထဲမှာ နှစ်ခါတောင်တွေ့တယ်။ တစ်ခါတွေ့တိုင်း အမျိုးသားကောင်းတစ်ယောက်နဲ့။ ဒီအတွက် ကျွန်မအနေနဲ့ သူ့အပေါ်မှာ စိုးရိမ်မိတယ်။ ဒီအကြောင်းကိုလည်း ကျွန်မ ရှင်ကလွဲလို့ ဘယ်သူ့ကိုမှ မပြောမိပါဘူး။ ဒါပေမဲ့ အဲဒီကိစ္စအတွက် မတတ်နိုင်တာ တစ်ခုတော့ ကျွန်မ စိတ်မကောင်းဘူး။ ဒီကိစ္စအတွက်နဲ့ ပတ်သက်ပြီး ကျွန်မကိုယ်တိုင် သူနဲ့တွေ့မှ အေးအေးဆေးဆေး ပြောပြရဦးမယ်။ ဒါထက် ကျွန်မ သူ့အပေါ် သံသယဝင်မိစေတာက ဒီကိစ္စတစ်ခုတည်းတင် မဟုတ်ပါဘူး"

"ခင်ဗျားပြောတာ ကျွန်တော် ဆိုလိုတာနဲ့ တလွဲဖြစ်နေပြီ" ဖြစ်ပေါ်လာသော ဒေါသကို မထိန်းနိုင်ဘဲ ကေက ပြောလိုက်သည်။ "ဖရော်လိုင်းဘတ်စ်နာနဲ့ ပတ်သက်လို့ ကျွန်တော် မှတ်ချက်ချတာကို ခင်ဗျား အမှတ်မှားသွားတာ ထင်ရှားလွန်းပါတယ်။ ကျွန်တော် ပြောချင်တာက အဲသလို မဟုတ်ပါဘူး။ ဆိုလိုရင်းက သူနဲ့ပတ်သက်ပြီး ဘာမှမပြောအောင် ကျွန်တော်က ခင်ဗျားကို ပွင့်ပွင့်လင်းလင်း သတိပေးချင်တာပါ။ ခင်ဗျား အယူက လုံးဝလွဲမှားသွားခဲ့တာပဲ။ ကျွန်တော်က သူ့အကြောင်းကို ကောင်းကောင်းသိပါတယ်။ ခင်ဗျား ပြောသွားတာတွေ တစ်ခုမှ မမှန်ပါဘူး။ ဒါပေမဲ့ ကျွန်တော် ပြောနေတာကိုက သိပ်လွန်နေပါပြီလေ။ ကျွန်တော် ဘာမှ ကြားဝင်မစွက်ချင်ပါဘူး။ ခင်ဗျားကြိုက်သလို ပြောနိုင်ပါတယ်။ ကဲ...ကျွန်တော် သွားလိုက်ပါဦးမယ်၊ ဂွတ်နိုက်"

"ဂွတ်နိုက်၊ မစ္စတာကေ" ဂရူးဘက်ရှ်က ကေ ဖွင့်ထားခဲ့သော တံခါးကို လိုက်ပိတ်ရင်း တောင်းပန်သည့်လေသံဖြင့် နှုတ်ဆက်လိုက်သည်။
mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မက ဘတ်စ်နာအကြောင်းနဲ့ ပတ်သက်လို့ နာစေလိုတဲ့ သဘောနဲ့ ပြောတာ မဟုတ်ပါဘူး။ ကျွန်မအနေနဲ့ သူ့အတွက် ဘယ်လိုကောင်းအောင် လုပ်ပေးနိုင်မလဲဆိုတာထက် သူ ဘယ်လိုအခြေဆိုက်နေရတယ်ဆိုတာကို အရင် စောင့်ကြည့်ရဦးမှာပါ။ ပြီးတော့လည်း သူ့အကြောင်းနဲ့ ပတ်သက်လို့ ပြောတာဆိုလို့ ရှင်တစ်ယောက်ပဲ ရှိပါသေးတယ်။ ခြုံပြောရရင်တော့ ကျွန်မ အဆောင်မှာနေကြတဲ့ လူတွေရဲ့ အကျိုးစီးပွားအတွက်ပါ။ အဆောင်ရဲ့ ဂုဏ်သိက္ခာကိုလည်း မထိခိုက်၊ မနွမ်းပါးစေရအောင်ပေါ့။ ကျွန်မ စိတ်ထဲမှာ စိုးရိမ်မိနေတာကလည်း အဲဒါပါပဲ"

"ဂုဏ်သိက္ခာ" တံခါးကြားမှနေ၍ ကေက အလေးအနက် ပြောလိုက်သည်။

"ခင်ဗျားရဲ့ အဆောင်ကို ဂုဏ်သိက္ခာ ရှိစေချင်သပဆိုရင်တော့ဗျာ၊ ခင်ဗျား စလုပ်ရမယ့် အလုပ်ကတော့ ကျွန်တော့်ကို နို့တစ်ပေးလိုက်ဖို့ပဲ ရှိတယ်" ထို့နောက် တံခါးကို ပိတ်ပစ်လိုက်သည်။ အပြင်မှ မဝ့်မရဲ ခပ်အုပ်အုပ်ခေါက်နေသည်ကိုလည်း လျစ်လျူရှုထားလိုက်တော့သည်။

တစ်ဖက်မှကြည့်မည်ဆိုလျှင်လည်း ကေ့တွင် အိပ်ချင်စိတ်က မရှိသေး။ ဖရော်လိုင်းဘတ်စ်နာ ဘယ်အချိန်မှ ပြန်လာသည်ကို စောင့်ကြည့်ရန် ကေက စိတ်ဆုံးဖြတ်လိုက်သည်။ သူ့အပြန် နောက်ကျလွန်းနေတောင်မှ ဖြစ်နိုင်စရာအကြောင်းတော့ ရှိနေပါသေးသည်။ အချိန်ကာလအားဖြင့် မသင့်တော်တော့သည်မှာ မှန်သော်လည်း စကားအနည်းငယ်တော့ ပြောလိုက်ချင်သေးသည်။ ပြတင်းပေါက်နားတွင် ပင်ပန်းနွမ်းနယ်လှပြီဖြစ်သော မျက်စိများကို မှိတ်၍ အနားပေးရင်း ဖရောဂရူးဘက်ရှ်က သူ့ကို အဆောင်မှထွက်ရန် နို့တစ်ပေးဖို့ ဖရော်လိုင်းဘတ်စ်နာမှတစ်ဆင့် အလုပ်ခိုင်းရကောင်းမလားဟု ခေတ္တမျှ စဉ်းစားကြည့်မိလိုက်သေးသည်။ သို့သော် ထိုသို့ ပြုလုပ်ခြင်းသည် သူ့အလွန်ဖြစ်ကြောင်း ချက်ချင်း သတိပြုမိသွားပြီး မနက်က ဖြစ်ရပ်အတွက် တခြားဘော်ဒါဆောင်တစ်ခုသို့ သူ ပြောင်းရွှေ့လိုစိတ် တကယ် ရှိ၊ မရှိ သူ့ကိုယ်သူ သံသယဖြစ်စ ပြုလာခဲ့သည်။ ဘာမျှ အသုံးမဝင်သော စကားမျိုးတွေ မရေမရာ ပြောနေခြင်းထက် အသိဉာဏ်ကင်းမဲ့သောအဖြစ် တခြား မရှိနိုင်တော့ပြီ။

လမ်းထဲသို့ ငေးမျှော်ကြည့်နေရသော အဖြစ်ကို ပင်ပန်းငြီးငွေ့လာသောအခါ သူက ဆိုဖာပေါ် ထိုင်ချလိုက်သည်။ လူသွားလမ်းကို မြင်နိုင်ရန် အခန်းတံခါးကို အနည်းငယ် ဟထားလိုက်သည်။ သူထိုင်နေရာမှ မည်သူဝင်လာလာ ချက်ချင်း လှမ်းမြင်နိုင်သည်။ ည ၁၁ နာရီထိုးသည်အထိ သူက ဆိုဖာပေါ်ထိုင်ရင်း ဆေးပြင်းလိပ်

mgyoe.com

mgyoe.com

သောက်နေလိုက်သည်။ သို့သော် သူသည် ထိုင်စောင့်နေရသည့်အဖြစ်ကို စိတ်မရှည်နိုင်တော့။ အဆောင်ဝသို့ သူ လျှောက်သွားလိုက်လျှင် ဖရော်လိုင်းဘတ်စ်နာ ရောက်လာတော့မည့်အလား ထ၍ တစ်လှမ်း၊ နှစ်လှမ်း လျှောက်လိုက်သည်။ ဘတ်စ်နာနှင့် တွေ့ချင်စိတ် ထူးထူးခြားခြားကြီးတော့ မဖြစ်မိ။ ဘတ်စ်နာ ဘယ်ပုံပေါက်နေသည်ကိုပင် သူ မမှတ်မိနိုင်တော့သလိုလို။ သို့သော် သူသည် ယခုအချိန်၌ ဘတ်စ်နာနှင့် စကားပြောချင်နေသည်။ ယခုအချိန်ထိ ပြန်မရောက်လာနိုင်သေးသဖြင့် စကားမပြောလိုက်ရဘဲ တစ်နေ့တာ ကုန်လွန်သွားခဲ့ရတော့မည့် အဖြစ်အတွက် သူသည် စိတ်ချဉ်ပေါက်လျက်ရှိနေသည်။ ညဥ့်ဦးပိုင်းက အယ်လ်ဆာနှင့် သွားတွေ့ရမည်ကိုလည်း ချိန်းထားပြီးမှ မသွားဖြစ်အောင်၊ ညစာကိုလည်း မစားဖြစ်အောင် ဖြစ်ခဲ့ရသမျှတို့အတွက် ဘတ်စ်နာကိုသာ အပြစ်တင်စရာ ဖြစ်နေတော့သည်။ သို့သော် သူ့အနေနှင့် ထိုအမှုတို့ကို တစ်ပြိုင်နက် ဖြေရှင်းပစ်နိုင်သည်။ အယ်လ်ဆာ အလုပ်လုပ်ရာ စားသောက်ဆိုင်သို့ သွားလိုက်ရုံသာဖြစ်သည်။ သို့သော် ဘတ်စ်နာနှင့် စကားအနည်းငယ်ပြောပြီးမှ သွားတော့မည်။

လှေကားမှ ခြေသံကို ကြားလိုက်ရချိန်၌ ၁၁ နာရီခွဲကျော်ကျော် ရှိနေခဲ့ပြီ။ သူသည် သူ့အတွေးနှင့်သူ လုံးလည်လိုက်နေပြီး အလယ်ကြောလမ်းကို သူ့အခန်းတွင်းသဖွယ် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိခဲ့သည်။ ခြေသံကြားမိသည်နှင့် သူ့အခန်းထဲ လှစ်ခနဲ ပြန်ဝင်၍ တံခါးရွက်နား ကွယ်ရပ်နေလိုက်သည်။ ဖရော်လိုင်းဘတ်စ်နာ ပြန်ရောက်လာခြင်းဖြစ်သည်။ တစ်မိနစ်၊ နှစ်မိနစ်အတွင်း သူ့အခန်းရှိရာသို့ ရောက်သွားတော့မည်။ ကေ့အနေနှင့် အခန်းထဲအထိ လိုက်သွား၍တော့ မရနိုင်ရာ။ သို့အတွက်ကြောင့် ယခုအခိုက်အတန့်တွင် ထွက်၍ စကားပြောမှဖြစ်မည်။ သို့သော် ကံမကောင်း အကြောင်းမလှစွာပင် ကေသည် သူ့အခန်းကို မီးမဖွင့်ထားခဲ့မိသဖြင့် အမှောင်ထဲမှ ဘွားခနဲ ပေါ်လာခဲ့လျှင် ဘတ်စ်နာအဖို့ စိတ်နှလုံးတုန်လှုပ်သွားနိုင်ပေသည်။ အချိန်ကတော့ တစ်စက္ကန့်လေးမျှ ဖြုန်းနေချိန်မရ။ သို့ဖြင့် ဝေခွဲ၍မရသောစိတ်နှင့်ပင် တံခါးကြားမှနေ၍ "ဖရော်လိုင်းဘတ်စ်နာ" ဟု ကေက တိုးတိုးလေး ခေါ်လိုက်သည်။ ခေါ်သံနှင့်မတူဘဲ ဘုရားစာရွတ်လိုက်သည့် အသံမျိုး။

"အထဲမှာ ဘယ်သူရှိလဲ" မျက်လုံးအဝိုင်းသားနှင့် နံဘေးနဘေးကြည့်ရင်း ဘတ်စ်နာက မေးလိုက်သည်။

"ကျွန်တော်ပါ" ကေက ပြောရင်း ရှေ့ထွက်ရပ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အိုး…မစ္စတာ ကေပါလား" ဘတ်စ်နာက ပြုံးစစနှင့် ပြန်ပြောလိုက်သည်။

"ဂွတ်–အီဗင်းနင်း" ဘတ်စ်နာက နှုတ်ဆက်ရင်း လက်ကမ်းလိုက်သည်။

"ကျွန်တော် ခင်ဗျားနဲ့ စကားလေး နည်းနည်းပါးပါး ပြောချင်လို့ပါ။ ခွင့်ပြုနိုင်မလား။ ပြောချင်တာကတော့ အခုပဲ"

"ခုချက်ချင်းလား" ဘတ်စ်နာက တအံ့တသြနှင့် ပြန်မေးလိုက်သည်။

"ခုချက်ချင်း ပြောမှဖြစ်မှာတဲ့လား၊ နည်းနည်းလေးတော့ ထူးခြားမနေပေဘူးလားရှင်"

"ကျွန်တော် ခင်ဗျားကို ၉ နာရီထိုးကတည်းက ထိုင်စောင့်နေခဲ့ရတာပါ"

"ဟင်၊ ကျွန်မ ပြဇာတ်သွားကြည့်နေတာ ရှင် သိတယ်မဟုတ်လား။ ပြီးတော့ ရှင် အခုလို ကျွန်မကို စောင့်နေမှန်းမှလည်း မသိတာ"

"ကျွန်တော် ပြောချင်တဲ့စကားက ဒီကနေ့မှပဲ ပေါ်လာခဲ့ရတာကိုး"

"သြော်..ကျွန်မမှာ ထွေထွေထူးထူး ကန့်ကွက်စရာအကြောင်းတော့ မရှိပါဘူးရှင်၊ ဒါပေမဲ့ ကျွန်မ သိပ်ကို ပင်ပန်းလာခဲ့တာမို့ အခုတောင် ခြေထောက်ပေါ် အနိုင်နိုင် ရပ်နေရတာ။ ဒီတော့ ရှင် ကျွန်မအခန်း ခဏတစ်ဖြုတ် လိုက်ခဲ့ပါလား။ ပြီးတော့ ဒီနေရာမှာလည်း ရပ်ပြီး စကားပြောလို့မှ မဖြစ်တာ။ တခြားသူတွေ နိုးကုန်ပါ့မယ်။ သူတို့နိုးတဲ့အရေးထက် ကျွန်မတို့ အရေးက ပိုအရေးကြီးတယ် မဟုတ်လား။ ကျွန်မ အခန်းထဲမှာ မီးဖွင့်ပြီးတဲ့အချိန်ထိ ရှင် ဒီကရပ်စောင့်နေ၊ ပြီးတော့ ရှင့်အခန်းထဲ မီးငြိမ်းခဲ့ပေါ့။

ကေက ဘတ်စ်နာ ပြောသည့်အတိုင်းလုပ်သည်။ သို့သော် ဘတ်စ်နာက သူ့အခန်းမှ လာခဲ့ဖို့ ခပ်တိုးတိုး ဖိတ်ခေါ်လိုက်သည်အထိ ရပ်စောင့်နေလိုက်သည်။

"ထိုင်ပါဦး" ဘတ်စ်နာက ဆိုဖာကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ ပင်ပန်းလှပါသည်ဟု ညည်းတွား ထုတ်ဖော်ပြောခဲ့လင့်ကစား သူကိုယ်၌ကတော့ ခုတင်စွန်း ဝင်ထိုင်လိုက်သည်။ ပန်းပွင့်လေးများပါသော ဦးထုပ်ကို မချွတ်သေး။

"ကဲ…ပြောစမ်းပါဦး၊ ဘာများလဲ။ ကျွန်မဖြင့် သိပ်စိတ်ဝင်စားသွားပြီ" သူက ခြေကလိမ်ချိတ်ရင်း ပြောလိုက်သည်။

"ခင်ဗျားအနေနဲ့ ပြောမယ်ဆိုရင်လည်း ပြောလို့ရပါတယ်" ကေက စကားစလိုက်သည်။ "ဒါလောက် အလောတကြီး ဒီကိစ္စကို ပြောဖို့မလိုပါဘူးလို့။ ဒါပေမဲ့…"

"ကျွန်မဟာ အချီးတွေ၊ နိဒါန်းတွေ သွယ်နေတာ သိပ်နားထောင်လေ့ရှိတာ

မဟုတ်ဘူးနော်။ ပြောစမ်းပါ တဲ့တိုး…" ဘတ်စ်နာက ပြောချလိုက်သည်။

"ခင်ဗျားက အခုလိုပြောလိုက်တော့ ကျွန်တော့်အဖို့ ပြောရဆိုရတာ လွယ်သွားတာပေါ့လေ" ကေက ပြောလိုက်သည်။ "ကနေ့ မနက်ပိုင်းက ခင်ဗျားအခန်းထဲက ပစ္စည်းတချို့ ဟိုသည် အရွှေ့ခံရတယ်။ အဲသလို ဖြစ်ရတဲ့အဖြစ်က ကျွန်တော့်အတွက်နဲ့ကြောင့်ပါ။ ကျွန်တော်မသိတဲ့ လူစိမ်းတွေက ကျွန်တော့်သဘောနဲ့ ဆန့်ကျင်ပြီး လုပ်သွားခဲ့ကြတာပဲ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ ကျွန်တော့်အပြစ်ပဲ။ အဲဒီကိစ္စအတွက် ကျွန်တော် တောင်းပန်ချင်လို့ပါ"

"ကျွန်မ အခန်းထဲမှာ ဟုတ်လား" ဘတ်စ်နာက မေးလိုက်ပြီး ကေ့ကို မကြည့်ဘဲ အခန်းတွင်းသို့ ဟိုဟိုသည်သည် လျှောက်မျက်စိကစားလိုက်သည်။

"အဲဒါ ဟုတ်ပါတယ်" ကေက ပြောလိုက်ပြီး သူတို့နှစ်ယောက် ပထမဆုံးအကြိမ်အဖြစ် အကြည့်ချင်းဆုံသွားကြကာ တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြသည်။

"ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတဲ့ အပိုင်းကတော့ စကားထဲ ထည့်ပြောစရာကောင်းလောက်တဲ့ အဖြစ်မျိုး မဟုတ်ပါဘူး"

"အို ဘယ်ဟုတ်ပါ့မလဲ၊ အဲဒီအပိုင်းက စိတ်ဝင်စားစရာ အကောင်းဆုံးပေါ့ရှင်" ဘတ်စ်နာက ပြန်ပြောလိုက်သည်။

"စိတ်ဝင်စားစရာ မကောင်းပါဘူး" ကေက ပြောလိုက်သည်။

"အင်းလေ" ဘတ်စ်နာက ပြောလိုက်သည်။ "ကျွန်မအနေနဲ့ ရှင့်ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်ကို ဝင်စနည်းနာ မကြည့်ချင်ပါဘူး။ တကယ်လို့ ရှင်က အဲဒီကိစ္စအရေးမကြီးဘူးလို့ ဆိုလာရင်လည်း ကျွန်မ ပြိုင်ပြီးငြင်းမနေချင်တော့ပါဘူး။ ရှင်က ကျွန်မကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ အဲ…ကျွန်မကလည်း ရှင့်ကို ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်တယ်။ အခန်းထဲမှာ ခြေရာလက်ရာ ပျက်လောက်အောင်လည်း ဘာမှ ဖြစ်သွားခဲ့တာ မဟုတ်ပါဘူး"

ဘတ်စ်နာက တင်ပါးပေါ် လက်နှစ်ဖက်ထောက်၍ ဟိုသည် လျှောက်ကြည့်လိုက်သည်။ ဓာတ်ပုံများ ချိတ်ထားသောနေရာအောက်ရှိ မြက်ဖျာအနီးသို့ ရောက်သောအခါ ဘတ်စ်နာက ရပ်လိုက်သည်။

"ဒီမှာကြည့်စမ်းပါဦး" ဘတ်စ်နာက ပြောလိုက်သည်။ "ကျွန်မ ဓာတ်ပုံတွေအားလုံး အရောရောအနှောနှော ဖြစ်ကုန်ပြီ။ ဒါတော့ မကောင်းဘူးပေါ့။ ဒါဖြင့်

mgyoe.com

 mgyoe.com SAMPLE BOOK 

ကျွန်မ အခန်းထဲကို လုံးဝ ဝင်ခွင့်မရှိတဲ့ လူတစ်ယောက်ယောက် ဝင်သွားခဲ့လို့ပဲ ဖြစ်မယ်"

ကေက ခေါင်းညိတ်ပြရင်း အသံမထွက်ဘဲ ဂနာမငြိမ်တတ်သော စာရေးကာမိနာကို စိတ်ထဲမှ ကျိတ်ကျိန်ဆဲမိသည်။

"ဒါဟာ သိပ်စိတ်ဝင်စားစရာ ကောင်းတာပဲ" ဘတ်စ်နာက ပြောလိုက်သည်။ "အခုတော့ ကျွန်မအနေနဲ့ ရှင့်ကိုယ်ရှင် မလုပ်မိအောင် ထိန်းသိမ်းဖို့ ကောင်းတဲ့အလုပ်ကို မလုပ်ဖို့ ရှင့်ကို ကျွန်မ တားရတော့မယ်ပေါ့လေ။ အဲဒါကတော့ ကျွန်မ မရှိတုန်း အခန်းထဲ မဝင်ဖို့ပေါ့"

"ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို ရှင်းပြပြီးခဲ့ပြီပဲဗျာ" ကေက ဓာတ်ပုံများရှိရာသို့ လျှောက်သွားရင်း ပြောလိုက်သည်။ "ဒီဓာတ်ပုံတွေ ရွှေ့တာ ကျွန်တော် မဟုတ်ပါဘူး။ ဒါထက် ခုထိ ခင်ဗျားက ကျွန်တော်ပြောတာတွေကို မယုံနိုင်သေးဘူးဆိုရင်လည်း ပြောပြရတာပေါ့။ စစ်ဆေးမေးမြန်းရေး ကော်မရှင်က ဒီကို ဘဏ်က စာရေးသုံးယောက်လောက် ခေါ်လာတယ်။ အဲဒီအထဲက တစ်ယောက်ကတော့ အခွင့်သာတာနဲ့ ကျွန်တော် အလုပ်ထုတ်ပစ်မယ့်သူပဲ။ အဲဒီလူက ခင်ဗျားရဲ့ ဓာတ်ပုံတွေကို ရှုပ်ထွေးကုန်အောင် လုပ်သွားခဲ့တာပဲ ဖြစ်ကိုဖြစ်ရမယ်" ဘတ်စ်နာ၏ စူးစမ်း စနည်းနာသော အကြည့်ကို ဖြေကြားသည့်အနေနှင့် ကေက ဆက်လက်ရှင်းပြလိုက်သည်။ "ဟုတ်တယ်၊ မနက်က စစ်ဆေးရေးကော်မရှင် လာသွားတယ်"

"ရှင့်အတွက်နဲ့ပေါ့လေ" ဘတ်စ်နာက မေးလိုက်သည်။

"ဟုတ်ပါတယ်" ကေက ဖြေလိုက်သည်။

"မဖြစ်နိုင်လိုက်တာ" ဘတ်စ်နာက ရယ်မောရင်း ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ တကယ်ပြောတာပါ" ကေက ပြန်ပြောလိုက်သည်။ "ဘာကြောင့်လဲ၊ ခင်ဗျားက ကျွန်တော့်မှာ အပြစ်မရှိဘူးလို့ ထင်နေလို့လား"

"ဆိုပါတော့၊ အပြစ်မဲ့တယ်" ဘတ်စ်နာက ပြောလိုက်သည်။ "အဓိပ္ပာယ်များစွာ ဆောင်နေတဲ့ကိစ္စမျိုးကို ကျွန်မအနေနဲ့ တဒင်္ဂအတွင်းမှာ အကဲခတ်ပြီး အဆုံးအဖြတ် မပေးလိုပါဘူး။ ဒါထက် ကျွန်မ ရှင့်အကြောင်းကို တကယ်ပဲ ဘာမှမသိပါဘူး။ ဒါပေမဲ့လေ မထူးပါဘူး။ စုံစမ်းရေးကော်မရှင်အဖွဲ့ လိုက်လာမှတော့ ရှင့်ကိစ္စဟာ တကယ်အရေးကြီးတဲ့ ကိစ္စမျိုးကို ကျူးလွန်မိတာ ဖြစ်မှာပေါ့။ ဒါတောင် ရှင်က အခုအထိ ရှင့်စိတ်နဲ့ ရှင့်ကိုယ် လွတ်လွတ်လပ်လပ် ရှိနေရသေးတယ်။ အနည်းဆုံး

mgyoe.com

mgyoe.com
SAMPLE BOOK


တော့ ရှင့်ပုံပန်းကို ကျွန်မ အကဲခတ်ကြည့်ရတာ အချုပ်ခန်းက လွတ်လာခါစ ပုံစံမျိုးတော့ မဟုတ်ပါဘူး။ မဟုတ်သေးပါဘူးလေ။ ရှင်ဟာ ကြီးကျယ်တဲ့ ရာဇဝတ်မှုကို ကျူးလွန်တာမျိုးတော့ ဖြစ်ကို မဖြစ်နိုင်ပါဘူး"

"ဟုတ်ပါတယ်" ကေက ပြောလိုက်သည်။ "ဒါပေမဲ့ ကျွန်တော်ဟာ အပြစ်မဲ့သူ မဟုတ်ကြောင်း စုံစမ်းရေးကော်မရှင်က ရှာတွေ့ချင် တွေ့သွားမှာပါ။ ဒါပေမဲ့ ကျွန်တော်ဟာသူတို့ထင်သလောက်တော့ အပြစ်ကြီးနိုင်မှာ မဟုတ်ပါဘူး"

"သေချာတယ်၊ ရှင်ပြောတဲ့စကား ဖြစ်နိုင်တယ်" ဘတ်စ်နာက အရေးတယူနှင့် ပြောလိုက်သည်။

"ခင်ဗျားတွေ့တဲ့အတိုင်းပဲ" ကေက ပြောလိုက်သည်။ "ခင်ဗျားဟာ ဥပဒေရေးရာနဲ့ ပတ်သက်တဲ့ ကိစ္စရပ်မျိုးမှာ သိပ်အတွေ့အကြုံရှိပုံ မရပါဘူး"

"ဟုတ်တယ်။ ကျွန်မ သိပ်မကြုံခဲ့ဖူးဘူး" ဘတ်စ်နာက ပြောလိုက်သည်။ "အဲဒီအတွက်လည်း ကျွန်မ ဝမ်းနည်းမိတယ်။ ကျွန်မက သိသင့်တဲ့ကိစ္စရပ်မှန်သမျှကို သိနားလည်ချင်တယ်။ အထူးသဖြင့် တရားရုံးနဲ့ဆိုင်တဲ့ ကိစ္စရပ်မျိုးတွေဆို ပိုလို့သိချင်သေးတယ်။ တရားရုံးမှာ သိချင်စရာ အမှုတွေက စိတ်ဓာတ်ကို ဆွဲဆောင်နိုင်တယ်။ ဟုတ်တယ် မဟုတ်လား။ ဒါပေမဲ့ မကြာခင်မှာပဲ ကျွန်မရဲ့ မသိနားမလည်မှုတွေကို ပပျောက်အောင် ကြိုးစားပြီး နည်းလမ်းရှာရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ရှေ့လကျရင် ရှေ့နေရဲ့ ရုံးခန်းမှာ ကျွန်မက စာရေးမ ဝင်လုပ်တော့မှာကိုး"

"အဲဒါ သိပ်ကောင်းတာပေါ့" ကေက ပြောလိုက်သည်။ "ဒါဆို ကျွန်တော့်အမှုအတွက် ခင်ဗျားအနေနဲ့ နည်းနည်းပါးပါး အကူအညီပေးနိုင်တာပေါ့"

"ဒါပေါ့လေ" ဘတ်စ်နာက ပြောလိုက်သည်။ "ဘာကြောင့် မကူညီဘဲ နေရမလဲ။ ကျွန်မ တတ်သမျှ မှတ်သမျှကို ထုတ်ဖော်ရတဲ့အလုပ်မျိုး ကျွန်မ သိပ်နှစ်သက်တာ"

"ဒါပေမဲ့ ကျွန်တော်က အတည်ပေါက်ပြောနေတာနော်" ကေက ပြောလိုက်သည်။ "မဟုတ်ရင်တောင် အနည်းဆုံး ကျွန်တော် ပြောသွားတာရဲ့ တစ်ဝက်လောက်တော့ အလေးထားပါတယ်။ ခင်ဗျားအဓိပ္ပာယ် ကောက်ချင်သလို ကောက်ပါ။ အမှုက သိပ်သေးဖွဲလွန်းတော့ ရှေ့နေငှားလောက်အောင် မကြီးကျယ်ပါဘူး။ ဒါပေမဲ့ အကြံပေးအဆင့်လောက်နဲ့ ပြီးနိုင်ပါတယ်"

"ဟုတ်တယ်ပဲ ထားပါတော့လေ၊ တကယ်လို့ ကျွန်မကိုသာ အကြံပေးအဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK
ထားမယ်ဆိုရင် ကျွန်မအနေနဲ့ ဘာကစပြီး ဘယ်လိုဖြစ်တယ်ဆိုတာကိုတော့ သိထားရမှာပေါ့"

"အဲဒါက တကယ့်ကို ခက်တဲ့ အခက်ပဲ" ကေက ပြောလိုက်သည်။ "ကျွန်တော် ကိုယ်နှိုက်ကိုက ဘာအမှုမှန်း မသိသေးဘူး"

"ဒါဖြင့် ရှင်က ကျွန်မကို သက်သက်လာပြီး နောက်ပြောင်ပြက်ရယ်ပြုနေတာ ပေါ့လေ" အကြီးအကျယ် စိတ်ပျက်သွားသော လေသံဖြင့် ပြောလိုက်သည်။ "ဒါဆို အခုလို ညကြီးမိုးချုပ်ထိ စောင့်ပြောလောက်အောင် မလိုအပ်တဲ့ ကိစ္စမျိုးဆိုတာကတော့ သေချာပြီ" သူတို့နှစ်ယောက် အကြာကြီး အတူရပ်နေမိကြသော ဓာတ်ပုံများအနီးမှ ဘတ်စ်နာ ထွက်ခွာသွားသည်။

"ဒါပေမဲ့ ဘတ်စ်နာရယ်" ကေက ပြောလိုက်သည်။ "ကျွန်တော်ဟာ ခင်ဗျားကို နောက်ပြောင်နေတာ မဟုတ်ပါဘူး။ ခင်ဗျား ကျွန်တော့်အပေါ် ဘာကြောင့် မယုံနိုင်ရတာလဲ။ ကျွန်တော် သိသမျှ အကုန်လုံး ခင်ဗျားကို ပြောပြပြီးပြီပဲ။ အမှန်တော့ ကျွန်တော် သိတာထက်တောင် ပြောတာက ပိုပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ စုံစမ်းရေး ကော်မရှင်အစစ်မဟုတ်ဘူး။ ဘာကြောင့် အဲသလို ခေါ်လိုက်ရသလဲဆိုတော့ ကျွန်တော် သူတို့ကို ဘယ်လိုနာမည်တပ် ခေါ်ရမှန်း မသိလို့ အဲသလို ခေါ်လိုက်ရတာပဲ။ စစ်လား ဆေးလား ဆိုလို့ ဘာတစ်ခုမှ လုပ်မသွားဘူး။ ကျွန်တော် အဖမ်းခံလိုက်ရတာ သက်သက်ပဲ။ ဒါပေမဲ့ အဲဒီအဖွဲ့ဟာလည်း ကော်မရှင်အဖွဲ့ပဲ"

ဘတ်စ်နာက ဆိုဖာပေါ် ထိုင်ချလိုက်ပြီး ရယ်မောလိုက်ပြန်သည်။

"ဒါဖြင့် ဘယ်လိုပုံပန်းနဲ့ လူတွေလဲ" ဘတ်စ်နာက မေးလိုက်သည်။

"ဆိုးရွားပါတယ်" ကေက ပြောလိုက်သည်။ ကေသည် သူ့ပါးစပ်မှ ဘာတွေ ပြောမိသည်ကို ဂရုမစိုက်တော့။ အဘယ်ကြောင့်ဆိုသော် ဘတ်စ်နာကို ငေးကြည့်နေမိသောကြောင့်ဖြစ်သည်။ ဘတ်စ်နာက ဆိုဖာပေါ်တွင် လက်တစ်ဖက် နောက်ပစ်၍ လက်ပေါ် ခေါင်းမှီထိုင်ရင်း ဆိုဖာလက်တင်ပေါ် တံတောင်ထောက်ထားသောလက်ဖြင့် တင်ပါးကို ပွတ်သပ်လျက်ရှိသည်။

"ရှင့်စကားက သိပ်ကို အပေါ်ယံ ရုပ်လွန်းပါတယ်"

"ကျွန်တော် ပြောတဲ့စကားထဲမှာ ဘာများ ပေါ့ပေါ့တန်တန်ပါလို့လဲ" ကေက မေးလိုက်သည်။ ထို့နောက် သူ့စိတ်များ ပြန်လည်၍ ပုံမှန်ဖြစ်သွားသောအခါ မေးလိုက်ပြန်သည်။
mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်က ဘယ်လိုဖြစ်တယ်ဆိုတာကို ခင်ဗျားနားလည်အောင် ကျွန်တော် ပြောပြရမှာလား" သူက အခန်းထဲ ဟိုသည် လျှောက်ချင်စိတ် ပေါ်လာခဲ့သော်လည်း အခန်းထဲမှ ထွက်ခွာမသွားလိုသေးပေ။

"ကျွန်မ ပင်ပန်းလှပြီ" ဘတ်စ်နာက ပြောလိုက်သည်။

"ခင်ဗျားက အိမ်ပြန်လာတာ သိပ်ကိုနောက်ကျတာကိုး" ကေက ပြောလိုက်သည်။

"သြော်...ရှင်က ကျွန်မအပေါ် အပြစ်တင်စကား ပြောလိုက်တာပေါ့လေ။ ဟုတ်ပါတယ်။ ကျွန်မကလည်း အပြောခံထိုက်သူ ဖြစ်နေတာကိုး။ ရှင့်ကို ကျွန်မ အခန်းထဲ ခေါ်မလာမိရင်လည်း အကောင်းသား"

ကေက ပြောလိုက်သည်။ "ခင်ဗျားအိပ်ရာဘေးက စားပွဲကို ကျွန်တော် ရွှေ့လို့ ရမလား"

"ဘာစိတ်ကူးတွေ ပေါက်နေတာလဲ" ဘတ်စ်နာက အော်ပြောပစ်လိုက်သည်။

"ရွှေ့စရာမလိုဘူး၊ မရွှေ့ပါနဲ့"

"ဒါဆို ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော် ခင်ဗျားကို လုပ်ကိုင်ပြလို့ မရတော့ဘူး" သူ့အပေါ်တွင် ပြင်မရသည့်အမှားကြီးတစ်ခု ပြုမူခြင်း ခံလိုက်ရသူပမာ ကေက စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် ပြောလိုက်သည်။

"အို...တကယ်လို့ ရှင် လုပ်ကိုင်ပြသဖို့အတွက် တကယ်ပဲ လိုအပ်တယ်ဆိုရင်တော့ ရှင်ကြိုက်သလို ရွှေ့နိုင်ပါတယ်" ဘတ်စ်နာက ပြောလိုက်သည်။ ခေတ္တနားလိုက်ပြီးနောက် အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်ပြန်သည်။

"ကျွန်မ ရှင့်ကို သိပ်အခွင့်အရေး ပေးလွန်းတော့လည်း ကျွန်မ သိပ်ပင်ပန်းရတာပေါ့လေ"

ကေက စားပွဲကို အခန်းအလယ်ရွှေ့ချထားလိုက်ပြီးနောက် စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"ခင်ဗျား စိတ်မှန်းနဲ့သာ ကြည့်လိုက်ပေတော့။ အတော် စိတ်ဝင်စားစရာ ကောင်းပါတယ်။ အခု ကျွန်တော်ထိုင်သလို အင်စပက်တာကြီးက ထိုင်နေတယ်။ ဗီရိုပုလေးပေါ်မှာတော့ ဝါဒါနှစ်ယောက် ထိုင်နေကြတယ်။ ဓာတ်ပုံတွေနားမှာတော့ လူငယ်စာရေးသုံးယောက် ရပ်နေကြတယ်။ ပြတင်းပေါက်က ချိတ်မှာ ဘလောက်စ်အင်္ကျီက တွဲလောင်းကျနေတယ်။ ကဲ...အခု ကျွန်တော်တို့ စနိုင်ပါပြီ။ အို...ကျွန်တော့်ကိုယ်

mgyoe.com

ကျွန်တော် မေ့နေလိုက်တာ။ တကယ် အရေးကြီးတဲ့ ပုဂ္ဂိုလ်ကျမှ။ ကျွန်တော်က ဟောဒီစားပွဲရဲ့ ရှေ့တည့်တည့်ကြီးမှာ ရပ်နေတယ်။ အင်စပက်တာက သူ့ခြေနှစ်ချောင်း ချိတ်ပြီး ဖိမ်နဲ့ထိုင်နေတယ်။ သူ့ရဲ့ လက်ကြီးနှစ်ဖက်ကို ဟောဒီလို နောက်ပစ်ပြီး တန်းလန်းကြီးထားတယ်လေ။ တကယ့်ကို ရိုင်းပျတဲ့သူပဲ။ ကဲ–အခု ဖြစ်ပျက်လာပုံ တွေကို စပြောတော့မယ်။ အင်စပက်တာက အော်ဟစ်ပြောနေလိုက်ပုံက ကျွန်တော့်ကို အိပ်ရာထဲက နှိုးနေရသလိုပဲ။ တကယ့်ကို ဆူဆူပူပူနဲ့။ ကျွန်တော်လည်း လန့်သွားတာ ပေါ့။ ခင်ဗျား နားလည်အောင် လုပ်ပြရမယ်ဆိုရင် ကျွန်တော်ကလည်း ပြန်အော်တော့ တာပဲ။ ဒါပေမဲ့ သူ အော်တာက ကျွန်တော့်နာမည်ကိုသာ အော်တာ"

စိတ်ပါဝင်စားစွာ နားထောင်နေသော ဘတ်စ်နာက ကေ့ကို မအော်မိစေရန် လက်ချောင်းလေးနှင့် နှုတ်ခမ်းကို ပိတ်၍ သတိပေးလိုက်သေးသော်လည်း သူ့အဖြစ် တွင် သူ စိတ်ဝင်စားနေသော ကေကို အချိန်မီ တားမြစ်နိုင်ရန် နောက်ကျသွားခဲ့လေ ပြီ။

"ဂျိုးဇက်ကေ"

အမှန်တကယ်တမ်းတွင် ခြိမ်းခြောက်သံထက် အင်စပက်တာကြီး၏အသံ မကျယ်သော်လည်း သူ့ပါးစပ်မှ အရှိန်နှင့် ထွက်ပေါ်လာခဲ့သော လေသံသည် လေ ထဲတွင် ခေတ္တဆိုင်းကာ တစ်ခန်းလုံး ပျံ့နှံ့သွားတော့သည်။

ထို့နောက် အခန်းချင်းကပ်လျက် တစ်ဖက်ခန်းမှ ကျယ်လောင်သော တံခါး ခေါက်သံ မှန်မှန်ထွက်ပေါ်လာခဲ့သည်။ ဘတ်စ်နာသည် ထိတ်လန့်သွားပြီး သူ့ရင်အုံ ကို လက်ကလေးနှင့် ဖိထားလိုက်သည်။ သရုပ်ဆောင်နေခဲ့သော ကေလည်း အတော် လေး တုန်လှုပ်ချောက်ချားသွားပြီး မနက်ခင်းက အဖြစ်အပျက်များ သူ့ခေါင်းထဲမှ ထွက်သွားရန် အတော်လေး ထုတ်ယူရသည်။ သတိပြန်ဝင်လာသည်နှင့် တစ်ပြိုင်နက် သူက ဘတ်စ်နာရှိရာသို့ ပြေးသွားပြီး လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"မကြောက်ပါနဲ့" သူက တိုးတိုးပြောလိုက်သည်။ "အားလုံး အဆင်ပြေသွား အောင် ကျွန်တော် ကြည့်ရှင်းလိုက်ပါ့မယ်။ ဒါပေမဲ့ ဘယ်သူ တံခါးခေါက်တာဖြစ်နိုင် သလဲ။ ဟိုဘက်အခန်းက နားနားနေနေ နေတဲ့အခန်းပဲ။ ဘယ်သူမှ အိပ်ကြတာမှ မဟုတ်တာ"

"မဟုတ်ဘူး" ဘတ်စ်နာက ကေ့နားနားကပ်၍ တိုးတိုးလေး ပြောလိုက်သည်။ "အဘွားကြီးရဲ့ တူလေ၊ မနေ့ကတည်းက စအိပ်တာ၊ စစ်ဗိုလ်တဲ့။ သူ့သိပ်ဖို့ တခြား

mgyoe.com

အားတဲ့အခန်းမှ မရှိတော့တာ။ ကျွန်မလည်းအဲဒါကို မေ့နေလိုက်တာ။ ရှင်က ဘာဖြစ်လို့ အော်ရတာလဲ။ ကျွန်မတော့ စိတ်ရှုပ်တာပါပဲ"

"ဒါအတွက် စိတ်ရှုပ်နေစရာ မလိုပါဘူး" ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သော ဘတ်စ်နာကို ကေက ပြောလိုက်ပြီးနောက် နဖူးကို ငုံ့နမ်းလိုက်သည်။

"ရှင် သွားပါတော့၊ ထွက်သွားပါတော့" ဘတ်စ်နာက ဆတ်ခနဲ ကိုယ်ကို မတ်မတ်ထိုင်ရင်း ပြောလိုက်သည်။ "အခုကို ထွက်သွားပါတော့၊ သွားပါတော့ဆိုနေမှ ရှင်က ဘာငိုင်ပြီး စဉ်းစားနေရတာလဲ၊ ဟိုက တံခါးကပ်နားထောင်နေတာ၊ အကုန်ကြားရမှာပဲ၊ ရှင် ကျွန်မကို သိပ်နှိပ်စက်တာပဲ"

"မသွားဘူး၊ ကျွန်တော် မသွားနိုင်သေးဘူး" ကေက ပြောလိုက်သည်။ "ခင်ဗျား စိတ်အေးအေးဆေးဆေးနဲ့ စိတ်သက်သာရာရမှ ကျွန်တော် သွားပါ့မယ်။ လာပါ ဒီဘက်အခန်းနံရံစွန်းဘက် ကပ်ခဲ့ပါ"

ဘတ်စ်နာက ကေခေါ်ရာဆီသို့ လိုက်ပါသွားတော့သည်။

"ခင်ဗျား မေ့သွားတယ်" ကေက ပြောလိုက်သည်။

"အခုကိစ္စကြောင့် ခင်ဗျားကို ထိခိုက်နစ်နာသွားမှာ ကျနေတာပဲ။ ခင်ဗျား အတွက် ဘာအန္တရာယ်မှ ရှိမလာနိုင်ပါဘူး။ ခင်ဗျားလည်း သိသားနဲ့။ ဖရောဂရူးဘက်ရှ်ရဲ့ စကားဟာ ဘယ်လောက်ထိ အဆုံးအဖြတ်ပေးနိုင်တယ်ဆိုတာ၊ ပြီးတော့ စစ်ဗိုလ်ကလည်း သူ့ရဲ့တူပဲ မဟုတ်လား။ နောက်...အဘွားကြီးဟာ ကျွန်တော့်ကို ဘယ်လောက် အထင်ကြီး လေးစားတယ်ဆိုတာလည်း ခင်ဗျားအသိပဲ။ ကျွန်တော် ပြောသမျှကိုလည်း အကြွင်းမဲ့ ယုံတာပဲ။ ပြီးတော့ သူဟာ ကျွန်တော့်ကျေးဇူးမကင်းပါဘူး။ ကျွန်တော့်ဆီက ငွေလှည့်သုံးထားတာ အတော်မတောင် များနေပြီ။ ကျွန်တော်တို့ ခုလို နှစ်ယောက်တည်း ရှိနေခဲ့တဲ့အဖြစ်ကို ခင်ဗျားစိတ်ကြိုက် ဘယ်လို ပြောပေးရမယ်ဆိုတာကိုသာ ပြောပါ...သူ လက်ခံနားလည်အောင် ကျွန်တော် ပြောပေးနိုင်ပါတယ်။ ယုတ္တိရှိရှိပေါ့။ ဒါဆို အားလုံးက လက်ခံလာအောင် ဂရူးဘက်ရှ်ကို ပြောခိုင်းပေးပါ့မယ်။ သူကိုယ်တိုင်လည်း ယုံကြည်လာအောင်ပေါ့။ ခင်ဗျား ကျွန်တော့်ကို ထည့်တွက်စရာ မလိုပါဘူး။ ကျွန်တော်က ခင်ဗျားအခန်းထဲ ကျူးကျူးကျော်ကျော် ဝင်ရောက် ရမ်းကားတယ်လို့ ပြောပေးရမလား။ ဂရူးဘက်ရှ်ကို သည်အတိုင်း သတင်းလွှင့်ခိုင်းလိုက်ပါ့မယ်။ သူ့အနေနဲ့တော့ ကျွန်တော့်အပေါ် ယုံကြည်စိတ်ချမှု လျော့ပါးသွားမှာ မဟုတ်ပါဘူး။ သူဟာ ကျွန်တော့်ကို အတော် သံယောဇဉ်ကြီးရှာပါတယ်"

mgyoe.com

ဖရော်လိုင်းဘတ်စ်နာသည် ငြိမ်သက်တွေဝေစွာ ကြမ်းပြင်ကို ငေးကြည့်နေသည်။

"ကျွန်တော် ခင်ဗျားကို စော်ကားခဲ့တယ်ဆိုတာ ဂရူးဘက်ရှ်က ဘာကြောင့် မယုံနိုင် ဖြစ်ရမှာလဲ"

ကေက စကားကို ဆက်လိုက်သည်။ သူက ဘတ်စ်နာ၏ နီကြင်ကြင် ဆံပင်များကို ငေးကြည့်နေမိသည်။ ဘတ်စ်နာက ဆံပင်ကို အလယ်တည့်တည့်ခွဲထား ပြီး နောက်တွဲဆံထုံး လျော့လျော့လေး ထုံးထားသည်။ ကေက သူမ မော့အကြည့်ကို မျှော်လင့်ပါသော်လည်း ဘတ်စ်နာက ပုံစံမပြောင်း ခေါင်းငုံ့ထားရင်းက စကားပြန် လေသည်။

"ကျွန်မကို ခွင့်လွှတ်ပါ...တစ်ဖက်ခန်းမှာ စစ်ဗိုလ်တစ်ယောက်ရှိနေလို့ ဖြစ် လာမယ့် အကျိုးဆက်တွေထက် တံခါးခေါက်သံကို ကျွန်မ ကြောက်မိတာပါ။ ရှင် မအော်ခင်အချိန်ထိ တိတ်ဆိတ်နေတယ်လေ...နောက်မှ တံခါးခေါက်သံတွေ ထွက် လာတယ် မဟုတ်လား။ ဒါကြောင့်မို့လည်း ကျွန်မ သိပ်ကြောက်သွားမိတာပေ့ါ။ နောက် ကျွန်မ ထိုင်နေတာက တံခါးနားမှာဆိုတော့ ကျွန်မဘေးက ကပ်ပြီး ခေါက် လိုက်သလိုမျိုး ထွက်လာတာကိုး။ ရှင် ကမ်းလှမ်းတဲ့စကားကို ကျွန်မ လက်ခံပါတယ်။ ဒါပေမဲ့ ရှင့်ရဲ့ကမ်းလှမ်းချက်ကိုတော့ လက်မခံနိုင်ဘူး။ ကျွန်မအခန်းထဲမှာ ဖြစ်တဲ့ ကိစ္စမှန်သမျှနဲ့ ပတ်သက်လို့ ကျွန်မ တာဝန်ယူရပါတယ်။ ဘယ်သူက ဘယ်လို မေးခွန်းမျိုးတွေ မေးလာလာပေ့ါ။ ကျွန်မ အံ့ဩတာက ရှင် ကျွန်မကို စော်ကားသလို ဖြစ်သွားတာကို ရှင်မသိတာကိုပဲ။ ကျွန်မ ဆိုလိုတာက ရှင့်အကြံပေးစကားရဲ့ တာသွား ပုံကိုပါ။ ရှင်ကတော့ စိတ်ရင်းကောင်းနဲ့ ပြောလိုက်တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ကျွန်မ သဘောပေါက်ပါတယ်။ ကဲ–အခုလောလောဆယ်တော့ ကျွန်မ တစ်ယောက် တည်း အေးအေးဆေးဆေး နေပါရစေ။ ရှင် ထွက်သွားပါတော့။ ကျွန်မအဖို့ နားအေး ပါးအေး နေဖို့ သိပ်လိုအပ်နေပြီ။ ရှင့် တစ်မိနစ်၊ နှစ်မိနစ်လောက် ဆိုတာကလည်း နာရီဝက်တောင် မကဘူး။ တစ်နာရီလောက်တောင် ရှိနေပြီ"

ကေက ဘတ်စ်နာ၏ လက်ကလေးကို ကိုင်ပြီး လက်ကောက်ဝတ်ကို ဆုပ်ထား လိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို စိတ်မဆိုးပါဘူးနော်"

ကေက မေးလိုက်သည်။ ဘတ်စ်နာက ကေ၏လက်ကို ဖယ်ပစ်လိုက်ပြီး –

mgyoe.com

"မဆိုးပါဘူး။ ကျွန်မ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဘယ်တော့မှ စိတ်မဆိုးတတ်ဘူး"

ကေက ဘတ်စ်နာ၏ လက်ကောက်ဝတ်ကို တစ်ခါထပ်၍ ဆုပ်ကိုင်လိုက်ပြန်သည်။ ဘတ်စ်နာက ရုန်းဖယ်ခြင်း မပြု။ သို့သော် ကေ့ကို တံခါးပေါက်ရှိရာဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ ကေကလည်း ထွက်ခွာသွားဖို့ ယတိပြတ် ဆုံးဖြတ်လိုက်သည်။ သို့သော် တံခါးပေါက်သို့ ရောက်သောအခါ၌မူ တံခါးပေါက် ရှာမတွေ့သကဲ့သို့ သူ ရပ်နေသည်။ ထိုအခိုက်တွင် ဘတ်စ်နာက ကေ့လက်ထဲမှ ရုန်းထွက်ရန် အခွင့်အရေး ယူလိုက်သည်။ တံခါးကိုဖွင့် စင်္ကြံလမ်းပေါ် ထွက်ရပ်လိုက်ပြီး ကေ့ကို လေသံတိုးတိုးနှင့် လှမ်းပြောလိုက်သည်။

"ကဲပါ...လာစမ်းပါ ဒီကို...ကြည့်"

ဘတ်စ်နာက စစ်ဗိုလ်၏အခန်းကို လက်ညှိုးထိုးပြလိုက်သည်။ တံခါးရွက်နှင့် ကြမ်းပြင်အစပ်တွင် အလင်းရောင်တန်းလေး ထွက်နေသည်။

"သူက မီးဖွင့်ထားပြီး ကျွန်မတို့အဖြစ်ကို သဘောကျနေတာ ဖြစ်မယ်"

"ကျွန်တော် လာပါပြီ"

ကေက ပြန်ပြောလိုက်သည်။ ထို့နောက် အခန်းထဲမှ တစ်ဟုန်ထိုး ထွက်သွားပြီး ဘတ်စ်နာကို ရင်ခွင်ထဲ ဆွဲသွင်းဖက်ကာ နှုတ်ခမ်းမှအစ တစ်မျက်နှာလုံး နေရာမလပ်အောင် နမ်းလိုက်သည်။ ရေငတ်နေသော သားရိုင်းတစ်ကောင် စမ်းချောင်းသို့ ရောက်ရှိလာခဲ့သည့်နှယ်...နောက်ဆုံး ကေက သူမ၏လည်တိုင်ကို နမ်းလိုက်ပြီး သူ့နှုတ်ခမ်းနှင့် လည်တိုင်ကို အတော်ကြာသည်အထိ ထိကပ်ထားလိုက်သည်။ စစ်ဗိုလ်အခန်းထဲမှ ချိုးချိုးချွတ်ချွတ် အသံကြောင့် သူ လှမ်းကြည့်လိုက်မိသည်။

"ကျွန်တော် သွားပါတော့မယ်"

ကေက ပြောလိုက်သည်။ ကေသည် ဘတ်စ်နာ၏ အမည်ကို အဖျားဆွတ် ခေါ်ချင်စိတ် ပေါ်လာသည်။ အဘယ်ကြောင့် ထိုကဲ့သို့ ခေါ်ချင်လာမှန်းတော့ မသိပေ။ ဘတ်စ်နာက ပင်ပန်းနွမ်းနယ်စွာ ခေါင်းညိတ်ဖြေလိုက်ပြီး ကေ နှုတ်ဆက်နမ်းရန် ကေ့ထံ လက်ကမ်းလိုက်သည်။

ကေသည် သူ ဘာလုပ်မိ၍ ဘာကိုင်မိမှန်း မသိတော့သောပုံဖြင့် ခေါင်းငိုက်စိုက်ချကာ သူ့အခန်းထဲသို့ ပြန်ဝင်သွားလေသည်။ မကြာမီအတွင်းမှာပင် အိပ်ရာပေါ်သို့ ပြန်လည်ရောက်ရှိသွားပြီး မကြာမီမှာပင် သူ အိပ်ပျော်သွားလေသည်။ မအိပ်မီအတောအတွင်းလေးမှာပင် သူ့အပြုအမူများကို သူ ပြန်စဉ်းစားကြည့်နေမိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူ ကျေနပ်မိပါသည်။ သို့တိုင်အောင် ပြည့်ဝသော ကျေနပ်မှု မရသဖြင့် သူ့ကိုယ်သူ အံ့သြသွားခဲ့မိသည်။ ကေသည် စစ်ဗိုလ်နှင့်ပတ်သက်၍ ဘတ်စ်နာအတွက် သောက ကြီးစွာ ဖြစ်မိသည်။

❑ ❑ ❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK



# The Trial

F. Kafka

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

## ပထမအကြိမ် စစ်ဆေးမေးမြန်းခြင်း

လာမည့် တနင်္ဂနွေနေ့တွင် သူ့အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ခဏတာ ပြုလုပ်မည်ဖြစ်ကြောင်း ကော့ထံ တယ်လီဖုန်းနှင့် အကြောင်းကြားသည်။ ဤသို့ စုံစမ်းစစ်ဆေးမှုသည် တစ်ပတ်လည် တစ်ကြိမ်ကျ ဆက်လက်ဖြစ်လာနိုင်သည်ဆိုသည့် အချက်ပေါ် ကောက အာရုံစူးစိုက်နေမိသည်။ အပတ်စဉ် ခေါ်ယူခံရခြင်းမျိုး မဟုတ်သည်လည်း ဖြစ်နိုင်သည်။ သို့သော် အချိန်ကြာလာသည်နှင့် မကြာခဏ ခေါ်ယူခြင်းခံလာခဲ့ရတော့သည်။ ယေဘုယျအားဖြင့် ကြည့်လျှင်တော့ အမှုမြန်မြန်ပြီးပြတ်သွားနိုင်သဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိမည်ထင်ရသည်။ သို့သော် တစ်ဖက်မှ ကြည့်မည်ဆိုလျှင် စစ်ဆေးမေးမြန်းခြင်းသည် ဘက်ပေါင်းစုံမှ ထောင့်စေ့၍ လိပ်ပတ်လည်ရမည်။ ကြန့်ကြာမှုရှိနိုင်သည့်တိုင် အမှုသည် ရှည်ကြာလွန်း၍ မဖြစ်။ ထို့ကြောင့်လည်း တိုတိုနှင့် လိုရင်း စစ်ဆေးမှုများဖြင့် အဆက်မပြတ် စစ်ဆေးခဲ့ခြင်းဖြစ်မည်။ တနင်္ဂနွေနေ့ကို စစ်မေးရန် ရွေးချယ်ခြင်းမှာလည်း ကော၏ ဝမ်းရေးအလုပ်ကို မထိခိုက်စေရန်အတွက် ဖြစ်မည်။ ထိုစစ်ဆေးရက်ကို သူ သဘောတူမည်ဟု ထင်ရသော်လည်း အကယ်၍ ကော့အနေဖြင့် အဆင်ပြေမည့် တခြားရက်ကို ရွေးချယ်မည်ဆိုလျှင်လည်း သူတို့ဘက်မှ အတတ်နိုင်ဆုံး လိုက်လျောမည်ဖြစ်သည်။ ဥပမာအားဖြင့် စစ်ဆေးမေးမြန်းမှုများကို ညပိုင်းတွင် လုပ်နိုင်သည်။ သို့သော် ကော့အနေနှင့် လန်းလန်းဆန်းဆန်း ရှိနေနိုင်မည်တော့ မဟုတ်။ အကယ်၍ ကောကသာ ငြင်းချက်ထုတ်ခြင်း မရှိခဲ့လျှင် သူတို့အနေနှင့်

mgyoe.com

တနင်္ဂနွေကိုသာ ဖြစ်စေချင်လိမ့်မည်။ ကေ နားလည်ထားရသည်မှာ နောက်ထပ် အကြောင်းကြားမည် မဟုတ်သော်လည်း ထိုနေ့တွင် မပျက်မကွက် လာရောက်ရပေမည်။ သူသွားရောက်ရမည့် အိမ်လိပ်စာကိုလည်း ပေးထားခဲ့ပြီးဖြစ်ပြီး သူ တစ်ခါမှ မရောက်ဖူးသေးသော မြို့၏ ဆင်ခြေဖုံး ရပ်ကွက်မှ အိမ်ခန်းတစ်ခန်း ဖြစ်သည်။

ထိုစကားကို နားထောင်ပြီးသည်နှင့် ဘာမျှ ပြန်မပြောတော့ဘဲ စကားပြောခွက်ကို ကေ ချထားလိုက်သည်။ တနင်္ဂနွေနေ့တွင် သွားရမည်ဆိုသည်ကိုသာ စိတ်ထဲတွင် မှတ်ထားလိုက်သည်။ သွားရန် လုံးဝ လိုအပ်သည်။ အမှုက စတင်ခဲ့ပြီမို့ သူ့အနေနှင့် အစွမ်းကုန် ခုခံတိုက်ခိုက်ရတော့မည်ဖြစ်သည်။ ဤပထမအကြိမ် စစ်ဆေးမေးမြန်းခြင်းသည်ပင် နောက်ဆုံးအကြိမ် ဖြစ်စေရမည်။ လက်ထောက်မန်နေဂျာ၏ အသံ သူ့နောက်ဘက်မှ ပေါ်ထွက်လာချိန်ထိ တယ်လီဖုန်းနားတွင် အတွေးနယ်ချဲ့၍ သူ ရပ်နေဆဲဖြစ်သည်။ လက်ထောက်မန်နေဂျာမှာ ဖုန်းဆက်ရန် လာခြင်းဖြစ်ရာ ကေက ရှေ့မှ ပိတ်ဆို့ရပ်မိလျက်သား ဖြစ်နေသည်။

"သတင်းဆိုးလား"

လက်ထောက်မန်နေဂျာက သိလိုခြင်းထက် ကေ့ကို တယ်လီဖုန်းနားမှ ထွက်သွားစေလိုသော ဆန္ဒနှင့် မေးလိုက်သည်။ လက်ထောက်မန်နေဂျာသည် စကားပြောခွက်ကို ကောက်ကိုင်၊ တစ်ဖက်မှ အသံကို စောင့်ရင်း ကေ့ကို လှမ်း၍ စကားစလိုက်သည်။

"မစ္စတာကေ...ကျွန်တော် ခင်ဗျားနဲ့ စကားနည်းနည်းပါးပါး ပြောချင်ပါတယ်။ လာမယ့် တနင်္ဂနွေမနက် ကျွန်တော့် ရွက်လှေပေါ်မှာ ပေးမယ့် ပါတီကို ဖြစ်နိုင်မယ်ဆိုရင် လာခဲ့ပါလား။ ပါတီကတော့ ကြီးကျယ်စည်ကားမှာပဲ။ ခင်ဗျားရဲ့ မိတ်ဆွေ အပေါင်းအသင်းတွေ ပါမှာကတော့ သေချာပါတယ်။ တရားရုံးချုပ်ရှေ့နေ မစ္စတာ တက်စ်တာလည်း လာလိမ့်မယ်။ ခင်ဗျား လာမယ် မဟုတ်လား...လာဖြစ်အောင် လာခဲ့စမ်းပါဗျာ"

ကေက လက်ထောက်မန်နေဂျာ ပြောသမျှကို မနည်းကြိုးစားပြီး ဆုံးအောင် နားထောင်နေရသည်။ ဤဖိတ်ကြားမှုသည် သူ့အတွက်တော့ ပေါ့သေးသေးမဟုတ်။ လုပ်ငန်းခွင်၌ သူနှင့် သိပ်အဆင်မချောသော လူတစ်ယောက် ခင်မင်ရင်းနှီးစွာ ဖိတ်မန္တကပြုခြင်းသည် ကေ၏ အလွန်အရေးပါလှသော အခြေအနေကို ဖော်ပြနေခြင်းဖြစ်သည်။ သို့မဟုတ် အနည်းဆုံး ဘဏ်မှ ဒုတိယအကြီးဆုံးလူနှင့် သူ၏ ဆက်ဆံရေး

mgyoe.com

 mgyoe.com SAMPLE BOOK 

ပြေလည်သွားခြင်းဖြစ်မည်။ တယ်လီဖုန်းထူးသံကို စောင့်ရင်း ပြောခဲ့သော စကားများ ဖြစ်စေကာမူ ယခုလို ဖိတ်ခေါ်မှုပြုခြင်းကပင် လက်ထောက်မန်နေဂျာကြီး မာန်ချလိုက်ရခြင်းဖြစ်သည်။ ကေကလည်း မိမိ၏စိတ်ကို ဒုတိယအကြိမ် ချိုးနှိမ်၍ ပြန်ပြောလိုက်သည်။

"သိပ်ကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် စိတ်မကောင်းပါဘူး။ တနင်္ဂနွေနေ့မှာ ကျွန်တော် မအားပါဘူး ခင်ဗျာ၊ အရင်ချိန်းထားနှင့်တဲ့ ကိစ္စလေးတစ်ခု ရှိနေလို့ပါ"

"စိတ်မကောင်းစရာပဲ"

လက်ထောက်မန်နေဂျာက ကေ့ကို ပြောလိုက်ပြီး တစ်ဖက်မှ ပြန်ထူးသံထွက်လာသဖြင့် တယ်လီဖုန်းဘက် လှည့်သွားလေသည်။ သူတို့ပြောနေကြသည်မှာ တိုတိုတောင်းတောင်း မဟုတ်။ အကြာကြီးဖြစ်သည်။ သို့သော် ဝေခွဲမရ၊ စိတ်ရှုပ်ထွေးနေသော ကေသည် ထိုအချိန်၌ တယ်လီဖုန်းနားမှာပင် ရပ်နေမိသည်။ လက်ထောက်မန်နေဂျာကြီး၏ စကားပြောခွက် ပြန်ချသံ ကြားလိုက်ရတော့မှ သူ့အတွေးများ ပျက်ပြယ်သွားပြီး သူ ယောင်ပေပေ ရပ်နေခဲ့မိသည့် အဖြစ်ကို ခွင့်လွှတ်ပါရန် တောင်းပန်ရသည်။

"စောစောက ကျွန်တော့်ဆီ ဖုန်းဆက်ပြီး တစ်နေရာကို သွားခိုင်းတယ်။ ဒါပေမဲ့ ဘယ်အချိန် သွားရမယ်ဆိုတာ သူတို့ပြောဖို့ မေ့သွားတယ်"

"ခင်ဗျား ဖုန်းဆက်ပြီး ပြန်မေးလိုက်ပါလား"

လက်ထောက်မန်နေဂျာက ပြောလိုက်သည်။

"အဲသလို ပြန်မေးရလောက်အောင်လည်း ကိစ္စက သိပ်အရေးမကြီးပါဘူး"

ကေက လိုးလွှဲဖြေလိုက်သော်လည်း သူ၏ ဆင်ခြေပေးမှုသည် မပိရိလှဘဲ ပေါလောပေါ်နေသည်။ တစ်ဖက်သို့ လှည့်ထွက်မည်ပြုရင်း လက်ထောက်မန်နေဂျာက တခြားကိစ္စရပ်များနှင့် ပတ်သက်၍ သူ၏ ထင်မြင်ချက်များကို ပြောနေပြန်သည်။ ကေက သူ့စကားကို စိတ်ဝင်စားဟန်ပြုပြီး ပြန်လည်ပြောရန် ကြိုးစားမိသော်လည်း သူ့စိတ်ထဲတွင် တကယ်တမ်း တွေးနေမိသည်က တနင်္ဂနွေနေ့မနက် ၉ နာရီ၌ ရောက်အောင်သွားလိုက်ခြင်းသည် အသင့်တော်ဆုံးဖြစ်မည် ဟူ၍ပင်။ သူသွားမည့်အချိန်သည် ရုံးဖွင့်ရက်များ၌ တရားရုံးများတွင် အမှုများကို စတင်စစ်ဆေးသည့်အချိန် ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တနင်္ဂနွေနေ့မှာ မှုန်မှုန်မှိုင်းမှိုင်းနှင့် ငြီးငွေ့ဖွယ် ကောင်းနေသည်။ မနေ့ညက ဟိုတယ်တွင် ပြုလုပ်သည့် ဧည့်ခံပွဲတစ်ခုတွင် ညဉ့်နက်အောင် နေခဲ့သဖြင့် ကေသည် ပင်ပန်းနွမ်းနယ်လျက်ရှိသည်။ အိပ်ရာမှ မထနိုင်ဘဲ ဆက်အိပ်သွားလုမတတ်ပင် ဖြစ်ခဲ့ရသည်။ ရုံးတွင် မည်သို့ရင်ဆိုင်မည်ဟု တစ်ပတ်လုံး တွေးတောပြင်ဆင်ထားသည်များကိုလည်း ပြန်လည်စဉ်းစားချိန်မရ။ မနက်စာစားချိန်ပင် မရတော့ဘဲ အဝတ်အစားများကို ကတိုက်ကရိုက် ဝတ်ဆင်ပြီး ပေးထားသော လိပ်စာထဲမှ နေရာသို့ အပြေးအလွှား ထွက်လာခဲ့ရသည်။ ဆန်းတော့ အဆန်းသား။ လမ်းသွားလမ်းလာများကို အကဲခတ်ချိန် မရသည့်ကြားမှ သူ့အမှုတွင် ပတ်သက်နေခဲ့သော စာရေးသုံးယောက်ကို မြင်မိလိုက်သည်။ ရာဘင်စတိုင်နာ၊ ကူးလစ်ရှ်နှင့် ကာမီနာတို့ဖြစ်သည်။ ရာဘင်စတိုင်နာနှင့် ကူးလစ်ရှ်တို့မှာ သူ့အား ဖြတ်ကျော်သွားသော အငှားကားထဲတွင် ပါသွားကြသည်။ ကာမီနာက ကဖေးဆိုင်၏ မျက်နှာစာ၌ ခင်းကျင်းထားသော စားပွဲတစ်ခုတွင်ထိုင်လျက်။ ကေ ဖြတ်လျှောက်သွားချိန်တွင် ကာမီနာသည် ပိုက်တန်းကို အားပြုပြီး၊ အောက်သို့ငုံ့ကာ တစ်စုံတစ်ရာကို သဲသဲမဲမဲ ကြည့်နေသည်။ သူတို့၏ အထက်အရာရှိဖြစ်သော ကေ ဘယ်ကိုများ ခရီးဆန့်မလို့လဲဟု သူတို့သုံးယောက် ကြည့်နေကြမည်။ တွေးကောင်း တွေးနေခဲ့ကြမည်။ မထီမဲ့မြင်ပြုလိုသော ကေ၏စိတ်က အငှားကားနှင့် မြန်မြန်ရောက်အောင် သွားရမည့်အဖြစ်ကို ဟန့်တားထားလေသည်။ လမ်း၌ တွေ့ရာလူကို နေရာမေးကြည့်ရမှာကိုပင် သူ မလုပ်ချင်။ မည်သူ့ကိုမှလည်း ကျေးဇူးတင်မနေချင်။ မည်သည့်လူမှလည်း သူ့အမှုတွင် ဝင်မပါစေချင်။ ထို့ပြင် တိတိကျကျ တလေးတစား အချိန်ကိုက်အောင် ရောက်ရှိသွားခြင်းဖြင့် စစ်ဆေးမေးမြန်းရေး ကော်မရှင်အဖွဲ့ ရှေ့မှောက်တွင် သိမ်ငယ်နေရမည့်အဖြစ်မျိုးလည်း သူ မလိုချင်။ မည်သည့်အချိန်တွင် ရောက်ရမည်ဟု ညွှန်ကြားထားခြင်း မရှိသည့်တိုင် ဖြစ်နိုင်လျှင် ၉ နာရီအရောက် သူ သွားချင်သည်။ ထို့ကြောင့် သူ တက်သုတ်နှင်၍ လျှောက်လာခဲ့သည်။

စိတ်ကူးနှင့်မှန်း၍ ပုံဖော်တွေးကြည့်ချက်များအရသော်လည်းကောင်း၊ သို့မဟုတ် ထိုအိမ်တွင် လူအဝင်အထွက်များပြီး ရုတ်ရုတ်ရက်ရက် ဖြစ်နေနိုင်သည်။ ထင်မြင်ထားချက်အရလည်းကောင်း သူသွားရမည့် အိမ်ကို အဝေးမှပင် သိနိုင်လိမ့်မည်ဟု သူထင်ထားခဲ့သည်။ သို့သော် ထိုအိမ်တည်ရှိသည်ဆိုသော ဂူးလီယက်စထရက်(စ်)စီ လမ်းသို့ ရောက်လာသောအခါ လမ်း၏အဆုံးတွင် သူရပ်နေရသည်။ လမ်းတစ်ဖက်တစ်ချက်တွင်ရှိသော အိမ်များမှာ အားလုံး ဆင်ဆင်တူနေကြသည်။ အိမ်များမှာ

mgyoe.com

မြင့်မားပြီး မီးခိုးရောင်ဆေးများ သုတ်ထားကာ ဆင်းရဲသားများ နေထိုင်ကြဟန်ရှိသည်။ တနင်္ဂနွေနေ့ ဖြစ်သည့်အလျောက် ပြတင်းပေါက်များတွင် လူများနှင့် ပြည့်နေကြသည်။ ဆေးတံသောက်သူကသောက်၊ ကလေးထိန်းသူကထိန်းနှင့် တချို့ ပြတင်းပေါက်များတွင် မွေ့ရာများ လှမ်းထားကြပြီး ဖုန်ခါနေသော အိမ်ရှင်မများကို မြင်ရသည်။ လမ်းကို အလယ်ထား၍ တစ်ဖက်နှင့်တစ်ဖက် အော်ဟစ်စကားပြောနေကြသည်။ ကေ့အပေါ် တည့်တည့်ဆီမှ လူတစ်ယောက်၏ အော်ပြောလိုက်သော စကားကြောင့် ဝါးခနဲ ပွဲကျသွားလေသည်။ လမ်းတစ်လျှောက်တွင်လည်း ကုန်ခြောက်ဆိုင်လေးများကို ပြတ်တောင်း ပြတ်တောင်း တွေ့ရသည်။ ထိုဆိုင်လေးများမှာ ပလက်ဖောင်းထက် နိမ့်နေသဖြင့် ပလက်ဖောင်းမှ ဆင်းနိုင်ရန် လှေကားထစ်လေးများ ပြုလုပ်ထားကြသည်။ ထိုဆိုင်များတွင်လည်း ဈေးဝယ်သူများက ဝင်လိုက်ထွက်လိုက်၊ တချို့ကလည်း လှေကားထစ်တွင် ရပ်ပြီး အတင်းပြောသူက ပြောနှင့် ရှိနေသည်။ သစ်သီးများကို လက်တွန်းလှည်းနှင့် လှည့်လည်ရောင်းချသော ဈေးသည်ကလည်း ကေကဲ့သို့ပင် မည်သည့်အရာကိုမျှ ဂရုမပြု။ သူ့ကုန်များ ရောင်းရဖို့အတွက် တိုက်ခန်းအပေါ်မှ လူများဆီသို့ အော်ဟစ်ဈေးရောင်းနေလေရာ ကေ့ကိုပင် လှည်းနှင့် ဝင်တိုက်လုမတတ် ဖြစ်သွားခဲ့သေးသည်။ တစ်နေရာဆီမှ အက်သံပင် ပါနေသော ဓာတ်စက်ဖွင့်သံကို ကြားရသည်။

ကေသည် လမ်းထဲ အတော်ရောက်သည်အထိ လျှောက်လာခဲ့သည်။ သူသည် အချိန်များစွာရသကဲ့သို့ သို့မဟုတ် ခုံအဖွဲ့တွင်ပါမည့် တရားသူကြီးတစ်ယောက်ယောက်က သူလာနေသည်ကို မြင်တွေ့ပြီး ဖြစ်သကဲ့သို့ ဖြည်းဖြည်းမှန်မှန် လျှောက်လာခဲ့သည်။ အချိန်အားဖြင့် မနက် ၉ နာရီ ထိုးပြီးသွားပြီဖြစ်သည်။ ထိုအိမ်သို့ရောက်ရန် လမ်းထဲအတော်လျှောက်ရသေးသည်။ ထိုအိမ်ကြီးမှာ အလွန်ကြီးမားကျယ်ပြန့်လှပြီး ခြံဝင်းတံခါးကြီးမှာလည်း မြင့်မြင့်ကျယ်ကျယ် ဖြစ်သည်။ ထရပ်ကားများဝင်ရန်အတွက် အသုံးပြုကြောင်း ထင်ရှားလှသည်။ အိမ်ဝိုင်းထဲတွင် သော့ခတ်ထားသော ဂိုဒေါင်များရှိနေပြီး ထိုဂိုဒေါင်များ၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်များမှ တချို့ဆိုင်အမည်များကို ဘဏ်၏ လယ်ဂျာစာအုပ်ထဲတွင် သူ တွေ့ဖူးခဲ့သည်။ သူလုပ်လေ့လုပ်ထရှိသော အကျင့်နှင့် ဆန့်ကျင်စွာ သူတွေ့နေသော ပြင်ပသဏ္ဍာန်များကို သေသေချာချာ စူးစိုက်လေ့လာရင်း အိမ်ဝိုင်းအဝင်ဝ၌ ခေတ္တရပ်နေမိသည်။ သူ့အနီး ထင်းရှူးသေတ္တာတစ်လုံးပေါ်တွင် ဖိနပ်မစီးထားသော ခြေနှစ်ချောင်းကို တွဲလဲချထိုင်ပြီး သတင်းစာဖတ်နေသော

mgyoe.com

လူတစ်ယောက်ရှိလေသည်။ ခြံဝင်းထဲတွင် ကလေးနှစ်ယောက်က 'ဆီးဆော' စီးနေကြသည်။ ပိန်ချည့်ချည့်နှင့် လူမမာရုပ်ပေါက်နေသော ကလေးမလေးတစ်ယောက်က ရေတိုင်တွင် ရေခံရင်း ကေ့ကို ငေးစိုက်ကြည့်နေသည်။ အိမ်ဝိုင်းထောင့်တစ်ခုတွင် ပြတင်းပေါက်နှစ်ခုကို ဆက်သွယ်တန်းထားသော အဝတ်ကြိုးတန်းတစ်ခုရှိပြီး အဝတ်များ လှန်းထားသည်။ အဝတ်ကြိုးတန်းအောက်တွင် လူတစ်ယောက် ရပ်နေပြီး တစ်ချက်တစ်ချက် အော်ဟစ်ခိုင်းစေနေသည်။

သူ ပထမဆုံး တွေ့သော လှေကားရှိရာသို့ ဦးတည်လျှောက်လာခဲ့ပြီး စစ်ဆေးမေးမြန်းမည့် အခန်းရှိရာသို့ တက်ရန်ပြင်လိုက်သည်။ သို့သော် သူ့ခြေလှမ်းများ တုံ့ရပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ထိုလှေကားအပြင် အခြားလှေကားသုံးခုကို ထပ်၍ တွေ့လိုက်သောကြောင့်ဖြစ်သည်။ ထို့ပြင် တစ်ဖက်ခြံသို့ကူးသော လမ်းတစ်လမ်းကိုလည်း လှမ်းမြင်လိုက်သည်။ သူ လာရမည့်အခန်းနှင့် ပတ်သက်၍ တိတိကျကျ သတင်းမပေးခဲ့ကြသည့်အတွက် ကေ စိတ်ပျက်သွားမိသည်။ ထိုလူများသည် သူ့ကို ဆက်ဆံရာ၌ ထူးဆန်းသော လျစ်လျူရှုခြင်း သို့မဟုတ် အရေးတယူမရှိခြင်း သဘောမျိုးဆောင်နေသည်။ သူတို့နှင့်တွေ့လျှင် တိတိကျကျ ပြတ်ပြတ်သားသား ပြောရမည်ဟု သူ ရည်ရွယ်ထားလိုက်သည်။ နောက်ဆုံး၌ ပထမဆုံးတွေ့သော လှေကားကို တက်လာခဲ့သည်။ သူ့စိတ်ထဲတွင် ဝါဒါဝီလျံ ပြောခဲ့သော စကားများကို ပြန်လည်သတိရ စဉ်းစားမိလိုက်သည်။ ဥပဒေနှင့် ပြစ်မှုကြားတွင် ဆွဲဆောင်မှု တည်ရှိနေသည်ဆိုသည့် စကားကိုထောက်လျှင် ကေ ရွေးချယ်လိုက်သည့် ထို ထူးခြားမှုရှိသော လှေကား၏အဆုံးတွင် စစ်ဆေးကြားနာမည့် ရုံးခန်း ရှိရမည်။

လှေကားတစ်လျှောက် တက်လာရာ လှေကားထစ်များပေါ်တွင် ကစားနေကြသော ကလေးများအား အနှောင့်အယှက်ပေးသလို ဖြစ်နေသည်။ သူ တက်လာစဉ် ကလေးများက ဒေါသဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ထိုင်ကြည့်နေခဲ့ကြသည်။

"နောက်တစ်ခေါက် လာရဦးမယ်ဆိုရင်ကော" ကေ တွေးနေမိသည်။ "သည်ကလေးတွေကို ချော့ဖို့ သကြားလုံးတွေရင်လည်း ယူလာရမယ်။ မဟုတ်ရင် သူတို့ကို ရိုက်ဖို့ ကြိမ်လုံးတစ်ချောင်းရင်လည်း ကိုင်လာရမယ်ထင်တယ်" ပထမထပ်သို့ မရောက်မီမှာပင် လိမ့်လာသော ဂေါ်လီလုံး ရပ်သည်အထိ စောင့်ရပ်နေရအောင် လူဆိုးရုပ်ပေါက်နေသော ကလေးနှစ်ယောက်က သူ့ဘောင်းဘီ ခြေစနှစ်ဖက်ကို ဆွဲထားလိုက်ကြသည်။ အကယ်၍ သူ ရုန်းထွက်လိုက်ပါက ကလေးနှစ်ယောက် လှေကားမှ လိမ့်ကျသွားပြီး

mgyoe.com

mgyoe.com SAMPLE BOOK

အော်ဟစ်ငိုယိုသံများ ထွက်ပေါ်လာမည်ကိုလည်း သူ စိုးရိမ်သည်။

ပထမထပ်သို့ ရောက်သောအခါ သူ၏ ရှာဖွေရေးလုပ်ငန်းကို စတင်ရတော့သည်။ စစ်ဆေးမေးမြန်းရေးကော်မရှင်အမည်ကို ပြော၍ စုံစမ်းရှာဖွေလျှင် ရနိုင်မည် မဟုတ်မှန်းသိ၍ လန့်ဇ်ဆိုသော ပရိဘောဂဆရာတစ်ယောက်ကို လာရောက်ရှာဖွေကြောင်း ပြောဆိုမေးမည်ဟု သူ့ထွင်လုံးထုတ်လိုက်သည်။ သူ့ခေါင်းထဲတွင် ပေါ်လာသော အမည်ကို သုံးလိုက်ခြင်းဖြစ်သည်။ ထိုနာမည်မှာ ဂရူးဘက်ရှ်၏တူ စစ်ဗိုလ်၏ အမည်ဖြစ်သည်။ သို့ဖြင့် ထိုနာမည်ကို သုံးပြီး အခန်းပေါက်စေ့ လိုက်မေးခြင်းဖြင့် အခန်းများထဲသို့ အကဲခတ်ခွင့်ရပြီး သူ ရှာနေသောအခန်းကို တွေ့နိုင်မည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ လိုက်လံရှာဖွေရန် သိပ်မလိုအပ်တော့။ အဘယ်ကြောင့်ဆိုသော် အခန်းတိုင်းလိုလို တံခါးများကို ဟင်းလင်းဖွင့်ထားသောကြောင့် ဖြစ်သည်။ ကလေးတွေကလည်း ဝင်လိုက်ထွက်လိုက်နှင့်။ အခန်းများမှာလည်း လုံးချင်း အခန်းလေးများဖြစ်ပြီး ချက်ပြုတ်သည့် နေရာတွင်သာ ပြတင်းပေါက်လေးတစ်ပေါက်စီ ပါရှိကြသည်။ များသောအားဖြင့် တွေ့ရသော အိမ်ရှင်မများသည် လက်တစ်ဖက်ဖြင့် ကလေးငယ်ကို ချီထားပြီး ကျန်လက်တစ်ဖက်ဖြင့် ချက်ရေးပြုတ်ရေးကို လုပ်ဆောင်နေကြသည်။ အရွယ်ရောက်စ မိန်းမငယ်လေးများမှာလည်း ကိုယ်ပေါ်တွင် တဘက်လေးများ လွှမ်းခြုံပတ်ထားသည်မှ လွဲ၍ ကောင်းကောင်းမွန်မွန် ဝတ်ဆင်ထားသည်ကို မတွေ့ရပေ။ သူတို့မှာလည်း တစ်ခုမဟုတ်တစ်ခုနှင့် အလုပ်များနေကြသည်။ အခန်းတိုင်းရှိ အိပ်ရာခုတင်များပေါ်၌ လဲလျောင်းနေကြသော သူများကို တွေ့မြင်ရတတ်သည်။ ဖျားနာနေသော (သို့မဟုတ်) အိပ်ရာမှ မထသေးသော (သို့မဟုတ်) အိပ်ရာပေါ်လှဲ၍ နားနားနေနေ အပန်းဖြေနေသော သူများဖြစ်မည်။ ပိတ်ထားသော တံခါးတွေ့လျှင် သူ တံခါးခေါက်လိုက်ပြီး လန့်ဇ် ဆိုသူ ရှိ၊ မရှိ မေးကြည့်သည်။ များသောအားဖြင့် တံခါးလာဖွင့်ပေးသူမှာ မိန်းမများဖြစ်ပြီး ကေ၏ အမေးကို နားထောင်ပြီးသည်နှင့် အိမ်ခန်းတွင်းဘက်သို့ လှမ်းမေးလေသည်။ ထိုအခါ အိပ်ရာပေါ်တွင် လှဲနေသောလူမှာ ထထိုင်လိုက်ရသည်။

"ဒီပုဂ္ဂိုလ်ကြီးက ပရိဘောဂဆရာ လန့်ဇ် ဒီမှာနေ၊ မနေ လာမေးနေတယ်"

"ပရိဘောဂဆရာ လန့်ဇ်တဲ့လား"

အိပ်ရာပေါ်မှ သူက ပြန်လှမ်းမေးလိုက်သည်။

"ဟုတ်ပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကေက ဖြေလိုက်သည်။ သူ၏ စုံစမ်းမှုမှာ သာမန်ကာလျှံကာသာဖြစ်ပြီး စုံစမ်းရေး ကော်မရှင် သည်အခန်းတွင် ရုံးမထိုင်ကြောင်း သူသိသွားပြီဖြစ်ရာ ထပ်မံမေးရန် မလိုတော့ပေ။ လူအတော်များများကတော့ ကေ့အတွက် လန့်ဖ်ဆိုသောသူကို တွေ့ရှိနိုင်ရေးသည် အလွန်အရေးကြီးသော ကိစ္စရပ်ဟု ထင်မြင်ယူဆကာ အချိန်အတော်ကြာသည်အထိ ညှစ်ထုတ်စဉ်းစားပေးကြသည်။ တချို့ကလည်း လန့်ဖ် အမည်နှင့် မဟုတ်သော အခြားပရိဘောဂသမားအချို့၏ နေရာကို ညွှန်ပြကြသည်။ တချို့ကလည်း လန့်ဖ် နာမည်နှင့် ခပ်ဆင်ဆင် နာမည်ရှိသူများကို ညွှန်ပေးသည်။ တချို့ကလည်း ဘေးခန်းမှ မိတ်ဆွေများကို ထပ်ဆင့်မေးပေးခြင်း၊ သို့မဟုတ် ကေနှင့် အတော်ဝေးဝေးထိ လိုက်လာပြီး စုံစမ်းပေးခြင်း၊ လန့်ဖ်ဆိုသူ ဖြစ်နိုင်သည်ဟု သူတို့ထင်သော အခန်းရှိရာသို့ လိုက်ပို့ပေးခြင်း၊ သို့မဟုတ် သူတို့ထက်ပို၍ သတင်းပေးနိုင်မည့်သူထံ လိုက်ပို့ပေးခြင်း စသည်ဖြင့် အမျိုးမျိုးသော အကူအညီများ ပေးကြသည်။ အမှန်တော့ ကေ့အနေဖြင့် အခန်းပေါက်စေ့ မြင်ခဲ့ရပြီဖြစ်သဖြင့် လန့်ဖ်ဆိုသူအား မေးနေရန်ပင် မလိုအပ်တော့ပေ။ အစက လက်တွေ့ကျသည်ဟု သူ ထင်ထားခဲ့သော သူ၏ နည်းလမ်းကို သူ နောင်တရသွားမိသည်။ ထို့ကြောင့် ပဥ္စမထပ်သို့ ရောက်ရှိလာသောအခါ သူ၏ စနည်းနာမှုကို ရပ်လိုက်ရန် ဆုံးဖြတ်လိုက်ပြီး သူနှင့်အတူ လိုက်လာ၍ မေးမြန်းပေးသူ အလုပ်သမားလေးကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်လိုက်၍ အောက်သို့ ပြန်ဆင်းလာခဲ့သည်။ သို့သော် အလုပ်သမားလေးက အောက်သို့ ရောက်သည်အထိ လိုက်ပို့ပေးလေသည်။ သူလာခဲ့ရသော ခရီး၏ အကျိုးမဲ့မှုအပေါ် ကွဲမြီးတိုသွားသော ကေက ပဥ္စမထပ်သို့ တစ်ခေါက် ပြန်တက်လာခဲ့ပြီး ပထမဆုံး တွေ့သောအခန်းကို တံခါးခေါက်လိုက်သည်။ အခန်းကျဉ်းလေးထဲတွင် ပထမဆုံး ဘွားခနဲ တွေ့လိုက်ရသည်မှာ ချိန်သီးကြီးကြီးနှင့် ရေးနာရီကြီးဖြစ်ပြီး ထိုနာရီက ၁၀ နာရီထိုးနေပြီဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

"သည်အခန်းဟာ... လန့်ဖ်ရဲ့ အခန်းလား"

သူက မေးလိုက်သည်။

"ကျေးဇူးပြုပြီး အခန်းထဲ ဝင်သွားလိုက်ပါ"

စည်ပိုင်းပြတ်ထဲတွင် ကလေးအဝတ်အစားများကို လျှော်နေသော တောက်ပသည့် မျက်လုံးနက်နက်နှင့် အမျိုးသမီး ခပ်ရွယ်ရွယ်က သူမ၏ ရေစိုလက်ဖြင့် ကပ်လျက်အခန်းမှ ပွင့်နေသော တံခါးဆီသို့ ညွှန်ပြရင်း ဖြေလိုက်သည်။

mgyoe.com

စည်းဝေးခန်းမတစ်ခုအတွင်းသို့ ဝင်သွားရသည်နှင့် ကေ ခံစားမိသည်။ အခန်းထဲတွင် လူပေါင်းစုံ ရှိနေခဲ့သည်။ ဝင်ရောက်လာသည့် လူသစ်ကိုလည်း မည်သူကမှ အရေးတယူလုပ်ခြင်း မရှိပေ။ အခန်းအနေအထားမှာ အလောတော် ကျယ်ဝန်းပြီး ပြတင်းပေါက်နှစ်ပေါက် ရှိသည်။ မျက်နှာကြက်အောက်တွင် ထပ်ခိုးအခန်းလေးရှိပြီး ထိုအခန်းကျဉ်းလေးပေါ်တွင်လည်း ခေါင်းနှင့် ကျောများ မျက်နှာကြက်နှင့် ထိနေပြီး ကုန်းကုန်းကွကွနှင့် ရပ်နေကြသော လူများဖြင့် ပြည့်ကျပ်နေလေသည်။ ကေသည် အသက်ရှူပင် မဝသလို ဖြစ်လာသဖြင့် အခန်းထဲမှ ပြန်ထွက်လာခဲ့ပြီး သူ့အား နေရာမှား၍ ညွှန်လိုက်သည်ဟု ယူဆသောကြောင့် မိန်းမငယ်ကို ထပ်မေးလိုက်သည်။

"ကျွန်တော် မေးတာက ပရိဘောဂဆရာ လန့်ဇ်ဆိုတဲ့သူကို မေးတာပါ"

"ကျွန်မ သိပါတယ်"

အမျိုးသမီးလေးက ပြန်ဖြေလိုက်သည်။

"အထဲထိရောက်အောင်သာ ဝင်သွားလိုက်ပါ"

အကယ်၍ ထိုမိန်းမငယ်သည် ကေရှိရာသို့ ထလာပြီး တံခါးလက်ကိုင်ကို ကိုင်၍ "ရှင် ဝင်ပြီးတာနဲ့ ကျွန်မ တံခါးပိတ်ရလိမ့်မယ်။ နောက်ထပ်လူမဝင်နိုင်အောင်" ဟု မပြောခဲ့လျှင် ကေ့အနေနှင့် ငြင်းဆန်မိပေလိမ့်မည်။

"သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ"

ကေက ပြောလိုက်သည်။

"ဒါပေမဲ့ အခန်းထဲမှာတော့ လူတွေပြည့်နေပြီ"

မည်သို့ပင်ဖြစ်စေ ကေသည် ထိုအခန်းထဲသို့ တစ်ခါထပ်၍ ဝင်သွားခဲ့ရပြန်သည်။

တံခါးအနီးတွင် လူနှစ်ယောက် စကားပြောနေကြသည်။ တစ်ယောက်က ငွေပေးနေသကဲ့သို့ လက်နှစ်ဖက်ကို ဆန့်ထုတ်ထားပြီး ကျန်တစ်ယောက်က ထိုသူ၏ မျက်နှာကို မျက်နှာထားတင်းတင်းဖြင့် ကြည့်နေသည်။ ထိုလူနှစ်ယောက်ကြားမှ လက်တစ်ဖက် ထွက်လာပြီး ကေ့ကို ဆွဲခေါ်သွားသည်။ ဆွဲခေါ်ခဲ့သူလေးမှာ ပါးအို့နီနီလေးနှင့် ကလေးငယ်တစ်ယောက်ဖြစ်သည်။

"လာပါ...ကျွန်တော့်နောက်လိုက်ခဲ့ပါ ဦးရဲ့"

ချာတိတ်က ပြောလိုက်သည်။ ကေသည်လည်း ကောင်လေးခေါ်ရာနောက်သို့ ပါလာခဲ့သည်။ ဤမျှ လူများ များပြားသော်လည်း အုပ်စုနှစ်စုခွဲနေ၍သာ သွားနိုင်စရာ

mgyoe.com

လမ်းလေး ရှိနေခဲ့သည်။ လမ်းတစ်လျှောက်တွင်လည်း ထိုသူများ၏ မျက်နှာကို လုံးဝ မမြင်တွေ့ခဲ့ရ။ ကိုယ့်အုပ်စုနှင့် ကိုယ်ဝိုင်းဖွဲ့စကားပြောနေကြသဖြင့် နောက်ကျောများကိုသာ တွေ့မြင်ခဲ့ရသည်။ များသောအားဖြင့် လူတောသူတောထဲ သွားသောအခါ ဝတ်ဆင်လေ့ရှိသည့် အနက်ရောင်ဝတ်စုံ ခပ်နွမ်းနွမ်းများကို ဝတ်ဆင်ထားကြသည်။ သူတို့၏ အဝတ်အစားများကြောင့် ကော့ခေါင်းထဲတွင် ရှုပ်ထွေးသွားရခြင်းဖြစ်သည်။ သို့မဟုတ်ပါက နိုင်ငံရေး အဖွဲ့အစည်းတစ်ခု အစည်းအဝေး ကျင်းပနေခြင်းဟုသာ မှတ်ယူမိပေမည်။

ကော့ကို ခေါ်ဆောင်လာရာ ထိုအဆောင်၏အဆုံးသို့ ရောက်သောအခါ ပလက်ဖောင်းလို ခပ်နိမ့်နိမ့် စင်မြင့်တစ်ခုရှိနေသည်။ ထိုအပေါ်တွင် ခင်းထားသော စားပွဲတစ်လုံးကို ဘေးတိုက်အနေအထား မြင်တွေ့ရပြီး စားပွဲနောက် ပလက်ဖောင်းစွန်းရှိ ထိုင်ခုံတွင် အသက်ပြင်းပြင်း ရှူနေသော ခပ်ဝဝ လူရွယ်တစ်ယောက် ထိုင်လျက်ရှိနေသည်။ သူက လူတစ်ယောက်နှင့် ဝမ်းသာအယ်လဲ စကားပြောနေသည်။ ထိုကျန်လူမှာ ကုလားထိုင်တွင် ခြေနှစ်ချောင်းကိုချိတ်၊ တံတောင်နှစ်ဖက်ကို ကုလားထိုင်နောက်မှီတွင် တင်ပြီး ပုံပျက်ပန်းပျက် ထိုင်နေသည်။ ခပ်ဝဝ လူသည် တစ်စုံတစ်ယောက်သောသူ၏ ဟန်ပန်ကို တုပနောက်ပြောင် ပြက်ရယ်ခြင်း ပြုသကဲ့သို့ သူ၏ လက်နှစ်ဖက်ကို အခါအားလျော်စွာ မြှောက်ချည် ချချည်ပြုနေသည်။ ကော့ကို ခေါ်လာသည့် ကောင်လေးအနေနှင့် ဧည့်သည်ပါလာကြောင်း သတိပေး ပြောဖို့ အခက်ကြုံနေရသည်။ ခြေဖျားထောက်၍ နှစ်ကြိမ်တိုင်တိုင် ပြောရန်ဟန်ပြင်လိုက်သော်လည်း ပြောခွင့် မရနိုင်ဘဲ ဖြစ်နေသည်။ ပလက်ဖောင်းပေါ်မှ လူတစ်ယောက်က ကြားဝင်၍ ကောင်လေးကို လက်ညှိုးထိုးပြလိုက်မှ ကောင်လေးကို မြင်သွားပြီး ပြောသည်များကို ငုံ့၍ နားထောင်ခြင်းပြုလိုက်သည်။ ထို့နောက် ထိုလူသည် အိတ်ဆောင်နာရီကို ထုတ်ကြည့်လိုက်ပြီး ကော့ကို ဖျတ်ခနဲ လှမ်းကြည့်ကာ –

"ခင်ဗျားအနေနဲ့ လွန်ခဲ့တဲ့ တစ်နာရီနဲ့ ငါးမိနစ်လောက်က သည်နေရာကို ရောက်နေခဲ့ဖို့ ကောင်းတယ်"

ကောက ပြန်ဖြေမည်ပြုသော်လည်း စကားပြန်ပြောချိန်ပင် မရလိုက်။ ထိုသူပြောပြီးသည်နှင့် အခန်းထဲ၌ မကျေနပ်သံများ သောသောညံအောင် ထွက်ပေါ်လာခဲ့သောကြောင့် ဖြစ်သည်။

"လွန်ခဲ့တဲ့ တစ်နာရီ၊ ငါးမိနစ်လောက်တည်းက ခင်ဗျား ရောက်လာခဲ့ဖို့ ကောင်း

mgyoe.com

တယ်”

ထိုသူက အသံကိုမြှင့်၍ ထပ်မံပြောဆိုပြီးနောက် အခန်းထဲရှိ လူများကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ထိုသူ နောက်ထပ်ဘာမှ မပြောတော့သော်လည်း ရေရွတ်ပြောဆိုသံများ ရုတ်တရက် ပေါ်ထွက်လာခဲ့ပြီး အချိန်အတော်ကြာမှ တိတ်သွားတော့သည်။ ထို့နောက် ကေ ဝင်လာစဉ်ကထက်ပင် ပို၍ ငြိမ်သက်သွားလေသည်။ ထပ်ခိုးဆောင်ပေါ်မှ လူအချို့သာ သူတို့ ထင်မြင်ချက်များ ပြောဆိုနေကြသည်။ ဖုန်များဖြင့် မှုန်နေပြီး ရိပ်ရိပ်မှောင်သော ထိုအခန်းထဲမှ လူများသည် အောက်ထပ်မှ လူများထက်ပင် မသေမသပ် ပိုရှိသည်။ တချို့ကလည်း ခေါင်းနှင့် မျက်နှာကြက်ကြားတွင် ယူလာခဲ့သော ကူရှင်များ ခံထားကြပြီး ခေါင်းကိုထိခိုက်မည့် ဘေးမှ ကာကွယ်ထားကြသည်။

ကေက စကားပြောသည်ထက် အခြေအနေကို အကဲခတ်နေလိုက်တော့မည်ဟု စိတ်ပိုင်းဖြတ်ကာ သူ၏ နောက်ကျရောက်ရှိလာခြင်းအတွက် ထွေထွေထူးထူး ရှင်းပြမနေတော့ပေ။

“ကျွန်တော် နောက်ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ...ခု...သည်မှာရောက်နေပြီပဲ”

ဟုသာ ပြောလိုက်သည်။ အခန်း၏ ညာဘက်ထောင့်ဆီမှ လက်ခုပ်လက်ဝါးတီး၍ သြဘာပေးသံများ ပေါ်ထွက်လာသည်။ “သည်လူတွေကို အသာလေးနဲ့ ကျိုးသွင်းလို့ရမယ်” ဟု ကေ တွေးလိုက်မိသည်။ သူ၏ ကျောဘက်တည့်တည့် လက်ဝဲဘက် တစ်ခြမ်းမှ လက်ခုပ်သံ တစ်ချက် နှစ်ချက်သာ ကြားရသဖြင့် စိတ်ထဲ၌ အနည်းငယ် ထင့်သွားခဲ့မိသည်။ ရောက်ရှိနေသော လူများအားလုံး တစ်ကြိမ်တစ်ခါတည်းနှင့် သူ့ဘက်ပါလာအောင် သို့မဟုတ် ထိုသို့ မဖြစ်နိုင်လင့်ကစား အနည်းဆုံးလက်ရှိအခိုက်အတန့်တွင် သူ့ဘက်မှ အများစု ပါလာအောင် မည်သို့ ပြောရမည်ဆိုသည်ကို တွေးဆကြည့်လျက်ရှိသည်။

“ဟုတ်ပါတယ်” ထိုသူက ပြန်ပြောလိုက်သည်။

“ဒါပေမဲ့ ခုချိန်ကျမှတော့ ခင်ဗျား ပြောတာဆိုတာကို ကျွန်တော် နားမထောင်နိုင်တော့ဘူး”

တီးတိုးပြောသံများ ထွက်ပေါ်လာပြန်သည်။ သည်တစ်ကြိမ်တွင်တော့ ထိုသူ၏ အရေးပါမှုကို မလွဲမသွေ မြင်တွေ့နိုင်ပေသည်။ ထိုသူက ပရိသတ် ငြိမ်သွားအောင်

mgyoe.com

mgyoe.com SAMPLE BOOK
လက်တစ်ဖက်ကို ထောင်ပြလိုက်ပြီး အသံများတိတ်သွားသည်နှင့် သူ စကားဆက်လိုက်သည်။

"ဒါပေမဲ့ ခင်ဗျားကိစ္စမှာတော့ ခြွင်းချက်အဖြစ် ကျွန်တော် လက်ခံလိုက်မယ်။ ဒါပေမဲ့ ခုလို နောက်ကျမှုမျိုး နောက်တစ်ခါ မဖြစ်ပါစေနဲ့။ ကဲ...ကောင်းပြီ...ခင်ဗျား ရှေ့ကိုတိုးခဲ့ပါ"

ပလက်ဖောင်းပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာပြီး ကေ့အတွက် လမ်းရှင်းပေးလိုက်သည်။ ကေက ပလက်ဖောင်းပေါ်အထိ တက်သွားလိုက်သည်။ တရားသူကြီး၏ စားပွဲနှင့် နောက်မှ တိုးလာသော လူအုပ်ကြားတွင် ကေမှာ ညပ်ပါနေသည်။ သူသာ တောင့်ခံမထားနိုင်ပါက တရားသူကြီး၏ စားပွဲရော တရားသူကြီးပါ ပလက်ဖောင်းစင်ပေါ်မှ နောက်သို့ ကျွမ်းပြန်ကျသွားပေလိမ့်မည်။

သို့သော် တရားသူကြီးမှာမူ စိတ်အနှောင့်အယှက် ဖြစ်နေပုံမပေါ်။ ကုလားထိုင်မှာ ဟန်ရပန်ရထိုင်ပြီး သူ့နောက်မှ လူများကို စကားတစ်ခွန်း နှစ်ခွန်း လှမ်းပြောလိုက်သည်။ ပြီးနောက် စားပွဲပေါ်ရှိ တစ်ခုတည်းသော ပစ္စည်းဖြစ်သည့် ခပ်သေးသေး မှတ်စုစာအုပ်ကို လှမ်းကောက်ကိုင်လိုက်သည်။ ထိုစာအုပ်လေးမှာ ရှေးကျသော ကျောင်းသုံးလေ့ကျင့်ခန်း စာအုပ်မျိုးနှင့် တူပြီး အကိုင်များသဖြင့် စာရွက်ထောင့်လေးများ အတွင်းဘက်သို့ ခေါက်ဝင်နေသည်။

"ကဲ...ကောင်းပြီ" တရားသူကြီးက စာရွက်များကို လှန်ရင်း အာဏာသံပါပါနှင့် စကားစလိုက်သည်။

"မင်းက အိမ်ဆေးသုတ်တဲ့သူလား"

"မဟုတ်ပါဘူး" ကေက ပြန်ဖြေလိုက်သည်။ "ကျွန်တော်က ဘဏ်က အငယ်တန်းမန်နေဂျာပါ"

ကေ၏ အဖြေက ညာဘက်ခြမ်းတွင် ရပ်နေသော ပရိသတ်အား ဝါးခနဲပွဲကျသွားစေသဖြင့် ကေပါ ရောယောင်လိုက်ရယ်မိသည်။ ကေ့ နောက်ကျောရှိလူများသည် လက်နှစ်ဖက်ကို ဒူးပေါ်ထောက်တွန်းထားရင်း ချောင်းဆိုးနေသကဲ့သို့ ကိုယ်များ ယမ်းခါနေကြသည်။ ထပ်ခိုးဆောင်ဆီမှ ဝမ်းခေါင်းသံကြီးများနှင့် ရယ်မောသံများပင် ထွက်လာခဲ့သည်။ ရှုံးပျက်နေပြီဖြစ်သော တရားသူကြီးသည် အခန်းထဲရှိ လူများ အပေါ် အာဏာသုံး၍ မရနိုင်တော့မှန်းသိသဖြင့် ခန်းမဆောင်ဘက်ရှိ လူများကို အစက မထင်မရှားရှိသော မျက်ခုံးမွေးများထောင်လာသည်အထိ မျက်မှောင်ကုတ်ကြည့်ကာ

mgyoe.com

mgyoe.com
သံကုန်ဟစ် ကြုံးဝါးလိုက်သည်။

ဘယ်ဘက်ခြမ်းရှိ ပရိသတ်မှာမူ အစတည်းကအတိုင်း မတုန်မလှုပ်နှင့် ငြိမ်ချက်သားကောင်းနေကြသည်။ ထိုလူများသည် ပလက်ဖောင်းနှင့် မျက်နှာချင်းဆိုင်တွင် အတန်းလိုက် စီတန်း၍ ရပ်ရင်း နားထောင်နေကြခြင်းဖြစ်ပြီး အခန်းထဲတွင် ဖြစ်ပေါ်နေသော ဆူဆူညံညံအသံများကို မလှုပ်မယှက် နားထောင်နေကြသည်။ သူ့တို့ထံမှ တစ်ယောက်ယောက်စပြီး တခြားအုပ်စုမှ တစ်ယောက်ယောက်နှင့် စကားစမြည်ပြောစေလိုသည့်ဆန္ဒ သူတို့ရင်ထဲ၌ ခံစားနေကြရသည်။ တခြားအဖွဲ့လောက်လူမများလှသော ဤလက်ဝဲအုပ်မှ လူများသည် သိပ်အရေးပါအရာရောက်လှသော လူများလည်း ဖြစ်ကြပုံမရပေ။ သို့သော် သူတို့ ရပ်နေပုံ အနေအထားက သူတို့ကို ပို၍ အရေးပါအရာရောက်သကဲ့သို့ အထင်ရောက်စေသည်။ ကေသည် စကားစပြောလိုက်သည်နှင့် သူ့ကိုယ်သူ ထိုလူများ၏အမြင်ကို ဖော်ပြပေးမည့် ကိုယ်စားလှယ်သဖွယ် ထင်မြင်မိသည်။

"တရားသူကြီးမင်းခင်ဗျား... ခင်ဗျားရဲ့ မေးခွန်းမှာ ကျွန်တော့်ကို အိမ်ဆေးသုတ်သလားလို့ မေးလိုက်တာဟာ ပြောရမယ်ဆိုရင် မေးခွန်းထုတ် စစ်ဆေးတာမဟုတ်ဘဲ ခင်ဗျားရဲ့ စိတ်ထဲမှာ ထင်တာကို ဖော်ပြလိုက်တဲ့ ဖော်ပြချက်တစ်ခုပဲဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော့်အပေါ်မှာ ဖွင့်ထားတဲ့အမှုဟာလည်း ခင်ဗျားမေးခွန်းရဲ့ သဘောသွားမျိုးနဲ့ တထေရာတည်းပါပဲ...၊ ခင်ဗျားအနေနဲ့ အမှုဖွင့်လောက်တဲ့ ကိစ္စမျိုး မဟုတ်ဘူးလို့ ကန့်ကွက်ရင်လည်း ခင်ဗျားပြောတာ မှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အမှုပါလို့ အသိအမှတ်ပြုပါမှ အမှုလို့ ခေါ်လို့ရမှာကြောင့်ဖြစ်ပါတယ်။ လက်ရှိအခိုက်အတန့်မှာတော့ ကြင်နာသနားတဲ့အနေနဲ့ တရားခွင်လို့ ကျွန်တော် အသိအမှတ်ပြုပါတယ်။ တစ်ဦးတစ်ယောက်အနေနဲ့ သနားစိတ်နဲ့မှအပ တခြားနည်းနဲ့တော့ အသိအမှတ်ပြုလို့ မရပါဘူး။ လုံးဝ အသိအမှတ်ပြုရမယ်ဆိုရင် ပေါ့လေ၊ ခင်ဗျားရဲ့ လုပ်နည်းလုပ်ဟန်ကို မဖွယ်မရာလို့ ကျွန်တော် မပြောလိုပါဘူး။ ဒါပေမဲ့ လက်ရှိ အခိုက်အတန့်မှာ တရားသူကြီးမင်းထံ တင်ပြ အစီရင်ခံလိုတာကတော့ ခင်ဗျား ပြောခဲ့တဲ့ စကားတွေကို ခင်ဗျားဘာသာ စဉ်းစားချင့်ချိန်ကြည့်ဖို့ပါပဲ..."

ကေက စကားရပ်လိုက်ပြီး ခန်းမထဲ လှမ်းကြည့်လိုက်သည်။ သူ ရည်ရွယ်ထားသည်ထက် ပို၍ တိကျပြတ်သားစွာ ပြောဖြစ်သွားခဲ့သည်။ သို့သော် သူ့နေရာနှင့်သူ ချက်ကျအောင် ပြောသွားခဲ့ခြင်းဖြစ်သည်။ သူ့စကားများသည် လက်ခုပ်ဩဘာပေး
mgyoe.com

mgyoe.com SAMPLE BOOK
ထိုက်သော စကားမျိုး ဖြစ်သည့်တိုင် အားလုံးမှာ ငြိမ်သက်နေကြသည်။ နားထောင်နေကြသော ပရိသတ်မှာ ကေ မည်သို့ ဆက်လက်ပြောကြားမည်ကို နားထောင်လိုစိတ်ဖြင့် စောင့်ဆိုင်းနေကြသည်မှာ ထင်ရှားလှသည်။ အရာရာကို ချုပ်ငြိမ်းသွားစေနိုင်သော တစ်စုံတစ်ရာသည် ထိုငြိမ်သက်မှုထဲမှ ထွက်ပေါ်ကောင်း ထွက်ပေါ်လာနိုင်သည်။ ထိုအခိုက် အလုပ်ပြီးသွားဟန်တူသော အဝတ်လျှော်နေသည့် မိန်းမငယ်သည် ခန်းမတံခါးကိုဖွင့်ချဝင်လာရာ ကေ စိတ်ပျက်သွားမိသည်။ ပရိသတ်တချို့၏ အာရုံက ထိုမိန်းမထံသို့ ရောက်ရှိသွားသောကြောင့် ဖြစ်သည်။ သို့သော် သူ ပြောလိုက်သော စကားများကြောင့် တရားသူကြီးအနေဖြင့် အံ့အားသင့်ပြီး ကြောင်တက်တက် ဖြစ်သွားရသည့်အတွက်ကိုမူ ကေ ကျေနပ်မိသည်။ ခန်းမထဲသို့ လှမ်းဆူပူကြိမ်းမောင်းရန် ထရပ်နေခဲ့သော တရားသူကြီးသည် ကေ၏ အစီရင်ခံချက်ကြောင့် အံ့အားသင့်ပြီး ယခုအချိန်ထိ ရပ်လျက်ရှိနေဆဲ ဖြစ်သည်။ အားလုံး ငြိမ်သက်နေကြစဉ်တွင် သူ့လှုပ်ရှားမှုကို သူများမမြင်စေလိုသည့် သဘောဖြင့် တရားသူကြီးက တဖြည်းဖြည်း မသိမသာ ထိုင်ချလိုက်သည်။ သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းသည့်အနေနှင့် ဖြစ်မည်။ သူက မှတ်စုစာအုပ်ကို ယူ၍ လှန်လှောကြည့်ရှုနေသည်။

"အဲဒီ မှတ်စုစာအုပ်ကလည်း တရားသူကြီးမင်းကို သိပ်တော့ အထောက်အကူ ပေးနိုင်မှာ မဟုတ်ပါဘူး"

ကေက စကားဆက်လိုက်သည်။

"ခင်ဗျားရဲ့ မှတ်စုဟာ ကျွန်တော် ပြောသွားခဲ့တာတွေ မှန်ကြောင်း သက်သေခံ ဖြစ်နေပါတယ်၊ တရားသူကြီးမင်းခင်ဗျား"

ထူးဆန်းလှသော လူစုလူဝေးကြီးထဲတွင် အေးစက်သော လေသံနှင့် တည်တည်ငြိမ်ငြိမ် ပြောလိုက်နိုင်သည့် အဖြစ်ကြောင့် ရဲရင့်လာခဲ့သော ကေသည် တရားသူကြီးလက်မှ မှတ်စုစာအုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး သူ့လက်ချောင်းများကို ဖုန်မှုန့်များ ပေကျံကုန်မည် စိုးသည့်အလား လက်ဖျားလေးဖြင့်သာ ကိုင်ကာ မြှောက်ပြလိုက်သည်။ အလယ်စာရွက် အနည်းငယ်ကိုသာ စုကိုင် မြှောက်လိုက်ခြင်းဖြစ်ရာ ဝါကြင်ကြင် စာရွက်ပေါ်တွင် လက်ရေးစိပ်စိပ်နှင့် ရေးထားသော စာကြောင်းများ၊ ဖျက်ရာများကို နှစ်ဖက်သို့ခွဲ လန်ကျနေသော စာမျက်နှာများပေါ်တွင် မြင်တွေ့နေရသည်။

"ဒါဟာ စစ်ဆေးရေးတရားသူကြီးရဲ့ မှတ်စုတွေပဲ"

ကေက ပြောလိုက်ပြီး မှတ်စုစာအုပ်ကို စားပွဲပေါ် လွှတ်ချလိုက်သည်။
mgyoe.com

 mgyoe.com SAMPLE BOOK 

"တရားသူကြီးမင်းခင်ဗျာ...ခင်ဗျားရဲ့ မှတ်စုများကို စိတ်ရှိသလို အေးအေးဆေးဆေး ဖတ်ရှုနိုင်ပါတယ်။ ခင်ဗျားရဲ့ လယ်ဂျာစာအုပ်ကြီးကို ကျွန်တော် မကြောက်ပါဘူး၊ ဖတ်လည်း မကြည့်ပါဘူး။ လက်ဖျားနဲ့ တို့ရုံတင် တို့ကြည့်ခဲ့တာပါ။ လက်ထဲတောင် မိမိရရ ကိုင်မကြည့်ခဲ့ပါဘူး..."

ထိုသို့ ပြောလိုက်ခြင်းသည် အကြီးအကျယ် နှိမ့်ချပြောဆိုလိုက်ခြင်း သို့မဟုတ် အနည်းဆုံး ထိုကဲ့သို့ မှတ်ယူနိုင်သော အပြုအမူဖြစ်သည်ဟု အဓိပ္ပာယ် ကောက်ယူနိုင်သည်။ တရားသူကြီးက မှတ်စုစာအုပ်ကို ကောက်ယူ၍ နေသားတကျ ပြန်ထားလိုက်ပြီး နောက်တစ်ဖန် ဆွဲယူဖတ်ရှုလိုက်ပြန်သည်။

ပထမဆုံးတန်းတွင် ရပ်နေကြသော သူများသည် ကေ့အား မမှိတ်မသုန် ဝိုင်းကြည့်နေကြသဖြင့် ကေကလည်း ခေတ္တမျှ သူတို့ကို ငုံ့ပြီးကြည့်နေလိုက်သည်။ သူတို့အားလုံးမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပြီး တချို့တလေမှာ မုတ်ဆိတ်မွေးများပင် ဖြူနေကြပြီဖြစ်သည်။ သူတို့သည် ဩဇာလွှမ်းမိုးနိုင်သောလူများ တကယ်ပင် ဖြစ်နေခဲ့ကြသလော။ ဤလူများသည် ရောက်ရှိနေသော လူအစုအဝေးကြီးကို သူတို့နောက်သို့ ပါလာအောင် ခေါ်ဆောင်သွားနိုင်သောသူများ ဖြစ်ကြပေသလော။ ကေ စကားစပြောကတည်းက သူတို့သည် မတုန်မလှုပ်နှင့် ရှိနေခဲ့ကြပြီး သူတို့အား တရားသူကြီးမင်းက လူအများရှေ့မှောက်တွင် အရှက်ရအောင် ပြုလုပ်ခဲ့သည့်တိုင် တုံဏှိဘာဝေ နေခဲ့ကြသူများပင်။

"ကျွန်တော့်မှာ ဘာဖြစ်ရသလဲဆိုတော့"

ကေက စကားဆက်လိုက်သည်။ ပြောရာတွင်လည်း ယခင်ကထက် ပို၍ တည်ငြိမ်အေးဆေးလာပြီး တစ်ချိန်တည်းမှာပင် ရှေ့တန်းတွင် ရပ်နေသူများ၏ မျက်နှာများကို အကဲခတ်နေမိခဲ့သဖြင့် သူပြောရာတွင် အနည်းငယ် ထစ်ငေါ့မှုများ ရှိလာစေခဲ့သည်။

"ကျွန်တော် ဖြစ်ခဲ့ရတဲ့ အဖြစ်ဟာ တစ်ကြိမ်တည်းသာဖြစ်ပြီး သိပ်လည်း ထူးခြားမှုမရှိပါဘူး။ အထူးသဖြင့် ကျွန်တော်က သိပ်အရေးတယူ လုပ်မနေရင်ပေါ့လေ၊ ဒါပေမဲ့ ဒါဟာ တခြားသူတွေအပေါ်မှာလည်း အကျိုးသက်ရောက်နိုင်တဲ့ လွဲမှားတဲ့ လမ်းစဉ်ရဲ့ ကိုယ်စားပြု ဆောင်ရွက်မှုတစ်ရပ် ဖြစ်တယ်...သည့်အတွက်ကြောင့် ကျွန်တော်ဟာ အခုလို အများရှေ့မှောက်မှာ ရပ်ပြီး ခုခံချေပနေရတာပဲ။ ကျွန်တော် တစ်ယောက်တည်းရဲ့ အကျိုးသက်သက်အတွက် မဟုတ်ပါဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

ဘာရယ်လို့ မဟုတ်၊ ကေက သူ့အသံကို မြှင့်လိုက်သည်။ နားထောင်နေကြသော ပရိသတ်ထဲမှ တစ်ယောက်က လက်နှစ်ဖက်ကို မြှောက်၍ လက်ခုပ်တီးလိုက်ပြီးနောက် အော်ပြောလိုက်သည်။

"ဟုတ်ပါပေသဗျို့...မှန်လိုက်လေဗျာ"

ရှေ့တန်းတွင် ရပ်နေကြသောသူများအနက်မှ တချို့ပုဂ္ဂိုလ်များက မုတ်ဆိတ်မွေးများကို တသပ်သပ်လုပ်နေကြသော်လည်း အသံလာရာနောက်ဆီသို့ လှည့်မကြည့်ကြပေ။ ကေကလည်း အော်ဟစ်ထောက်ခံသံကို သိပ်အလေးမထားမိ။ သို့သော် အားတက်သွားသယောင်တော့ ခံစားမိသည်။ တစ်ဦးတစ်ယောက်ထံမှ အားပေးချီးမြှောက်မှု ခံရဖို့ လိုအပ်သည်ဟု သူ မယူဆတော့။ အကယ်၍ နားထောင်နေကြသည့် ပရိသတ်ထဲမှ ယုံကြည်မှုအရင်းခံနှင့် ပြဿနာကို စဉ်းစားသုံးသပ်သူ တစ်ယောက်စ နှစ်ယောက်စ ထွက်ပေါ်လာခဲ့သော် သူ့အနေဖြင့် အကျေနပ်ကြီး ကျေနပ်မှု ရနိုင်လိမ့်မည်။

"ကျွန်တော်...အဟောအပြောကောင်းသူတစ်ယောက်အဖြစ် မထင်ပေါ်လိုပါဘူး"

ကေက ပြောလိုက်ပြီးနောက် စကားကို နိဂုံးချုပ်လိုက်သည်။

"လေးစားအပ်တဲ့ တရားသူကြီးမင်းက အဟောအပြော ပိုကောင်းပါလိမ့်မယ်...တကယ်ပါ...သံသယဝင်စရာ မလိုပါဘူး၊ ဒါက သူ့လုပ်ငန်းရဲ့ တစ်စိတ်တစ်ပိုင်း မဟုတ်လား...ကျွန်တော် ဖြစ်စေချင်တဲ့ဆန္ဒတစ်ခုကတော့ လူထုရဲ့ ကြေကွဲဝမ်းနည်းမှုတို့ကို ဖော်ထုတ်ပြနိုင်ဖို့အတွက် ထွက်ပေါက်ရှိဖို့ပါပဲ။ ကျွန်တော်ပြောတာကို နားထောင်ကြပါ...လွန်ခဲ့တဲ့ ဆယ်ရက်က ကျွန်တော် အဖမ်းခံရပါတယ်...အဖမ်းခံရတဲ့ ကိစ္စက ခုလက်ရှိ အခိုက်အတန့်မှာ လက်ဆုပ်လက်ကိုင်ပြစရာ အကောင်းအထည် မပေါ်လာသေးပေမဲ့ အတော့်ကို ရယ်စရာကောင်းတဲ့ အဖြစ်လို့ပဲ ကျွန်တော် ထင်မိပါတယ်...

"ကျွန်တော် အိပ်ရာကတောင် မထရသေးဘူး...ကျွန်တော် အဖမ်းခံလိုက်ရတယ်လို့ ဆိုလို့ရနိုင်ကောင်းပါတယ်၊ တရားသူကြီးမင်းရဲ့ အမိန့်ကို ထောက်မယ်ဆိုရင်တော့ ဒါဟာ ဖြစ်နိုင်စရာရှိပုံ မရပါဘူး။ အမှန်ကတော့ သူတို့ဟာ ကျွန်တော့်လိုပဲ အပြစ်မဲ့တဲ့ လူတစ်ယောက်ဖြစ်မယ့် အိမ်ဆောင်သတ်သမားတစ်ယောက်ကို ဖမ်းဆီးဖို့ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်ဆီကို သူတို့ ဆိုက်ဆိုက်မြိုက်မြိုက်

mgyoe.com

ရောက်လာကြတယ်။ ကျွန်တော့်အခန်းနဲ့ ကပ်လျက်အခန်းမှာ စရိုက်ကြမ်းတဲ့ ဝါဒါနှစ်ယောက်က စောင့်နေကြတယ်။ တကယ်လို့သာ ကျွန်တော်ဟာ လူဆိုးဓားပြတစ်ယောက် ဖြစ်နေခဲ့မယ်ဆိုရင် သူတို့ဟာ လိုအပ်သလောက် ကြိုတင်ပြင်ဆင်မှုမျိုး မရှိခဲ့ကြပါဘူး။ သည့်ထက်ပိုပြောရမယ်ဆိုရင် သူတို့ဟာ အကျင့်ပျက်နေတဲ့ လူမိုက်တွေပဲ... သူတို့ ပြောဆိုကြတာတွေဟာ ကြားရတဲ့ ကျွန်တော့်အဖို့ နားထိုင်းသွားလောက်တယ်။ သူတို့ကို လာဘ်ထိုးဖို့အတွက် ကျွန်တော့်ကို သွေးဆောင်ဖို့ ကြိုးစားကြတယ်။ မရိုးသားတဲ့ ဆင်ခြေတွေ ပေးပြီး ကျွန်တော့်ရဲ့ အင်္ကျီတွေကို အရယူဖို့လည်း ကြံခဲ့ကြသေးတယ်။ ကျွန်တော့်ရဲ့ မနက်စာကိုလည်း ကျွန်တော့် မျက်စိအောက်မှာပဲ မျက်နှာပြောင်ပြောင် အရှက်မရှိ စားပစ်သေးတယ်။ ပြီးတော့ ကျွန်တော့်အတွက် မနက်စာ ဝယ်ပေးမယ်ဆိုပြီး ပိုက်ဆံတောင်းလိုက်သေးတယ်...

"ဒါဟာ အကုန်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ အင်စပက်တာနဲ့တွေ့ဖို့ဆိုပြီး တတိယမြောက် အခန်းထဲကို ခေါ်သွားကြတယ်။ အဲဒီအခန်းက ကျွန်တော် အင်မတန် လေးစားတဲ့ အမျိုးသမီးတစ်ယောက်နေတဲ့ အခန်းပဲ။ အဲဒီ အခန်းထဲမှာလည်း ရှုပ်ပွကုန်တာ ကျွန်တော် တွေ့ခဲ့ရတယ်။ ကျွန်တော့်အတွက်ကြောင့် ဖြစ်ရပေမဲ့ ကျွန်တော့်အပြစ် မဟုတ်ပါဘူး။ ဝါဒါနှစ်ယောက်နဲ့ အင်စပက်တာတို့ကြောင့် ဖြစ်ကုန်တာပါ။ ဆက်လက်သည်းခံပြီး ငြိမ်နေဖို့ဆိုတာ ကျွန်တော့်အဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကိုယ်ကျွန်တော် တည်ငြိမ်နေအောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ အင်စပက်တာကိုလည်း ကျွန်တော် ဟန်မပျက်ဘဲ မေးခဲ့ပါတယ်။ သူသည်အခန်းထဲ ရောက်နေမှတော့ ကျွန်တော့်ကို ဘာမှုနဲ့ဖမ်းတယ်ဆိုတာ လက်ဆုပ်လက်ကိုင်ပြနိုင်ပါလိမ့်မယ်လို့။ ကျွန်တော် ဖော်ပြပြီးခဲ့တဲ့ အမျိုးသမီးရဲ့ ကုလားထိုင်မှာ အဈေ့သား ဝင်ထိုင်နေတဲ့ အင်စပက်တာရဲ့ အဖြေဟာ ဘာဖြစ်မယ်လို့ ထင်ပါသလဲ...၊ လူကြီးမင်းများခင်ဗျား သူပေးလိုက်တဲ့ အဖြေကတော့ ဘာမှအရာမထင် အကျိုးမရှိနိုင်တဲ့ အဖြေပါပဲ...သူက ကျွန်တော့်ကို ဖမ်းတယ်။ ဒီလောက်ပြောရင် လုံလောက်ပါပြီတဲ့...

"ဒါပေမဲ့ ခု ကျွန်တော် ပြောပြီးသလောက်နဲ့လည်း မပြီးသေးပါဘူး။ သူက ကျွန်တော့်ရဲ့ဘဏ်က အောက်တန်းစာရေး သုံးယောက်ကိုပါ အခန်းထဲခေါ်လာခဲ့ပါသေးတယ်။ အဲဒီသုံးယောက်ကလည်း အမျိုးသမီးရဲ့အခန်းမှာ ချိတ်ထားတဲ့ဓာတ်ပုံတွေ ဖြုတ်ကြည့်လိုကြည့်၊ ပြောင်းချိတ်လိုချိတ်နဲ့ စိတ်ရှိတိုင်း လျှောက်လုပ်နေကြ

တယ်။ သူတို့သုံးယောက်ကို ခေါ်လာတာဟာ တခြားရည်ရွယ်ချက် ရှိပါလိမ့်မယ်။ ကျွန်တော့် အိမ်ရှင်နဲ့ အိမ်ဖော်ကို သိစေသလို သူတို့ကိုလည်း သိစေပြီး ကျွန်တော် အဖမ်းခံရတယ်ဆိုတာကို အမနာပ လျှောက်ပြောအောင်၊ ကျွန်တော့် ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင်၊ ဘဏ်မှာရထားတဲ့ ကျွန်တော့် ရာထူးကိုလည်း ထိခိုက်စေအောင် လုပ်ကြတာလား မပြောတတ်ပါဘူး။ ဒါပေမဲ့ သည်ရည်ရွယ်ချက်ကတော့ လုံးဝ အောင်မြင်မှုရမှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်ရဲ့ အိမ်ရှင်ဟာ ရိုးသားတဲ့သူတစ်ယောက်ပါ။ ကျွန်တော် သူ့ကို ရိုသေလေးစားပါတယ်။ သူ့နာမည်က ဖရောဂရူးဘက်ရှ် တဲ့၊ ခု ကျွန်တော့်ကို ဖမ်းတဲ့ကိစ္စဟာလည်း လမ်းထဲက ကလေကဝ ကောင်လေးတွေရဲ့ ဆိုးသွမ်းမှုလောက်တောင် ပြောပလောက်တဲ့အမှုမျိုး မဟုတ်ဘူးဆိုတာ စဉ်းစားဉာဏ်နဲ့ ပြည့်ဝတဲ့ ဖရောဂရူးဘက်ရှ် နားလည်သဘောပေါက်မှာပါ...၊ ကျွန်တော် ထပ်လောင်း ပြောပါရစေ...သည်ပြဿနာဟာ ကျွန်တော့်ကို ဘာမှ မည်မည်ရရ ဖြစ်စေမှာတော့ မဟုတ်ပါဘူး။ စိတ်ကသိကအောက်ဖြစ်ရတာရယ်၊ ငြီးငွေ့ ပင်ပန်းတာရယ်...သည်လောက်ပဲ ဖြစ်မှာပါ၊ ဒါပေမဲ့ သည့်ထက်ဆိုးရွားတဲ့ အကျိုးဆက်ကော ပေါ်ထွက်မလာနိုင်ဘူးလား"

ထိုအခြေအနေထိ ဆိုက်လာသောအခါတွင် ကေက ပြောလက်စ စကားကို ရပ်လိုက်ပြီး နှုတ်ဆိတ်နေသော တရားသူကြီးအား လှမ်းကြည့်လိုက်သည်။ တရားသူကြီး၏ မျက်လုံးများသည် ပရိသတ်ထဲမှ တစ်ယောက်ယောက်၏ မျက်လုံးများနှင့် ဆုံပြီး အချက်ပေးလိုက်သကဲ့သို့ ကေ ထင်လိုက်မိသည်။ ကေက ပြုံးမိပြီး နောက်စကားဆက်လိုက်သည်။

"ကျွန်တော့် နံဘေးမှာထိုင်နေတဲ့ လေးစားအပ်တဲ့ တရားသူကြီးမင်းက ခင်ဗျားတို့ထဲက တစ်ယောက်ယောက်ကို အချက်ပေးလိုက်တယ်၊ ဒါကြောင့်မို့ ခင်ဗျားတို့ထဲမှာ သည်နေရာကနေ ပေးတဲ့ ညွှန်ကြားချက်ကို လိုက်နာတဲ့သူတစ်ယောက်ယောက်တော့ ရှိရမယ်၊ အချက်ပေးတဲ့ အဓိပ္ပာယ်ဟာ အားပေးဖို့လား၊ ဆူဆူပူပူလုပ်ဖို့လား ဆိုတာကိုတော့ ကျွန်တော် မသိနိုင်ပါဘူး။ ခုတော့ ကျွန်တော်ဟာ အချိန်မကျသေးခင် ပြဿနာကို ခွဲခြမ်းစိတ်ဖြာလိုက်မိပါပြီ။ ပြဿနာရဲ့ တကယ့်ထူးခြားတဲ့ ဝိသေသလက္ခဏာရပ်တွေကို သိမြင်နိုင်ဖို့ဆိုတဲ့ ကျွန်တော့်ရဲ့ မျှော်လင့်ချက်ကိုလည်း လုံးဝစွန့်လွှတ်လိုက်ပါပြီ။ ကျွန်တော့်အတွက်တော့ လုံးဝ အရေးထားစရာမလိုတဲ့ အမှုမျိုးပါ။ တရားသူကြီးမင်းကို ကျွန်တော့်အနေနဲ့ လူသိရှင်ကြား တိုက်တွန်းပြောဆိုလိုမိ

mgyoe.com

mgyoe.com
တယ်။ အဲဒါကတော့ ကိုယ့်ရဲ့ လက်အောက်ငယ်သားတွေကို အချက်ပြနေမယ့်အစား နှုတ်က ဖွင့်ဟပြီး တိုက်ရိုက်အမိန့်ပေးဖို့သာပဲ။ အော်ကြဆို အော်ကြ၊ ဒါမှမဟုတ် လက်ခုပ်တီးဆို လက်ခုပ်တီးကြလို့ပေါ့…"

အနေရအထိုင်ရခက်၍လော သို့မဟုတ် စိတ်မရှည်နိုင်တော့၍လော မသိ။ တရားသူကြီးသည် စားပွဲပေါ် ဟိုရှာသည်ရှာ လုပ်နေသည်။ နောက် သူ လှမ်းလှမ်း စကားပြောလေ့ရှိသည့် သူ့နောက်တွင်ရပ်နေသည့် သူဆီသို့ ကိုင်းညွှတ်၍ အားပေးခြင်းလား၊ ဆွေးနွေးခြင်းလား မသိနိုင်သော တစ်စုံတစ်ရာကို ငုံ့ပြောလိုက်ပြန်သည်။ အောက်တွင်ရှိနေသော ပရိသတ်ကြီးသည်လည်း တိုးတိုး တိုးတိုးနှင့် ကျိတ်၍ စိတ်ပါ လက်ပါ ပြောလျက်ရှိနေကြသည်။ စေ့စပ်ညှိနှိုင်း၍ ရနိုင်ဖွယ်မရှိဟန် နှစ်စုကွဲနေသော အုပ်စုနှစ်စုသည် ယခုအခါ၌ ရောထွေးသွားပြီး တချို့က ကေ့ကို လက်ညှိုးထိုးပြလျက်၊ တချို့က တရားသူကြီးကို လက်ညှိုးထိုးပြလျက် ရှိနေသည်။ အခန်းထဲ၌ လူများ ပြွတ်သိပ်နေသော အခြေအနေမှာ မခံမရပ်နိုင်အောင် မွန်းကျပ်လာစေသည်။ အခန်း တစ်ဖက်စွန်းမှ သူသည် အခြားတစ်ဖက်စွန်းမှ လူကို တွေ့မြင်နိုင်ဖို့ ခက်ခဲသည်။ အပေါ်ခန်းမမှ ကြည့်နေသူများအဖို့လည်း အဆင်မပြေလှ။ သူတို့မှာ ပရိသတ်ထဲသို့ အသံတိုးတိုးနှင့် လှမ်းမေးယူရသည့်အဖြစ် ဆိုက်နေသည်။ ဘာတွေဖြစ်ပျက်ကုန်ကြပြီ ဆိုသည်ကို သိလိုစိတ်ဖြင့် တရားသူကြီးဘက်ကိုလည်း မျက်စိဝေ့ ဝေ့ကြည့်နေကြ သည်။ သတင်းပေးသူက ပါးစပ်ကို လက်ကာ၍ ခိုးကြောင်ခိုးဝှက် ပြောကြားလျက်ရှိ သည်။

"ကျွန်တော့်စကား ဆုံးလုပါပြီ"

ခေါင်းလောင်းလှုပ်စရာ မရှိသဖြင့် ကေက စားပွဲကို လက်သီးနှင့်ထုရင်း ပြောလိုက်သည်။ စားပွဲထုသံ ပြင်းသွားသဖြင့် ခေါင်းချင်းဆိုင်နေကြသော တရားသူ ကြီးနှင့် နောက်ကလူတို့ ကိုယ်ရှိန်သတ်သွားကြသည်။

"သည်ကိစ္စဟာ ကျွန်တော်နဲ့ လုံးဝ မပတ်သက်ပါဘူး။ ဒါကြောင့် ကျွန်တော့် အနေနဲ့ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးနိုင်ပါလိမ့်မယ်။ ပြောရမယ်ဆိုရင်တော့ ခင်ဗျား သည် ရုံးတော်ကို တကယ်ပဲ အလေးအနက်ထားတယ်ဆိုရင် ကျွန်တော် ပြောတာတွေ ကို နားထောင်ပါ၊ အကျိုးရှိမယ်ဆိုတာ ခင်ဗျား တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် ပြောတာတွေနဲ့ ပတ်သက်လို့ ခင်ဗျားရဲ့အမြင်ကို ဖလှယ်သမှု ပြုချင်တာကိုတော့ ရွှေ့ဆိုင်းထားဖို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်။ ဘာကြောင့်လဲဆိုတော့
mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်မှာ အချိန်မရတော့ပါဘူး။ ခုချက်ချင်း ကျွန်တော် ပြန်သွားရတော့မှာမို့ ဖြစ်ပါတယ်"

ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ကေသည် စုဝေးနေသော သူများပေါ်သို့ လုံးဝ လွှမ်းမိုးသြဇာ သက်ရောက်သွားခဲ့ပြီလော။ အစကကဲ့သို့ လူများထံမှ တစ်ယောက်တစ်ပေါက် ပြောသံများပင် ထွက်ပေါ်လာခြင်း မရှိတော့။ လက်ခုပ်လက်ဝါးတီးမှုမျိုးလည်း သူတို့ မလုပ်ကြတော့။ သူတို့သည် ယုံကြည်စိတ်ချသွားကြပုံသို့မဟုတ် စတင်၍ ယုံကြည်စိတ်ချသွားကြပုံ ရပြီဟု ထင်မြင်ရပေသည်။

"သံသယရှိစရာ မလိုတာကတော့"

ကေက တိုးတိုးသက်သာပင် ပြောလိုက်သည်။ အဘယ်ကြောင့်ဆိုသော် အသက်ပင် မရှူနိုင်ကြဟန် ငြိမ်သက်နားထောင်နေကြသောကြောင့် အားရရွှင်လန်းသွား၍ ဖြစ်သည်။ အပ်ကျသံကြားလောက်အောင် တိတ်ဆိတ်နေစဉ်တွင် ဆူညံအားပေးသံများထက်ပင် ပြင်းထန်သော မရေမရာနှင့် ခပ်အုပ်အုပ်လေးမျှ အသံကို ကြားနိုင်လောက်သည်။

"ဒီတရားရုံးတော်ရဲ့ ဆောင်ရွက်မှုတွေနောက်ကွယ်မှာ သံသယဖြစ်စရာ မလိုတာကတော့...အဲဒါကလည်း ပြောရမယ်ဆိုရင် ကျွန်တော့်ရဲ့အမှုမှာ ကျွန်တော့်ကို ဖမ်းခဲ့တာရယ်၊ ဒီနေ့ တရားခွင်မှာ စစ်ဆေးမေးမြန်းခဲ့တာတွေရဲ့ နောက်ကွယ်မှာ အင်အားကြီးတဲ့ အဖွဲ့အစည်းတစ်ခု လှုပ်ရှားနေတယ်ဆိုတဲ့ အချက်ပါပဲ။ အဲဒီအဖွဲ့အစည်းဟာ အကျင့်ပျက်တဲ့ ဝါဒါတွေ၊ ညံ့ဖျင်းတဲ့ အင်စပက်တာတွေတင် ခန့်ထားတာ မဟုတ်ပါဘူး။ သူတို့ရဲ့ လုပ်ပိုင်ခွင့် အတိုင်းအတာကို သိတဲ့ တရားသူကြီးတွေကိုလည်း ခန့်ထားသေးတယ်။ ပြီးတော့ တရားစီရင်ရေးဆိုင်ရာ မြင့်မားတဲ့ အဖွဲ့အစည်းတစ်ခုလည်း ဖွဲ့ထားတယ်။ ရာထူးရာခံ ကြီးကြီးမားမားတွေ ပေးထားတယ်ပေါ့။ တရားရေး အမှုထမ်းတွေ၊ စာရေးစာချီတွေ၊ ပုလိပ်တွေရဲ့ တခြား ခိုင်းစေစရာအကူတွေရောပေါ့။ ကြိုးပေးမယ့် အာဏာပါးကွက်သားတွေတောင် ပါလားပါရဲ့။ ကျွန်တော်ပြောရမှာ နောက်မတွန့်ပါဘူး။ လူကြီးမင်းများခင်ဗျား... သည်အဖွဲ့အစည်းရဲ့ ထူးခြားချက်ကတော့ အပြစ်မဲ့တဲ့သူတွေကို ပြစ်မှုကျူးလွန်သူလို့ စွပ်စွဲမယ်၊ အဓိပ္ပာယ်မရှိတဲ့ တရားစီရင်မှုတွေလုပ်တယ်၊ များသောအားဖြင့် အကျိုးသက်ရောက်မှုလည်း မရှိပါဘူး။ အခုပြောတဲ့ စကားဟာ အမှန်ပါပဲ။ ကျွန်တော့်အမှုကိုပဲ ကြည့်လေ၊ အဖွဲ့အစည်းကြီးတစ်ခုလုံးရဲ့ အဓိပ္ပာယ်မဲ့မှုကို ခြုံပြီး သုံးသပ်ကြည့်မယ်ဆိုရင်တော့ လက်အောက်

mgyoe.com

mgyoe.com

ငယ်သားတွေရဲ့ ရှုပ်ပွေလှတဲ့ အကျင့်ပျက်မှုတွေကို ကာကွယ်တားဆီးနိုင်ဖို့ ရာထူးရာခံကြီးမားတဲ့သူတွေအနေနဲ့ ဘယ်လိုမှ လုပ်ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ သည်တရားရုံးရဲ့ ရာထူးအကြီးဆုံးဖြစ်တဲ့ တရားသူကြီးမင်းတောင်မှ သူ့ရုံးတော်မှာ လာဘ်စားမှုရှိတယ်ဆိုတာ ဝန်ခံရပါလိမ့်မယ်။ ဝါဒါတွေဟာ သူတို့ ဖမ်းဆီးရမယ့် လူတွေရဲ့ အဝတ်အစားတွေကိုယူဖို့ ကြိုးစားတယ်။ အင်စပက်တာမင်းကလည်း မဆိုင်တဲ့ အိမ်တွေထဲကို ကျူးကျော်ဝင်ရောက်တယ်။ သေသေချာချာ လေ့လာစူးစမ်းစစ်ဆေးမှု မရှိဘဲ အပြစ်မဲ့လူတွေကို လူရှေ့သူရှေ့မှာခေါ်ပြီး စစ်လား ဆေးလားလုပ်၊ အရှက်တကွဲဖြစ်စေတယ်။ ဝါဒါတွေက အချုပ်ခံရတဲ့သူတွေရဲ့ ပစ္စည်းတွေကို တစ်နေရာမှာ သိမ်းဆည်းပေးထားမယ်လို့ ပြောတယ်။ အချုပ်ခံရတဲ့သူတွေရဲ့ နဖူးကချွေး ခြေမ ကျအောင် တပင်တပန်း ရှာထားခဲ့တဲ့ ပစ္စည်းတွေ ဘယ်လိုများ ပျက်စီးသွားအောင် ပစ်ထားသလဲဆိုတာ ကျွန်တော် ကြည့်ချင်၊ မြင်ချင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း သက်ဆိုင်ရာအာဏာပိုင်တွေ စိတ်ကြိုက်ယူပြီးလို့ ကျန်တဲ့ အကြွင်းအကျန်လေးတွေ တွေ့ရ၊ မြင်ရအောင် ကြည့်ချင်ပါတယ်"

ထိုအခိုက် ကေ စကားပြောခြင်း ရပ်သွားလောက်အောင် အခန်းထောင့်တစ်နေရာမှ စူးစူးဝါးဝါး အော်လိုက်သံတစ်သံ ထွက်ပေါ်လာခဲ့သည်။ အခန်းထဲတွင် အနံ့အသက်ကလည်း ဆိုးဝါး၊ မှောင်၍ အခိုးများက မြူထသကဲ့သို့ မှုန်ဝါးနေစေသဖြင့် ကေက မျက်စိကို လက်နှင့် မိုးအုပ်ကာပြီး ဘာများဖြစ်နေလဲဟု စူးစူးစိုက်စိုက် ဖွေရှာကြည့်လိုက်သည်။ အခန်းထဲ ဝင်ရောက်လာကတည်းက ကေ့အား အနှောင့်အယှက်ဖြစ်စေခဲ့သည့် အဝတ်ဖွပ်သည့် အမျိုးသမီး ဖြစ်နေကြောင်း တွေ့ရသည်။ ယခုအခါတွင် ထိုအမျိုးသမီးသည် အပြစ်ရှိလေလား၊ မရှိလေလား ဆိုသည်ကို မည်သူမှ မဝေခွဲတတ်အောင် ဖြစ်နေသည်။ ကေ မြင်နေရသည်မှာ လူတစ်ယောက်က ထိုအမျိုးသမီးကို အခန်းထောင့်တစ်နေရာသို့ ဆွဲ၍ ခေါ်သွားပြီး လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ချုပ်ထားသည်။ စူးစူးဝါးဝါး အော်လိုက်သည်မှာ ထိုအမျိုးသမီးမဟုတ်၊ အမျိုးသားက အော်လိုက်ခြင်းဖြစ်သည်။ အမျိုးသားက ပါးစပ်ကြီး ဟပြီး မျက်နှာကြက်ကို မော့ကြည့်နေသည်။ သူတို့နှစ်ယောက် ပတ်လည်တွင် လူများ ဝိုင်းအုံလျက်ရှိနေသည်။ ကေ ပြောနေသည်ကို ယခုကဲ့သို့ ကပျက်ယပျက် ဖြစ်သွားစေသဖြင့် အပေါ်ထပ်ဆောင်မှ ကြည့်နေသူများ သဘောကျသွားကြသည်။ ကေ၏ စိတ်ထဲတွင် ပထမဆုံး ဖြစ်ပေါ်လာသည်မှာ အခန်းကိုဖြတ်၍ ထွက်ပြေးချင်စိတ်ပင်ဖြစ်သည်။ ကေ ထင်နေသည်

mgyoe.com

mgyoe.com
SAMPLE BOOK


မှာ အခန်းထဲရှိသူများသည် ကေ ဆက်လက်ပြောဆိုသည်ကို နားထောင်လို၍ နှောင့်ယှက်သူ စုံတွဲကိုလည်း အခန်းထဲမှ ထုတ်ပစ်ကြမည်ဟု သွေးရိုးသားရိုး ယုံကြည်နေသည်။ သို့သော် ပထမအတန်းမှ နားထောင်နေသည့် ပရိသတ်က မလှုပ်မယှက်... တစ်ယောက်မှတုပ်တုပ်မျှမလှုပ်သော်လည်း ကေသွားမည့်ရှေ့မှ ကာဆီးထားကြသည်။ တစ်ဖက်မှ တွေးကြည့်မည်ဆိုလျှင် သူတို့သည် တမင်လမ်းပိတ်ထားခြင်းဖြစ် သည်။ ဘယ်သူရယ်လို့ လှည့်ကြည့်ချိန်မရ။ နောက်မှ တစ်ယောက်ယောက်က ကေ၏ အင်္ကျီကော်လာအား လှမ်းဆွဲလိုက်သည်။ လမ်းပိတ်နေစေရန်လည်း အဘိုးအိုများက လက်များကို ဆန့်တန်းထားကြသည်။ ယခုအချိန်တွင် ကေသည် အနှောင့်အယှက်ပေးခဲ့သော စုံတွဲကို စဉ်းစားနေချိန်မရတော့။ သူ၏ လွတ်လပ်မှုကို ခြိမ်းခြောက်လာကြပြီဟု ယူဆမိသည်။ သူ့အား အရေးတကြီး အမိအရ ဖမ်းဆီးကြတော့မည်ကဲ့သို့ ရှိနေသည်။ ပလက်ဖောင်းစင်မြင့်ပေါ်မှ သူ ခုန်ဆင်းလိုက်သည်။ ယခုအခါ သူသည် ပရိသတ်ကြီးနှင့် ရင်ဆိုင်တွေ့နေလေပြီ။ ဤလူများနှင့် ပတ်သက်၍ သူ့အတွက် မှားခဲ့ပြီလား၊ သူ့ဟောပြောချက်၏ အကျိုးသက်ရောက်မှုကို သူပိုများ တွက်ခဲ့မိသလား။ သူ ဟောပြောနေစဉ်တွင် ထိုသူများသည် သူတို့၏ စိတ်ရင်းအမှန်ကို ဖုံးကွယ်ထားခဲ့ကြခြင်းလား။ သူ၏ ဟောပြောချက် ဆုံးခန်းတိုင်သောအခါ သူတို့သည် ဟန်ဆောင်နေရသည်ကို ပင်ပန်း၍ မျက်နှာဖုံးခွာချလိုက်ခြင်းလေလား။ ဘယ်လိုမျက်နှာမျိုးတွေ သူ့အား ဝန်းရံနေပါလိမ့်။ သူတို့၏ မျက်နက်များသည် ဟိုထောင့်ကပ်လိုက် သည်ထောင့်ကပ်လိုက် ရှိနေကြသည်။ သူတို့၏ မာတောင့်တောင့် မုတ်ဆိတ်မွေးများကလည်း တလှုပ်လှုပ်၊ ထိုမုတ်ဆိတ်များကို သိမ်းကျုံးဆွဲလိုက်မည်ဆိုပါက ချွန်ထက်သောလက်သည်းကြီးများကို စုကိုင်ထားမိသကဲ့သို့ ဖြစ်သွားပေမည်။ သို့သော် သူတို့၏ မုတ်ဆိတ်မွေးများအောက် ကုတ်အင်္ကျီကော်လာများပေါ်တွင် အရွယ်အစား အမျိုးမျိုးနှင့် ရောင်စုံပြိုးပြက်နေသော ရင်ထိုးတံဆိပ်များ တွယ်ထားကြောင်း ကေ မြင်တွေ့သွားခဲ့သည်။ သူ၏ မျက်စိတစ်ဆုံး မြင်တွေ့နိုင်သော လူအားလုံးပင် ရင်ထိုးများထိုးထားကြောင်း တွေ့လိုက်ရသည်။ လက်ဝဲနှင့် လက်ယာဘက်အုပ်စုနှစ်စု ကွဲနေသည်ဟု ထင်ရှားစွာ တွေ့ခဲ့ရသော်လည်း သူတို့အားလုံးမှာ တစ်ဖွဲ့တည်း ဖြစ်နေပါလိမ့်မည်။ ကေ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သောအခါ တရားသူကြီး၏ အင်္ကျီကော်လာပေါ်တွင်လည်း တူညီသော ရင်ထိုးတံဆိပ်များ ရှိနေသည်ကို တွေ့လိုက်ရသည်။ တရားသူကြီးသည် ဒူးနှစ်ဖက်ပေါ် လက်ချထိုင်ရင်း ဖြစ်ပျက်နေသည်များကို ခပ်မဆိတ်

mgyoe.com

mgyoe.com
ပင် ကြည့်နေသည်။

"ဒီလိုကိုး"

ကေက လက်နှစ်ဖက်ကို ဆန့်လိုက်ပြီး သူ့စိတ်ထဲ၌ ရုတ်တရက် ဝင်ရောက်လာသည့် အသိတရားကို ထုတ်ဖော်ပြောလိုက်သည်။

"ခင်ဗျားတို့အားလုံးက အမှုထမ်းတွေကိုး၊ ခုတော့ ကျွန်တော် သိပါပြီ။ ကျွန်တော် စောစောက ပြောခဲ့တဲ့ အကျင့်ပျက်ဝန်ထမ်းတွေဆိုတာ ခင်ဗျားတို့ကိုယ်တိုင် ဖြစ်နေကြတာကိုး။ ကျွန်တော် ပြောတာ နားထောင်ဖို့ ခင်ဗျားတို့ အပြေးရောက်လာတယ်။ ပြီးတော့ ကျွန်တော်နဲ့ ပတ်သက်သမျှကို ရနိုင်သလောက် အနံ့ခံ စနည်းနာကြတယ်။ အုပ်စုကွဲနေဟန်ဆောင်ဖို့အတွက်လည်း တစ်ဖက်စီမှာစုပြီး နေရာယူခဲ့ကြတယ်။ ကျွန်တော့်ရင်ထဲမှာ ရှိသမျှ သိရအောင်လို့ လူတစ်ဝက်က လက်ခုပ်လက်ဝါးတီးပေးပြီး ဆက်ပြောအောင် အားပေးတယ်။ ခင်ဗျားတို့ဟာ အပြစ်ကင်းတဲ့လူတစ်ယောက်ကို အရှုံးလုပ်တတ်ဖို့ အလေ့အကျင့်၊ အတွေ့အကြုံ ရချင်ကြတယ်နဲ့တူတယ်။ ခင်ဗျားတို့အတွက် အတော် အကျိုးရှိသွားခဲ့မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ခင်ဗျားတို့ ဒီကို ရောက်လာတာဟာ အပြစ်မဲ့တဲ့သူတစ်ဦးကို ခင်ဗျားတို့ အကာအကွယ်ပေးနိုင်မယ်လို့ ထင်နေတဲ့ ကျွန်တော့်ရဲ့ ကိုးစားမှုအပေါ်မှာ စိတ်ကျေနပ်မှုရမလားဆိုပြီး လာတာ ဖြစ်ရင်ဖြစ်...မဟုတ်ဘူးဆိုရင်လည်း တခြားဝေးဝေး နေကြဗျာ...မဆုတ်ရင်တော့ ကျွန်တော် ရိုက်မိလိမ့်မယ်"

ကေက သူ့အနီးသို့ ဝင်လာသော အဘိုးအိုအား အော်ငေါက်ပစ်လိုက်သည်။

"မဟုတ်ရင်လည်း ခင်ဗျားတို့ သိစရာတွေ တစ်ခု နှစ်ခုတော့ ရကြမှာပါ။ ခင်ဗျားတို့ရဲ့ အလုပ်အပေါ်မှာ စိတ်ပျော်ရွှင်မှု ရကြပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါမယ်"

ကေက စားပွဲစွန်းပေါ်တွင် တင်ထားသော သူ့ဦးထုပ်ကို ကမန်းကတန်း ဆွဲယူလိုက်သည်။ အားလုံး အံ့အားသင့်ပြီး တုပ်တုပ်မျှမလှုပ် ဆိတ်ငြိမ်နေသည့် အခန်းကို ဖြတ်၍ တံခါးပေါက်သို့ ဦးတည်ထွက်ချလာခဲ့သည်။ သို့သော် တရားသူကြီးက သူ့ထက် ပို၍လျင်မြန်သည်။ ကေ့အား တံခါးဝမှ စောင့်နေနှင့်ခဲ့ပြီဖြစ်သည်။

"ခဏလောက်"

သူက တားလိုက်သည်။ ကေက ရပ်လိုက်သည်။ သို့သော် ကေ၏ မျက်လုံးများက တရားသူကြီးကို မကြည့်ဘဲ တံခါးကိုသာ ကြည့်နေပြီး၊ လက်ကလည်း တံခါး

mgyoe.com